
## အောင်ဝေး

# ကဗျာအလုပ်ရုံကလေး



## ဒို့တာဝန်အရေး သုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံသစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

# အောင်ဝေး

## ကဗျာအလုပ်ရုံကလေး

စာမူခွင့်ပြုချက်အမှတ်
၁၀၀/ ၂၀၀၃ (၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၂၄၄/ ၂၀၀၃ (၂)

မျက်နှာဖုံးဒီဇိုင်း – အံ့ဖွယ် **(Star)**
ကွန်ပျူတာစာစီ – **Dream City**

ထုတ်ဝေသူ – ဦးတင်ရွှန်
စန်းရောင်ရှိန်စာပေ
၄/၁၇၇ မဇလမ်း ဝေဘာဂီမြို့သစ်
ရန်ကုန်မြို့

မျက်နှာဖုံးပုံနှိပ် – သိန်းမြင့်ဝင်း အော့ဖ်ဆက် (၀၁၄၂၇)
စေတနာအော့ဖ်ဆက် (၅၅၇၃)
အမှတ် ၅၉ ၁၉ လမ်း ရန်ကုန်မြို့

ပုံနှိပ်ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၀၃ ခုနှစ် မတ်လ
အုပ်ရေ
၁၀၀၀

**[တန်ဖိုး–၆၀၀ ကျပ်]**

# ဝန်ခံချက်

ယခုစာအုပ်သည် ချယ်ရီမဂ္ဂဇင်းတွင် "ကဗျာပေတံသူများ" ကဏ္ဍခေါင်းအမည်ဖြင့် ၁၉၉၉ ခုနှစ် မတ်လထုတ်မှ စတင်ကာ ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလထုတ်အထိ လပေါင်း ၂၄ လတိုင်တိုင် ဆက်တိုက်ရေးသားခဲ့သော "ကဗျာ အလုပ်ရုံကလေး" ဆောင်းပါးမှ ၁၉၉၉ အတွက် စုစည်းထားချက် ဖြစ်ပါသည်။

"အနုပညာ ဝေဖန်စာများ ရေးသောအခါ ဘာသာရပ်လိုက်၍ နာမည်တစ်မျိုးစီ ပေးထားရသည်။ စာပေဝေဖန်စာများ ရေးသောအခါ အခြားနာမည်ရက်နှင့် ရေးလျှင် ပို၍ လွတ်လပ်သောကြောင့်ဖြစ်သည်။ သို့သော် ဆောင်းပါးခေါင်းစဉ်များ ထုတ်လိုက်သောအခါ ရေးခဲ့သည် အရည်ပျော်ကျသွားရတော့သည်"

**ဒဂုန်တာရာ**

**[သစ်စင်သင်းပြန်တော့ (၁၉၇၄) စာရေးသူ၏ မှတ်ချက်မှ]**

ဖော်ပြပေးခဲ့သော ချယ်ရီမဂ္ဂဇင်းနှင့် ဆရာမသဉ္ဇာမြ၊ ပါဝင် ဆွေးနွေးခဲ့ကြတဲ့ သျှီသူအောင်၊ ပိုင်ရှို၊ မျိုးမင်းညိမ်း၊ ဇေသင်မျိုးနဲ့ ရုံဖန် ရုံခါပါဝင်သူ တိုးနောင်မိုး၊ ဝေဖန်စာများ ရေးခဲ့ကြတဲ့ ဆရာကောက်ရှယ် ကအောင်၊ ဆရာမြို့ထိန်နှင့် ဆရာတာရာသိုလ်မောင်ပြည်သူတို့ကို ကျေးဇူးတင် ပါသည်။ ။

**အောင်ဝေး**

**၂၀၀၂ ခုနှစ် မတ်လ**
**ရန်ကုန်မြို့။**

1999

# 1

ကျွန်တော်တို့ ဒီလို ကဗျာအလုပ်ရုံဆွေးနွေးပွဲ **Poetry Workshop** သဘောမျိုး ကလေးလုပ်ဖြစ်ဖို့ ပထမဆုံးစိတ်ကူးရမိကြတာက ပြီးခဲ့တဲ့နှစ် (၁၉၉၈) ဒီဇင်ဘာလ ထဲကပါ။

ဒီလိုနဲ့ ကျွန်တော်တို့ အဆင်ပြေပြေ လက်ဖက်ရည်ဆိုင်ကလေးတစ်ဆိုင်ကို ရွေးချယ်လိုက်ကြပါတယ်။ အဲဒီဆိုင်ကလေးမှာ ကျွန်တော်တို့ တနင်္ဂနွေ နံနက်တိုင်း ဆုံကြမယ်၊ ၁၉၉၉ ခုနှစ် ဇန်နဝါရီလထုတ်ကစလို့ မဂ္ဂဇင်းအသီးသီးမှာ ပါရှိတဲ့ ကဗျာတွေအကြောင်း ပြောကြ၊ ဆွေးနွေးကြမယ်၊ အဲဒီလို ကျွန်တော်တို့ ရည်ရွယ်ပြီး ကျွန်တော်တို့ရွေးချယ်ထားတဲ့ လက်ဖက်ရည်ဆိုင်ကလေးမှာ စတင်ဆုံစည်းဖြစ်ကြတဲ့နေ့ ကတော့ (၁၉၉၈) ဒီဇင်ဘာ ၂၀ ပါပဲ။

တိုက်တိုက်ဆိုင်ဆိုင်ပဲကျွန်တော်တို့အားလုံးဟာ ဆရာမောင်ဝေအေးအောင်ရဲ့ "ဒီဇင်ဘာ ၂၀ ရက်၏ တမ်းတခြင်းသို့မဟုတ် ရဲဘော်ရဲ့ကဗျာ" ကဗျာကိုလည်း အဲဒီနေ့မှာ အမှတ်ရကြ၊ ပြောမိကြပါတယ်။ ကျွန်တော်တို့အထဲက လူငယ်တစ်ယောက် ကတော့ ကျွန်တော်တို့ရဲ့ တနင်္ဂနွေနေ့ ဆုံစည်းမှု **Sunday Gathering** ကလေးဆိုပါ တော့၊ အဲဒါကိုပဲ ကဗျာဆန်ဆန် "ဒီဇင်ဘာ ၂၀ ကဗျာ ကအေးတေးရိုးယား" ရယ်လို့ အမည်ပေးခဲ့ပါသေးရဲ့။

ကျွန်တော်တို့ အဲဒီလက်ဖက်ရည်ဆိုင်ကလေးမှာတနင်္ဂနွေ နံနက်တိုင်း ဆုံစည်း ဖြစ်ကြပါတယ်။ အရင်ဦးဆုံး အစနေနဲ့ (၁၉၉၉) ဇန်နဝါရီလထုတ် မဂ္ဂဇင်းတွေထဲက ကဗျာတွေအကြောင်း ပြောဖြစ်ခဲ့ကြပါတယ်။

အဲဒီ တနင်္ဂနွေတိုင်းမှာတော့ ကျွန်တော်တို့ပြောခဲ့ကြတဲ့ အခြေခံတွေကတော့ ကဗျာသဘောတရား၊ ကဗျာအတတ်ပညာ၊ ကဗျာခံစားမှုအကြောင်းတွေပဲ ဖြစ်ပါတယ်။

ဒီနေ့ လူငယ်တွေဟာ ဒီနေ့ မဂ္ဂဇင်းကဗျာတွေကို တရှိုက်မက်မက် ဖတ်နေ ကြတာပါ။ လူငယ်တွေဟာ ကဗျာကို ဖတ်ရုံတင် ဖတ်ကြတာ မဟုတ်ပါဘူး။ ကဗျာရဲ့ သဘောတရားတွေကို ခွဲခြမ်းစိတ်ဖြာကြည့်ကြပါတယ်။ ကဗျာရဲ့ အတတ်ပညာ

တွေကို လေ့လာဆန်းစစ်ကြည့်ကြပါတယ်။ ကဗျာတွေကို ကောင်းမွေလိုလားမှု ခံစားကြပါတယ်။

အဲဒီလို ဒီနေ့မဂ္ဂဇင်းကဗျာတွေကို ခံစားနိုင်ဖို့ (ခံစားမှုနဲ့ နားလည်ဖို့) "ကဗျာဖတ်သူသည် ကဗျာရေးသူတစ်ပိုင်းဖြစ်နေရမည်" ဆိုတဲ့ အယူအဆကိုလည်း ကျွန်တော်တို့ လက်ခံထားပါတယ်။ ဖတ်သူဘက်က လေးနက်အားစိုက်ပေးရမယ် ဆိုတဲ့အချက်ပါ။

ကျွန်တော်တို့ရဲ့ "ဒီဇင်ဘာလ ၂၀ ကဗျာကာလအဆောင်ရွေးသား" ကလေးမှာ ပြောဖြစ်ဆွေးနွေးဖြစ်သမျှကို ချယ်ရီမဂ္ဂဇင်း စာမျက်နှာပေါ်ကတစ်ဆင့် လစဉ်တင်ဆက်သွားမယ်လို့ ရည်ရွယ်ထားပါတယ်။

ထင်နိုင်ပေလိုး အတိုင်းအတာအနေနဲ့ အခြားကဗျာဖတ်သူများလည်း ရှိပါသေးတယ်။ ကျွန်တော်တို့ ဉာဏ်မီသမျှ ကြိုးပမ်းကြည့်တာလို့ပဲ ဆိုပါရစေ။ ဒါ နိဒါန်းစကားပါ။

တကယ်တမ်း ကျွန်တော်တို့ မဂ္ဂဇင်းကဗျာ (၁၉၉၃) အကြောင်း လစဉ်ပြောမယ် ဆိုတော့ အရင်ဆုံး သွားသတိရမိတာက ဆရာမင်းလူညွန့်ကြူးရဲ့ ကဗျာတစ်ပုဒ်ကိုပါ။ ကျွန်တော်တို့ ကဗျာလေ့လာရေးမှာ ဆောင်ရန် ရှောင်ရန်တွေကို အရင်ဆွေးနွေးဖြစ်ကြ ရာက ဆရာမင်းလူညွန့်ကြူးရဲ့ "အစဉ်အလာနှင့် ခေတ်ကဗျာ" ဆိုတဲ့ ကဗျာကို သတိရလိုက်တာပါပဲ။

လွန်ခဲ့တဲ့အနှစ်တိုးဆယ်မှာ ဆရာမင်းလူညွန့်ကြူးက ဒီလိုရေးခဲ့ (သတိပေးခဲ့) တာပါ။

ဆော့ဝေက
ဂျူးမဖိခင်၊ သားမွှားမြင်သော်
ဘွဲ့ရင်သက်ဆို့ ရှိမည်နည်း။
စာသင်ခန်းတွင်
"အစဉ်လာ" သည်
ကဗျာဆရာ၊ ရင်ကမွေးမွှား
ကဗျာသားကို၊ ဂုဏ်ဓားတစ်လက်
ရာဇာဓားတစ်လက်၊ အလက်ဓားတစ်လက်
ဆေးသုံးလက်နှင့်၊ နက်နက်ထိုးစိုက်
ခွဲလိုက်ချုပ်လိုက်၊ မြင်ရလိုက်သည်
ရင်၌လှိုက်လှိုက်တုန်ခဲ့ရ။
အရပ်ကောင်း၍
ကျောင်းစာအုပ်တွင်၊ အကောင်းစင်သည်

အပြင်အဆင်နှင့်တကွ။
"အော့စဝစ်"က
ဂျူးမရင်သွေး၊ သူကလေးထက်
ငါ့သွေးငါ့သား၊ တော်မသထားဟု
စိတ်များဖြေရလေသော။ ။

ဒီကဗျာဟာ ၁၉၆၉ ခုနှစ် စက်တင်ဘာလထုတ် ရှုမဝမဂ္ဂဇင်းမှာ ပါပါတယ်။ အခု အနှစ်သုံးဆယ် (၁၉၆၉–၁၉၉၉) အကြာမှာတော့ ကဗျာလေ့လာရေးဟာ ဆရာ မင်းလူညွန့်ကြူး ကဗျာထဲကလို မဟုတ်တော့ဘူးဆိုတာကိုတော့ ကျွန်တော်တို့ သဘောပေါက်ကြပြီးသားပါ။

ဒါဖြင့် ဒီနေ့ (၁၉၉၉) အချိန်မှာကော ကဗျာလေ့လာမှုရဲ့ အခြေခံမူများဟာ ဘယ်လို ရှိကြပါသလဲ။ မေသာ့ပျော့အနေနဲ့ကတော့ ကျွန်တော်တို့ နားလည်သလောက် ဒီနေ့ကဗျာ (မဂ္ဂဇင်းကဗျာ)ကို လေ့လာမယ်ဆိုရင် ကဗျာသဘောတရား၊ ကဗျာအတတ်ပညာ၊ ကဗျာခံစားမှု၊ ဒီသုံးခုကိုပဲ အခြေခိုက်ရမယ်လို့ ယူဆပါတယ်။ ဒီသုံးခုရဲ့ နယ်ပယ်ထဲမှာပဲ ကျွန်တော်တို့ ပြောဆိုဆွေးနွေးသွားကြမယ်လို့ ဆုံးဖြတ်ထားပါတယ်။

ဒီနေ့ ကဗျာလေ့လာရေးဟာ အသစ်လေ့လာရေးဖြစ်ရပါမယ်။ ဒီနေ့ ကဗျာ သစ်ကို လေ့လာရေးသစ်နဲ့ပဲ ချဉ်းကပ်ရမယ်လို့ ကျွန်တော်တို့ ယုံကြည်ထားပါတယ်။

ဒီလိုလေ့လာတဲ့အခါမှာ အဓိကအားဖြင့် လစဉ်ထုတ် မဂ္ဂဇင်းတွေထဲက ခေတ်ပေါ်ကဗျာတွေကိုပဲ ဖြစ်ပါတယ်။ အခုကဗျာဟာ ဝေဖန်ရေးမဟုတ်ပါ၊ ဖော်ညွှန်းမဟုတ်အောင်လည်း ကျွန်တော်တို့ ကြိုးပမ်းထားပါတယ်။

အရင်ဆုံး ကျွန်တော်တို့ ပြောကြည့်ချင်တဲ့ ကဗျာတစ်ပုဒ်ကတော့ မြားနတ်မောင် (ဇန်နဝါရီ ၁၉၉၉)ထဲက "ချစ်လွမ်းမျက်ရည်" ကဗျာကိုပဲ ဖြစ်ပါတယ်။ "မြန်မာ့ရှန့်က ဗျာ"လို့ မဂ္ဂဇင်းက ဖော်ညွှန်းထားပါတယ်။

"အချစ်လာသည်၊ ငိုင်ငိုင်လော ငိုင်ငိုင်
မျက်ရည်ပါသည်၊ အိုင်အိုင်လော အိုင်အိုင်"

ဒါလောက်ဆိုရင်ပဲ ဒါဟာ ကချင်းပုံသဏ္ဌာန်အချို့ပဲဆိုတာ သိသာနိုင်ပါပြီ။ ကချင်းလို့ဆိုရင် မြင်နိုင်းငါးဆီးရှစ်ကျော်ရှစ်ကို ဖြေးမြင်မိကြပါတယ်၊ ကချင်းနဲ့ဝဝေလာ မှုလက ရှိတင်းသံပါပဲ။ မယာဒီရ ကဗျာဆိုပါတော့။

မြန်မာစာအဖွဲ့က ထုတ်ဝေတဲ့ မြန်မာ–အင်္ဂလိပ်အဘိဓာန်ထဲမှာ ကချင်းကို **martial song for shield dance**လို့ ဖွင့်ပြထားတာပါ။ စစ်သီချင်းဆိုပါတော့။ အခု ကဗျာဆရာက အဲဒီစစ်သီချင်းအသွားနဲ့ အချစ်အကြောင်းဖွဲ့လိုက်တာပါ။

"အချစ်ပင်အား နင်းချေသွား
စိမ်းကားရက်စက်တယ်၊ ရက်စက်တယ်

မျက်ရည်လည်ရွှဲ၊ လွမ်းသည့်ပွဲ
ဆင်းရဲကြီးလေတယ်၊ ကြီးလေတယ်”
သိပ်ပြီးမထိုက်တန်ဘူး ထင်ပါတယ်။ ဟိုက (ငါစီးရှင်ကျော်စွာက)
“တချက်လာသည်၊ ယိုင်ယိုင်လော ယိုင်ယိုင်
မြားမိုးရွာသည်၊ ဖြိုင်ဖြိုင်လော ဖြိုင်ဖြိုင်”

ဆိုတာက စစ်သွေးစစ်မာန် တက်ကြွစရာ၊ ကာက **(Shield dance)** တေးရေးပြတာ။

အစုပါက အသည်းကွဲတာ၊ လွမ်းတာ၊ ဘယ်လိုမှ မပေါ်ဟပ်ပါ။ ကချင်း (ဂန္ဓဝင်) ပုံသဏ္ဌာန်သေလထဲမှာ စစ်ကိုပဲ ဖွဲ့လို့ရမယ်။ အချစ်ကိုဖွဲ့တဲ့အခါကျတော့ ကျွန်တော်တို့ခံစား၍မရပါ ။ ဆိုလိုသည်မှာ ယခုခေတ်ကဗျာတွင် ယခုခေတ်ပုံသဏ္ဌာန် သစ်များကိုသာ တီထွင်ဆန်းသစ်အောင် လုပ်ရမည်။ ဂန္ဓဝင်ပုံသဏ္ဌာန်များကို အသေဖက်တွယ်နေ၍ မရတော့။

ပုံသဏ္ဌာန်လို့ ဆိုလိုက်၍ ဇန်နဝါရီ (၁၉၉၉) မဂ္ဂဇင်း ကဗျာများကိုဖတ်ပြီး နှိုင်းယှဉ်သတိပြုမိတာ တစ်ချက်ရှိပါတယ်။ အဲဒါက ဘာလဲဆိုတော့ ဒီနေ့မှာလည်း ခေတ်ပေါ်ကဗျာတွေ အားကောင်း ထွန်းကားလာနေတယ်ဆိုပေမဲ့ အရင်ကတွင်ကျယ်ခဲ့ဖူးတဲ့ လွတ်လပ်ကာရန်တို့၊ လေးလုံးစပ်တို့ ဆိုတာတွေကိုလည်း တွေ့နေရသေးတယ် ဆိုတာပါပဲ။ ကြည့်ပါ။

ပြင်သစ်ကျေးလက်
နှင်းငွေ့သက်၍
အေးစက်ချမ်းစိမ့်နေလေ၏ ။

******************

ခြေဖွေပေါက်၍၊ ရောက်ခဲ့ရပေ
“ဘော်ဒိုး”ဒေသ
မကျွမ်းရခင်၊ ခရီးနှင်၍
ငါလျှင်ပြန်ရချေဦးမည်။

ဒါ လေးလုံးစပ်ကဗျာပါ။ မောင်ဥဒိုသာ (စစ်တွေ) “ဘော်ဒိုးခရီးသည်” (ချယ်ရီ) မှ။

ငွေလရောင်အောက်က
ငါအလွန်ချစ်တဲ့၊ ကဗျာဖွဲ့ရာ
နံ့ဝါဝါ တိုးမြစ်ကြီးလည်း
တဒီးဒီးစီးဆင်း
တို့မျိုးဆက်ရဲ့သီချင်း

ကြယ်စင်တွေဆီ အရှိန်ပြင်း
အတိုမြင် ကကြိုးစင်း
သူသီဆိုကျောဉိုး စီးဆင်းဆဲ
နှံ့ရောင်ပြင်ဆိုင်းအဝါရဲ့ညာ။

အဲဒါက လွတ်လပ်ကာရန်။ ဒေါ်း (ကွမ်းခြံကုန်း) "ပန်းနုမြို့ ရွှေဦးသေါက်" (စတိုင်သစ်) မှ။

ယော ဒီတစ်ပုဒ်ဖတ်ကြည့်ပါဦး။

**လမင်းကြေးမုံ**

ငါ့စိတ်က အေးညှတ်ဆိတ်ကိုင်း မျှားလိုက်တော့
ဝေလန်မဆန်းကြယ်တဲ့ အဆန်းတကြယ်မှန်သမျှ
ဒုက္ခတမျှပ်မျှပ် သာယာစွာလှနေမြဲစဲထဲ
လေအဖျော့ကလေးဖျော့မှု ဖြတ်လျှောက်စဉ်မှာ
သင်ဖြူးပေါ် အကွက်ဆန်းထိုးကုန်ကြရဲ့။ ။

**စည်သူမြင့်မိုး**
**[မယောသီ]**

အဲဒါ ခေတ်ပေါ်ကဗျာဟန်ပဲပေါ့။

ဒီတော့ ဒီနေ့ခေတ်မှာ ကျွန်တော်တို့ဟာ ကဗျာလေ့လာရေးလုပ်တဲ့အခါမယ် ကဗျာရဲ့ပုံသဏ္ဌာန်၊ ဟန်တွေကိုလည်း လေ့လာဆန်းစစ် ကြရပါတယ်။ ဒီနေ့ကဗျာ အများစုကတော့ ခေတ်ပေါ်ကဗျာ ဟန်တွေပါပဲ။

ခေတ်ပေါ်ကဗျာဟန်ဆိုလို့ဒီလ (ဇန်နဝါရီ) ဖတ်ခဲ့သမျှ ကဗျာတွေထဲကနေ ထုတ်ပြရရင်–

ထစ်ခုက စကားလုံးထပ်ကျေးဟန်ဆိုပါတော့။

ဒီလ (ဇန်နဝါရီ) မောင်ချောနွယ် ကဗျာနှစ်ပုဒ်ဖတ်မိပါတယ်။ "ကားမရှိတဲ့ ညာ" (ရုပ်ရှင်တေးကဗျာ)နဲ့ "ဆဌမနံရိုး" (မြားနတ်မောင်)တို့ပါ။ "ကားမရှိတဲ့ညာ"မှာ စာကြောင်းရေ (၆၃)ကြောင်းပါပါတယ်။

(ကဗျာစာသားရှေ့မှ ဂဏန်းသည် ကြောင်းရေနံပါတ် ဖြစ်ပါသည်)

၃ ဒီညာမှာ ငါ့မှာကားမရှိဘူး
၈ ဒီညာမှာ
၉ ကားမရှိဘူး
၁၃ ကားမရှိတဲ့ညာ
၃၇ ဒီညာမှာကားမရှိဘူး
၃၈ ကားမရှိတဲ့ညာ

၄၄ ကာလမရှိတဲ့ည

၆၀ ကာလမရှိတဲ့ညဟာ

"ဆဋ္ဌမနံရိုး" ကဗျာမှာ စာကြောင်းရေ (၃၅)ကြောင်းရှိပါတယ်။ အဲဒီမှာ စကားလုံးထပ်ကျော့က–

၄ ဆဋ္ဌမနံရိုးဖြစ်တယ်

၉ ဆဋ္ဌမနံရိုးဖြစ်တယ်

၁၄ ဆဋ္ဌမနံရိုးဖြစ်တယ်

၁၇ ကမ္ဘာပေါ်ကဖြစ်တွေဟာ ဆဋ္ဌမနံရိုးဖြစ်တယ်

၂၀ လောကစံတရားဟာ ဆဋ္ဌမနံရိုးဖြစ်တယ်

၂၅ အဲဒါ ဆဋ္ဌမနံရိုးဖြစ်တယ်

၃၀ အဲဒါ ဆဋ္ဌမနံရိုးဖြစ်တယ်

၃၅ ဆဋ္ဌမနံရိုးရဲ့ ဆဋ္ဌမနံရိုးဖြစ်တယ်

ဒီလိုပုံစံမျိုးကို ဇန်ဦးရဲ့ "ပြီးခဲ့တဲ့ လေးလက ဆိုခဲ့တဲ့သီချင်း" (ဆောင်းပြောင်း တွေလာ)မှာလည်း အခုလို တွေ့ရမယ်။ ကဗျာက စာကြောင်း (၂၆) ကြောင်းရှိပါတယ်။

၁ ပြီးခဲ့တဲ့လေးလလောက်က

၉ ပြီးခဲ့တဲ့လေးလလောက်က

၁၄ ပြီးခဲ့တဲ့လေးလလောက်က

၂၆ ပြီးခဲ့တဲ့ လေးလလောက်ကဆိုပါတော့

နောက်တစ်ခါ ဒီနေ့ကဗျာတွေမှာ တွေ့ရတဲ့ ရှင်းလင်းလွယ်ကူမှု။ ဒီနေ့ ကဗျာတွေဟာ ဂမ္ဘီရတွေ၊ စကားလုံးပဉ္စလက်တွေကို တဖြည်းဖြည်းရှောင်ကြဉ်လာနေကြပါပြီ။ ဥပမာ–ဒီလ (ဇန်နဝါရီ ၁၉၉၉) မဟေသီမဂ္ဂဇင်းထဲက ဆောင်လင်းမြရဲ့ "အသိုးအိမ်နှင့် ငှက်ကလေးများ" ကဗျာကို ဖတ်ကြည့်ပါ။

တစ်ဝက်တစ်ပျက်ပေါ်နေတဲ့
ကားပျက်တစ်စီးရဲ့ခေါင်မိုး
သံချေးတက်နေတာမသိ
ဘာဆိုတာကိုလည်းမသိ
ဘာတွေဖြစ်ခဲ့တယ်မသိ၊
နားနေကြတဲ့ ငှက်ကလေးတွေ
ဟိုပြေးသည်ခုန်အသံတွေနဲ့
မြူးနေပုံများ အားကျစရာ။
သည်နားရောက်လာတဲ့ အသိုးအို
မျက်ရည်တွေ ပါးမှာစို့ခဲ့လို့

ငိုနေတာလဲ ဖြစ်နိုင်ပါတယ်။
ဝက်ကလေးတွေ
သူ့အလိုလို
ထပျံသွားကြတယ်လေ။ ။

ကျွန်တော်တို့ ခံစားရတဲ့ ကဗျာတစ်ပုဒ်ပါ။ ခံစားမှုနောက်မှာ အတွေးတွေလည်း တသီတတန်းကြီး ပါသွားတယ်။ ကဗျာက ရိုးရိုးကလေးပဲ ရေးသွားတယ်။ ခံစားနားလည် နိုင်ဖို့ ရှင်းလင်းလွယ်ကူပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ သတိချပ်ရမှာတစ်ခုက အဲဒီလို ရှင်းလင်းလွယ်ကူမှုမှာလည်း ပြဿနာရှိနိုင်တာက၊ ရှင်းလို့လွယ်လို့ သက်သက်နဲ့ချည်း ခေတ်ပေါ်ကဗျာလို့ အလွယ်ဆိုတာ မဟုတ်ဘဲ၊ ကဗျာမြောက်တဲ့ အလှတရား **Sense of beauty** ပါလို့သာ ကဗျာက ကောင်းနေတာဖြစ်တယ် ဆိုတာပါပဲ။ ဆိုပါတော့ စတိုင်သစ်(ဇန်နဝါရီ ၁၉၉၉) ထဲက စံလင်းရဲ့ ကဗျာလိုမျိုး၊ ခေါင်းစဉ်က "လှည့်စားခြင်း"တဲ့။

သူငယ်ချင်းတစ်ယောက်က
ပြောတယ်
သူ့ဘဝ
မလှဘူးတဲ့။
အဲဒါနဲ့
နီးစပ်ရာ စတိုးဆိုင်က
အဝတ်လှလှတစ်စုံ
ဝယ်ပေးပြီး ရှုံ့နိုင်းလိုက်တယ်။
အံ့မယ်
ကြည့်လို့အကောင်းသား။ ။

အဲဒါလိုဟာကျတော့ ကျွန်တော်တို့အတိုင်းအတာနဲ့ ကျွန်တော်တို့ ခံစားမိသလောက်ပြောရရင် ကဗျာရဲ့အလှတရား မပါဘူးလို့ ဖြစ်နေလေရဲ့။

ဆိုရရင် ဒီနေ့ခေတ်ပေါ်ကဗျာကို ရှင်းလင်းလွယ်ကူအောင် ရေးလာကြပြီ။ ဒါဟာ ခေတ်ပေါ်ကဗျာရဲ့ ဟန်တစ်ခုဖြစ်လာပြီ။ ဒီလိုဆိုလိုက်တာက ဆရာဇော်ဂျီ ပြောဖူးတဲ့ "နိဂုဏ်"သဘောမျိုးပါပဲ။ ဒါပေမဲ့ သိပ်ပြီတော့ ရိုးလွန်းအားကြီးနေလို့လည်း ကဗျာက မရပေဘူး။ ကဗျာဆိုတဲ့အတိုင်း ဆန်းဖို့က ရှိသေးတာကလား။ ဘယ်လို ဆန်းရမလဲ။ နည်းလမ်းကတော့အရိုးဆုံးဟာ အဆန်းဆုံးဖြစ်တယ်ဆိုတဲ့ နည်းပါပဲ။

ဒီနေ့ခေတ်ပေါ် ကဗျာတွေကို ရိုးရိုးလွယ်လွယ်ရှင်းရှင်း ရေးလာကြပြီဆိုတာက လင်္ကာရတွေလျှော့၊ စကားလုံးပဒေလက်တွေလျှော့၊ လိုအပ်ရင် နိမိတ်ပုံ သင်္ကေတတွေလည်း လျှော့၊ အဲဒီလိုတွေ့နေရပေမဲ့ ကဗျာရဲ့ အလှတရားကိုတော့ မေ့လို့ရင်ဖြစ်ဖြစ်တောင်

လျှော့လို့မရပါဘူးဆိုတာ သတိပြုမိစေရာပါ။

ဆိုပါတော့ အခုခေတ်ဒီလို ကဗျာမျိုးဟာ ရှိတယ်၊ လှုယ်တယ်၊ ရှင်းတယ်၊ ဒါပေမဲ့ ကဗျာဓာတ်မလျော့တဲ့ ကဗျာလို့ ကျွန်တော်တို့ သုံးသပ်ကြပါတယ်။

**မိုးနို့တဲ့မိုး**

မြစ်ကို ဆောင်ပေါ်တင်ပြီး
စုန်လာတဲ့ငါ့အဖို့
ကမ်းပါးပေါ်က ငှက်တစ်ကောင်
ဆူ့အတောင်က ခါချလိုက်တဲ့
ကျေးစုံးတရားတွေ
ကမ်းလုံးလျှံခမ်းနား။ ။

**တင်ဦးနိုင် (သာစည်)**
**[ရှပ်ရှင်တေးကဗျာ]**

ပြီးတော့တစ်ခါ၊ ဒီနေ့ကဗျာ (ခေတ်ပေါ်ကဗျာ)တွေမှာ ပန်းချီသဘော တချို့ကိုလည်း တွေ့လာနေရပြီဆိုတာပါပဲ။ အကြမ်းဖျင်းအားဖြင့် ပန်းချီသဘော (၁၂)မျိုးလောက်ထဲက လက်ရှင်းကျတဲ့ မိနေးတို့ရဲ့ အာရုံခြင် ပန်းချီ **Impressionism** သဘောကိုတွေ့နေရပါတယ်၊ စည်သူငြိမ်း "လမင်းကြေးမုံ"၊ တင်ဦးနိုင် (သာစည်) "မိုးနို့တဲ့မိုး" ကဗျာတွေပြန်ရှု။ ပြီးတော့—

မြို့ကလေးဟာ
လျှော့ဦးဆောင်ရိုင်းတွေကြားထဲ
အသားကျသည်ခဲ့တယ်။

..............

ဖွေးဖွေးဝေ့ဝေ့ အိပ်ရာကိုသာ
ချောင်းမြောင်းနေတဲ့ အတွေးများက
မီးပုံတွေအထပ်ထပ်မှိုလို့။

.................

ရေစီတွေ အရည်ပျော်တဲ့ နွေဦးပေါက်လာသည့်တိုင်
ချစ်သူ့တင်ဆက်ဆဲ ရှုခင်းတွေကတော့
အေးစက်လို့ ကောင်းနေတုန်းပေါ့။

နိုင်မွန် (နှင်းဆီတစ်ရာ)ရဲ့ "ကလေး" (ရုပ်ရှင်တေးကဗျာ)မှ။

ဒီသဘောမျိုးက အနည်းအကျဉ်းဖြစ်ကောင်းဖြစ်ပေမဲ့ ဒီနေ့ ကဗျာကောင်း တော်တော်များများဟာ ဒီသဘောသက်ဝင်နေတာကို သတိပြုမိကြပါလိမ့်မယ်။

ဇန်နဝါရီ (၁၉၉၉) မဂ္ဂဇင်းကဗျာတွေထဲမှာ ကျွန်တော်တို့ နောက်ထပ် သတိပြုမိတာတွေကတော့–

ပထမ ရုပ်ရှင်ဆေးကဗျာထဲက အောင်လွန်းမြိုင်ရဲ့ "တမလွန်သားသို့ ကဗျာ" ကိုပါ။ ကွယ်လွန်သူ ဆရာတော်ဘုန်းမော်သို့ ရည်ညွှန်းထားတာပါ။ (ဆရာတော်ဘုန်းမော် ၁၈–၃–၁၉၉၈ နေ့ ကွယ်လွန်) အဲဒီကဗျာမှာ အောက်ခြေမှတ်စု **Foot note** ထည့်ရမယ့်ဟာ တစ်ခုပါပါတယ်။

"ကျွန်ုပ်၏ ကြေညာစာတမ်း"ကို
သေမင်းထံ ခွင့်တောင်းပြီး
လူ့ပြည်မှာ အပြီးသတ်ရေးချုပ်နိုင်ခဲ့သူ။

"ကျွန်ုပ်၏ ကြေညာစာတမ်း"ဆိုတာ ဆရာတော်ဘုန်းမော် မကွယ်လွန်မီ နောက်ဆုံးရေးခဲ့တဲ့ ကဗျာတစ်ပုဒ် ဖြစ်ပါတယ်။ ကလျာ၊ မတ် ၁၉၉၈ မှာ ပုံနှိပ်ဖော်ပြခဲ့တာလို့ သိရပါတယ်။

ဒုတိယအပုဒ်အနေနဲ့ အောင်လွန်းမြိုင်လိုပဲ အောက်ခြေမှတ်စုလိုနေတဲ့ ကဗျာက ဇော်(ပုဇွန်းမနား)ရဲ့ "အနဂ္ဂကဗျာဆရာညည်းချင်း" (ချယ်ရီ)

လောဘ ဒေါသ မောဟ
အမှောင်တော ပေါ်လာတဲ့ကမ္ဘာ
သားငါးငတ်သော "ကွာရှာကော" တို့။

သားငါးငတ်သော "ကွာရှာကော" ဆိုတာကြည်အေးကဗျာတစ်ပုဒ်ထဲကပါ။ ("ကျွန်မ၏မိတ်ဆွေများ" ရှုမဝ၊ ဇူ ၁၉၈၂) ကြည်အေး ဒီလိုရေးခဲ့ပါတယ်။

"သန်ကြမ်းစား၍
သားငါးငတ်သော၊ ကွာရှာကော*ဟု
ဖောသွပ်အရေပြတ်၊ မှတ်သိပ်ရောဂါ
အာဖရိက၊ ဟိုမှာစတင်
လူ့ဘဝမြှတ်၊ ဖြစ်မနုပ်သည့်
မော်တာတ်မပြေ၊ ခြေထောက်ကျွေးရှင်
ကလေးလူမှာ၊ မကုသသေး"

"ကွာရှာကော" ကို ကြည်အေးကဗျာမှာကိုက ခရေပွင့်(*)နဲ့ အောက်ခြေမှတ်စု ပြခဲ့တာပါ။ (**Kwarshorkor** – အာဖရိက ဆင်းရဲသားများ၌ ဖြစ်တတ်သော ညှိုးမှိုင်းသည့် ပရိုတိန်းဓါတ် အသားဓာတ်ဆာရသဖြင့် အာဟာရ မလုံလောက်သော ဖောသွပ်ရောဂါ)

ဒါကို ဇော်(ပုဇွန်းမနား)က ကြည်အေးကို ဒီအတိုင်း သုံးချည်း "သားငါးငတ်သော ကွာရှာကောတဲ့" ဆိုပြီး "တို့" လိုက်တော့ တချို့ဆိုရင် နားမလည်နိုင်ပါဘူး။

နောက်တစ်ခါ တတိယအပုဒ် အနေနဲ့ သတိပြုမိတာက မောသီထဲက ရဲသစ်နီရဲ့ "ပြယုဂ်" ကဗျာပါ။

ထပ်တူပြုလုပ်မှုတွေကြားက
နှုတ်သွားထွားနေတဲ့
အရိပ်လို အကောင်တစ်ကောင်ပေါ့
သူ့ကောက်ကြောင်းကိုရှု
အပေါင်ခေါင်အရုပ်ရေးရင်း
ဝင်ရိုးစွန်းဖွဲ့ တေးသွားကိုများ
ငါးစားနေလိုက်တာ
သွားမပါတဲ့ သွားဖုံးအတုကြီးနဲ့။ ။

ဒီကဗျာကိုတော့ ကျွန်တော်တို့ ကော်ပီ (သိချင်း)တွေကို ဆဖန်လိုက်တာလို့ ယူဆမိကြပါတယ်။ ဟုတ်မဟုတ်တော့ မသိပါ။ အကယ်ဟုတ်ခဲ့ရင်တော့ ကဗျာဆရာရဲ့ အားထုတ်မှုကို ချီးကျူးရမှာပါပဲ။ ခေတ်လုံးပန်းလုံးအသုံးချ နှစ်ခုလုံး နှစ်သက်ခံစားရတဲ့ ကဗျာပါ။ ပြီးတော့လည်း အဲဒီကဗျာနဲ့ တစ်ချိန်တည်းလိုမှာပဲ ဆရာလူထုစိန်ဝင်းရဲ့ "ရုက်စိတ်" (ပထမအကြိမ်၊ ၁၉၉၈၊ ဒီဇင်ဘာ၊ ယနေ့ မြန်မာ့ စာအုပ်တိုက်) စာအုပ်ထဲမှာ ဒီလိုလည်း ဖတ်လိုက်ရပါသေးတယ်။

"သူတို့အနောက်နိုင်ငံတွေမှာတော့ အဲဒီလိုလူတွေကို **Copy Cat** တွေလို့ ခေါ်ကြတယ်" (စာ-၁၃)

ဇန်နဝါရီလ (၁၉၉၉) မဂ္ဂဇင်းကဗျာတွေအကြောင်း ကျွန်တော်တို့ ဉာဏ်မီ သလောက် ပြောခဲ့ကြတာတွေပါ။ ကျွန်တော်တို့စားနားလည်နိုင် သလောက်ပေါ့။ တချို့လည်း ကျွန်တော်တို့ မလိုက်နိုင်တဲ့ ကဗျာတွေ ရှိပါသေးတယ်။ မောင်ဆေးရိုးရဲ့ "အလင်းရောင်" (ပေါ်ပြင်သစ်) ကဗျာဆိုရင် "နှစ် ၅၀ မှတ်ချေးကြေးမုံ အလင်းရောင် တကြည့်လိုက်ရ"လို့ ရည်ညွှန်းထားတော့၊ ကဗျာတစ်ပုဒ်လုံးအနေနဲ့ ဘာကိုပြောချင် တာလဲဆိုတာကို နည်းနည်းစမ်းတဝါးမိသလို ရှိပါတယ်။ ဒါပေမဲ့ အခုလိုဟာမျိုးကိုတော့ ကျွန်တော်တို့ မလိုက်နိုင်တော့ဘူး။

နိစ္စဓူဝများရဲ့ ချည်းတစ်ပြေးတည်းမှာ
ငါးသုံးကောင်ရဲ့ အကြေးခွံပေါ် တွားတက်ကြ
စိုထိုင်းထိုင်းကမ္ဘာမြေကို အမုံးမှုင်ကြည့်ကြ၊

အဲဒီမှာ "ငါးသုံးကောင်ရဲ့ အကြေးခွံပေါ် တွားတက်ကြ" ဆိုတာကို ကျွန်တော်တို့ မတွေးတတ်ကြဘူး။ တစ်ပုဒ်လုံးအနေနဲ့ကတော့ ကဗျာအစမှာ-

"လူကြီးသူမ ဆန့်တဲ့ရုတ်တွင်မှုများတစ်လျှောက်
ဒါဟာ မီးအိမ်တစ်ခုဖြစ်တယ်" လို့ ဆိုထားတဲ့အတွက်၊ ပြီးတော့ ကဗျာကို

ဆုံးခဲ့ပုံက—

အသစ်ကျော်သူရဲ့ အောက်မေ့ဖွယ်
အဝီအရောင်တဖျပ်ဖျပ် ရှန်းစိုမှုပဘာ
သူ့နှာမည်သူ့ကြိမ်ဖြန့်ပြီ မီးစာမြှင့်ရင်း
ငါတို့ဦးခေါင်းတွေမှာ...

ရယ်လို့ ဖြစ်လေတော့၊ ကျွန်တော်တို့ "အလင်းရောင်" ဆိုတဲ့ ကဗျာခေါင်းစဉ်အတိုင်း၊ အလင်းရောင်ကို ခံစားမြင်တွေ့ကြရပါတယ်။

ထပြီးကျွန်တော်တို့ ဉာဏ်မမီတဲ့ ကဗျာတွေကိုတော့ မပြောတော့ပါဘူး။ ဒီတစ်လ (ဇန်နဝါရီလထုတ် မဂ္ဂဇင်းများ)မှာ ကျွန်တော်တို့ ဒီဇင်ဘာ ၂၀ ကဗျာကလေးတွေရှိပေတဲ့ ကလေးကနေ ဖတ်ခဲ့၊ ရွေးချယ်ဖြစ်ခဲ့တဲ့ အထဲမှာတော့ ဟောဒီကဗျာ ကောက်နုတ်ချက်ကဖြင့် အဆောင့်ကို စွဲလမ်းကျန်ရစ်ခဲ့တော့ တာပါပဲ။

အကယ်က
ကိုယ့်ကြမ္မာနဲ့ကိုယ်
ကိုယ့်ဖြစ်စဉ်နဲ့ကိုယ်
ကိုယ့်လေးလကိုတောင် ကိုယ်မေ့ခဲ့တာကျွာ
သီချင်းလေးတစ်ပုဒ် ရခဲ့ပါတယ်
မင်းဘဝကို နိုးထလာပြီး သီဆိုခဲ့တယ်လို့
ရှုပ်ထွေးရက်လေတော့
ငါက အဲဒီအရက်ချက်ကိုပဲ ပြန်အနံ့ထုတ်ပြရမလား
အဲဒီကန့်လန့်ကာကိုပဲ ပြန်ချလိုက်ရမလား
တကယ်က အရက်ဆိုင်နဲ့ စာတိုက်
ငါဘယ်ကို ရောက်ခဲ့မှန်းတောင် မသိပါဘူး
ပြီးခဲ့တဲ့လေးလအောက်က ဆိုပါတော့။

(ဇန်ဦး "ပြီးခဲ့တဲ့လေးလက ဆိုခဲ့တဲ့သီချင်း" မှ)

*

# 2

ဆုံဆည်းနေကျ လက်ဖက်ရည်ဆိုင်ကလေး တစ်ဆိုင်ရှိပါတယ်။ တနင်္ဂနွေများ ဖြတ်သန်းသွားကြပါတယ်။ ကျွန်တော်တို့က တစ်လတစ်လ ဖတ်ထားကြတဲ့ မဂ္ဂဇင်းကဗျာတွေ အကြောင်းပြောရင်းနဲ့ပေါ့။

ဆိုပါတော့ ညအခါ သစ်ကိုင်းမှာ ချိတ်နေတဲ့လဝန်းကို ခွေးက သွားရည်ယိုတဲ့ စိတ်နဲ့ မမီမကမ်း လှမ်းလှမ်းဟပ်နေတာလိုမျိုး။ တစ်ခါတစ်ခါ အဲဒီလို မမီမကမ်း လှမ်းလှမ်းဟပ်ရတဲ့ အရသာကပဲ အစစ်အမှန်တရားလို့ ထင်နေပြီး တကယ်တော့ ဒါဟာ ဟုတ်ယောင်မှုပဲဆိုတာကို မေ့နေတတ်သေးရဲ့။

ဒီနေ့ခေတ်ပေါ်ကဗျာတွေကို ဖတ်ရတာလည်း ဒီလိုပါပဲ။

ကဗျာမှာ ဟုတ်ယောင်မှုနဲ့ အစစ်အမှန်တရားဆိုတာရှိတယ်။ **Illusion** နဲ့ **Reality** လို့ ဆိုပါတယ်။ ကဗျာဆရာဟာ အဲဒီဟုတ်ယောင်မှုနဲ့ အစစ်အမှန်တရားကြားမှာပဲ သူ့အလုပ်သူ လုပ်တာလို့ ထင်ပါတယ်။ ကျွန်တော်တို့ ကဗျာဖတ်တယ်ဆိုတာဟာ ကဗျာဆရာရဲ့အလုပ်ကို ဘေးကနေ ကူလုပ်ကြည့်တဲ့ သဘောလောက်ပါပဲ။ အဲဒီလိုဆိုတော့ကာ ကူလုပ်တဲ့သူမှာလည်း ဟုတ်ယောင်မှုနဲ့ အစစ်အမှန်တရားဆိုတာ ရှိမှာပဲ။

ကဗျာဆိုတာ ကဗျာစပ်သူနဲ့ ကဗျာဖတ်သူ နှစ်ဦးနှစ်ဖက်ကြားမှာ တစ်ခါတစ်ရံ တရားဝင်စစ်ပွဲလည်း ဖြစ်နိုင်သလို တစ်ခါတစ်ရံကျတော့ တရားမဝင်တဲ့ ငြိမ်းချမ်းရေး လည်း ဖြစ်ချင်ဖြစ်မှာပဲ။

ကဗျာဖတ်သူဘက်က ကဗျာကိုဖတ်ပြီး မတင်းတိမ်ရင် ကဗျာဆရာကို သူက ဝေဖန်ချင်ဝေဖန်မယ်၊ အပြစ်တင်ချင်တင်မယ်ပေါ့။ အဲဒါ စစ်ဖြစ်တာပဲ။ ဝေဖန်ရေးဟာ တရားဝင်ပါတယ်။ ဒီလိုမှမဟုတ်ဘဲ ကဗျာကဖတ်သူကို ရောင့်ရဲအောင်နိုင်ပြီ ဆိုရင်တော့ အဲဒါ ငြိမ်းချမ်းရေး ရသွားတာပဲ။ ဒါပေမဲ့ ရေးသူဘက်ကတော့ ဖတ်သူရဲ့ အတည်ပြုချက်ကို အမြဲတမ်း လက်ခံချင်မှ လက်ခံမှာပေါ့။ ဒီတော့ အဲဒီ ငြိမ်းချမ်းရေးက တရားမဝင်သေးဘူးပေါ့။

ဘာကြောင့် တရားမဝင်တာလဲ။

ကဗျာကို စံထားတယ်ဆိုတာ ဖြစ်တန်ရာခြေ **Probability** ကိစ္စပါပဲ။ ဖြစ်တန်ရာခြေကိစ္စထဲကမှာ ကဗျာရဲ့ ဖြစ်တန်ရာခြေက ပိုပြီးဖြစ်တန်ရာခြေ သဘောကို ရောက်ပါတယ်။ ကဗျာစံထားမှု ကိစ္စပြောရခက်သွားကလား။

အိုင်းစတိုင်းက ပြောပါတယ်။

ဘုရားသခင်က အံကြွေအန်မကစားဘူးတဲ့။

**"God does not play dice."**

ကျွန်တော်တို့က အံကြွေအန်ကစားကြပါတယ်။

ဒီတော့ ကဗျာဖတ်သူက ကဗျာတစ်ပုဒ်ကိုဖတ်ပြီး ဒါဒီလို ဖြစ်နိုင်တယ်ဆိုပြီး တွေးပါတယ်။ အတိအကျကြီးတော့ပြောလို့ မရဘူးပေါ့။ ကဗျာတစ်ပုဒ်ကိုဖတ်ပြီး ဖတ်သူက ဒါကရုဏာ တရားကို ပြတာလို့ ထင်ပေမဲ့ ရေးသူကိုယ်တိုင်က အမျိုးစင် တစ်ယောက်ရဲ့ အာဓနိကာဒုက္ခအစကို ရေးလိုက်တာပါလို့ ဖွင့်ပြောလာရင် ဘယ်လိုလုပ်မလဲ။ ဒါကြောင့် ကဗျာကိုဖတ်တဲ့ စံထားတဲ့ကိစ္စမှာ ဖတ်သူဘက်က အတည်ပြုချက်ဟာ တရားဝင်ချင်မှဝင်တာပါ။

ကျွန်တော်တို့ ဒီဇင်ဘာ ၂၀ ကဗျာအလုပ်ရုံကလေးရဲ့ အတည်ပြုချက်များဟာ လည်း တရားဝင်ချင်မှဝင်ပါမယ်။ ဖြစ်တန်ရာခြေတွေနဲ့ ကျွန်တော်တို့ တွေးယူကြံဆ ပြောဆိုနေကြခြင်းသာပါ။ ဒါကြောင့် ကဗျာပေးသူများနဲ့ ကျွန်တော်တို့ ကဗျာဖတ်သူများ လုံ၀ မှားယွင်းလွဲချော် ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်ခဲ့သော် ခွင့်လွှတ်နားလည် ပေးပါရန် ပန်ကြားရင်းနဲ့ ဒီတစ်လ (၁၉၉၉)ဖေဖော်ဝါရီလထုတ် မဂ္ဂဇင်းများထဲက ကဗျာတွေ အကြောင်းပြောခဲ့ပြီးခဲ့တဲ့အရင် လ ဇန်နဝါရီ (မဂ္ဂဇင်း)ကဗျာတွေထဲက ကျွန်တော်တို့ ဒီဇင်ဘာ ၂၀ ကဗျာအလုပ်ရုံကလေးရဲ့ အကြိုက်ဆုံးဖြစ်ခဲ့တဲ့ကဗျာကို မှတ်တမ်းတင် ဖော်ပြရွှင်ပြုလိုပါတယ်။

အဲဒီကဗျာကတော့—

**မိုးနှိုးတဲ့မိုး**

မြစ်ကိုခေါင်းပေါ်တင်ပြီး
စုန်လာတဲ့ငါ့အရိုး
ကမ်းပါးပေါ်ကငှက်တစ်ကောင်
သူ့အတောင်က ခါချလိုက်တဲ့
ကျေးဇူးတရားတွေ
ကမ်းလုံးလျှံအမ်းနား။ ။

တင်ညွန့်မြိုင်(သာစည်)
[ရုပ်ရှင်တေးကဗျာ]

ဒီလအဖေဖော်ဝါရီထုတ် (မှူးဇင်း) ကဗျာတွေထဲမှာတော့ ကျွန်တော်တို့အရင်ဆုံး ပြောဖြစ်ကြတာက စကားလုံးတွေရဲ့ ကိစ္စပါ။

ဒီနေ့ ခေတ်ပေါ်ကဗျာဟာ အတွေးစိတ်ကူး ဆန်းသစ်မှု၊ စကားလုံး အသုံး အနှုန်းဆန်းသစ်မှု၊ ဒီနှစ်ခုရဲ့ ကဗျာဖြစ်ပါတယ်။ တစ်ခုက စိတ်ကူးဉာဏ် **Imagination** နဲ့ ဆိုင်ပါတယ်။

အဲဒီကဗျာ စိတ်ကူးဉာဏ်ဆိုတာက ပုံသဏ္ဌာန်နဲ့မှပဲ ဖော်ပြမှုရတာပါ။ ဒီတော့ ကဗျာဆရာက စကားလုံးကို သုံးရပါတယ်။ စကားလုံးဟာ အသံဖြစ်ပါတယ်။ စကားသံ။ အသံမှာ ပုံသဏ္ဌာန်ရှိပါတယ်။ ကဗျာဆရာဟာ သူ့ရဲ့ စိတ်ကူးဉာဏ်ကို အဲဒီပုံသဏ္ဌာန်နဲ့ ဖော်ပြရတာပါ။ အသံဟာ ပုံသဏ္ဌာန်ဖြစ်တဲ့အတွက် အသံမှာ တုတထည်နဲ့ အရုပ်အရောင်လည်းရှိပါမယ်။ တုတထည်ဆိုတာက **Tone** တို့ **Rhythm** တို့ဖြစ်မယ်။ အရုပ်အရောင်ဆိုတာကတော့ ခံစားမှု အနက်ရင်းနဲ့ ဂယက်အနက်တွေလို့ ဆိုချင်ပါတယ်။

အခု ကျွန်တော်တို့ ၁၉၉၉ ဖေဖော်ဝါရီ မြားနတ်မောင် မှူးဇင်းထဲက မောင်ယဉ်နိုင်(မုံရွာ)ရဲ့ "မြိုတီမ်များကို စွန့်ခွာခြင်း" ကဗျာကိုဖတ်ပြီးတော့ စကားလုံးရဲ့ အရောင် (အသံရဲ့အနက်)နဲ့ ဆိုင်တာကလေးတွေ ပြောဖြစ်ကြပါတယ်။ မောင်ယဉ်နိုင် (မုံရွာ)ရဲ့ ကဗျာထဲက စကားလုံးတစ်လုံးဆိုပါတော့။ ဒီစကားလုံးအကြောင်းကိုပြောဖို့ ကဗျာတစ်ပုဒ်လုံးကို ပြန်ဖတ်မှ ဖြစ်ပါလိမ့်မယ်။ ဖတ်ကြည့်ပါ။ (ပါဒရှေ့ကဂဏန်း အမှတ်တပ်ထားတာက ကျွန်တော်တို့ရှေ့ဆက်ပြောရင် စာကြောင်းရှာရ လွယ်အောင်လို့ပါ)

၁ ကမ္ဘာကြီးဆိုတာ
မသိသာစြဲမ်ဆိတ်
ယောဒီတာမှာရှိပ်အဝါသမေ
သူငယ်မရဲ့

၅ ပါးကွက်ကျားလေးမွှမ်းတဲ့အောင်
အနမ်းရာထောင်ထိရှ
သူ့တောလေးမှာ
ပြေးဆော့နေတဲ့ တိမ်အရုပ်တွေ
ရုတ်ရှိကြွေမွှာသွားခဲ့ပါသတဲ့။

၁၀ ကောင်းကင်ကြီးကိုရှက်
သစ်ပင်ကြီးကို ရှက်
ခိုးယေသ်အုပ်ကို ရှက်
အဖေနောက်ကောက်နဲ့

မြွေရက်သူကြီးရဲ့ ရင်အုံထက်မှာ
မျက်နှာလေးငုက်ရင်း
လက်သည်းလေးနဲ့ မွမွခြစ်ရင်း
သက်ပြင်းတွေရှည်ခဲ့ကြ
ကြာလေနေ ထမ်းစလျှောက်ပါတော့။
နေနီညို
ရွှေအိုရဲ့တော့
ထင့်စနဲ့ထိတ်ခနဲ
စိတ်ထဲမလုံ
မောင်ကြီးတော်ပြန်ကြိုမှဖြင့်
ဖော်ပေါင်းရေချမ်းဆိုမှဖြင့်
အိမ်ဝင်အချိန်ကုန်မှဖြင့်
ခွင့်ပန်တိုးလျှိုး
(မျက်ဝန်းမှာတော့)
အလွမ်းမိုးရီမှောင်
ကြိုးကြာတွေတောင်ငြိုသတဲ့။ ။

အဲဒီမှာ ကျွန်တော်တို့ပြောချင်တဲ့ စကားလုံးကတော့ စာကြောင်းရေ (၂၃)က "မောင်ကြီးတော်ပြန်ကြိုမှဖြင့်"ဆိုတဲ့ ပါဒထဲက "မောင်ကြီး"ဆိုတဲ့ ဝေါဟာရစကားလုံး ဖြစ်ပါတယ်။ ကဗျာကို သင်ဖတ်ပြီးပြီ မဟုတ်လား။ မိတ်ဆွေ၊ တစ်ခုတစ်ရာလောက်ကို တော့ သင်ခံစားမှုနဲ့ နားလည်ခဲ့ပြီလို့ ယူဆပါတယ်။

ဒီကဗျာဟာ အညာကျေးလက်ဓလေ့ အချစ်ကိုဖွဲ့တဲ့ကဗျာပါ။ လှပါတယ်။ ထမောင်းရိုပ်မှာ ချစ်စိတ်မွှန်နေတဲ့ လုံမလေးရဲ့ မရိုးမရွ မလုံမလဲ စိတ်လှုပ်ရှားခြင်းလေးပေါ့။ ("မှိုင်း"လို့သုံးတာက လုံမရဲ့ လောကကြီးနဲ့ မယဉ်ပါးသေးတဲ့ အပျိုစင်စိတ်ခံကို ပြောချင်တာပါ) လှပါတယ်။ စာကြောင်းရေ ၇/၈/၉ "သူ့ခါးထားလေးမှာ၊ မြေးတော့ နေတဲ့တိမ်အရိပ်တွေ၊ စုတ်ရိုးကြွေမွှာသွားခဲ့ပါသတဲ့" လှပါတယ်။ စာကြောင်းရေ (၁၄) "မြွေရက်သူကြီးရဲ့ ရင်အုံထက်မှာ"တဲ့။ ဒီလောက်ဆိုရင် လုံမရဲ့ စိတ်ခံစားမှုကို ဖမ်းမိလောက်ပြီ ထင်ပါတယ်။

အဲဒီမှာ ကဗျာရဲ့အလှကို ဖျက်ဆိုက်တယ်လို့ ကျွန်တော်တို့က ကဗျာဆရာကို ရှုပ်ချွံမိကြတာက "မောင်ကြီးတော်ပြန်ကြိုမှဖြင့်" စာကြောင်းရေ (၂၃)ကြောင့်ပါပဲ။ ကဗျာထဲမှာ "မြွေရက်သူကြီး" စာကြောင်းရေ (၁၄)နဲ့ "မောင်ကြီး" စာကြောင်းရေ (၂၃)တို့ဟာ မတူသူဆိုတာ သတိထားနော်။

"မြွေရက်သူကြီး"က လုံမရဲ့ ချစ်သူရည်းစားပါ။ (ဟုတ်ပါလိမ့်မယ်)

ဒါဖြင့်ရင် "မောင်ကြီး"က လုံမရဲ့ဘာလဲ။ "မောင်ကြီး"ဆိုတဲ့ စကားလုံးရဲ့ အနက်က ဘာလဲ။ ရုပ်သံမေသံထဲမှာ ချစ်သူရည်းစားကိုလည်း မောင်ကြီးလို့သုံးတာရှိသလို ခင်ပွန်းလင်ယောကျ်ားကိုလည်း မောင်ကြီးလို့ သုံးတာပဲမဟုတ်လား။ ကျေးလက်တေး တွေထဲမှာ ဒီအသုံးဟာ အတော့ရှိသပေါ့။ ဒီတော့ "မောင်ကြီး"ဆိုတဲ့ စကားလုံးမှာ ကျွန်တော်တို့ ပြဿနာဖြစ်တာပါပဲ။

လုံမဟာ ရည်းစားများတဲ့ အပျိုလား၊ လုံမဟာ ကာမပိုင်ရှိတဲ့ မိန်းမလား၊ ဖြစ်တန်ရာခြေတွေကို ကျွန်တော်တို့ တွေးရပါပြီ။ အကယ်၍ အဲဒီ "မောင်ကြီး"ကို လုံမရဲ့ နောက်ထပ်ရည်းစားတစ်ယောက်လို့ ယူရင်လည်းလုံမက "ဒသဂီရိ၊ ဝင်စားဘိ၍၊ အမိမျက်နှာများသလော" ဖြစ်ဦးမယ်။ ဒီလိုမှမဟုတ် ဒီ"မောင်ကြီး"ဟာ လုံမရဲ့ ခင်ပွန်း လင်ယောကျ်ားကို ဆိုလိုတာပါဆိုရင်ဖြင့် လုံမက "မအိမ်ရှိတရီ" ဖြစ်ရတော့မယ်။ မကောင်းဘူး၊ နှစ်ခုစလုံး မကောင်းပါဘူး။ ဒီလိုဖတ်သူဘက်က "မောင်ကြီး"ဆိုတဲ့ စကားလုံးအပေါ်မှာ ဒီလိုတွေးပြီး ခံစားမိရင်တော့ ခံစားမှုနဲ့ နားလည်သွားရင်တော့ ဒါမကောင်းတဲ့ကဗျာပဲ။ (ကဗျာမကောင်းတာ မဟုတ်ပါဘူး)

ဒီတော့၊ ဒီလိုတွေးဖြင့်လည်း မဟုတ်တန်ရာဘူးဆိုပြီး ကဗျာထဲက "မောင်ကြီး"ဆိုတဲ့ စကားလုံးကို ကျွန်တော်တို့က မောင်ဖွား {မိဘမောင်ဖွား}ဆိုပြီး ကိုယ့်ဘာသာကိုယ် ပြင်ဖတ်လိုက်ကြတာပါပဲ။ ဒီ "မောင်ကြီး"ဟာ လုံမရဲ့ မိဘ မောင်ဖွားအစ်ကို တစ်ယောက်ယောက်ပဲ ဖြစ်ပါစေလေ။ ("မောင်ကြီး"ကို "အစ်ကို" ရယ်လို့ ရဲရဲမယူဆပစ်ရဲတာကတော့ ကျွန်တော်တို့ ညံ့တာရင်လည်း ဖြစ်ချင်ဖြစ်နေ ပါလိမ့်မယ်)

ကဗျာဆရာက နဂိုကတည်းက–

"စိတ်ထဲမလို

မောင်ဖွား                                        တောပြန်ကြုံမှဖြင့်" လို့

ရေးလိုက်ရင်ကော။ "မောင်ကြီး"(မောင်ဖွား) ဟာ ဒီပါဒစုမှာ ကာရန်တာဝန်ကို ယူရတာလည်း မဟုတ်ပါဘူး။ ကာရန်နေရာက (လုံ)နဲ့(ကြုံ)မှာပါ။ "မောင်ကြီး (မောင်ဖွား)ဟာ ဒီနေရာမှာ အနက်အဓိပ္ပာယ်ကိုပဲ ဖော်ပြတာသက်သက်ပါ။

ကဗျာမှာ စကားလုံးတစ်လုံးဟာလည်း အရေးကြီးကြောင်း ပြောချင်တာပါ။ "မောင်ကြီး"ဆိုတဲ့ စကားတစ်လုံးဟာ ကဗျာတစ်ပုဒ်လုံးအတွက် သေရေးရှင်ရေး ဖြစ်နိုင်တာပဲမဟုတ်လား။

အခုတစ်ဆက်တည်း ဒီဖေဖော်ဝါရီ မဂ္ဂဇင်းတွေထဲမှာ ကျွန်တော်တို့ ဖတ်လိုက်ရတဲ့ ဆရာမင်းသုဝဏ်ရဲ့ ကာရန်သဘောနဲ့ ယနေ့ကဗျာ (ခေတ်ပေါ်ကဗျာ) တွေမှာ တွေ့ရတဲ့ ကာရန်သဘောကို ဆောင်ကြာမိတာလေး ဆက်ပြောချင်ပါတယ်။

ဆရာမင်းသုဝဏ်က ဒီလိုပြောပါတယ်။

"ကျွန်တော်ကတော့ လက်ရှိလည်းကာရန်နဲ့ပဲ ရေးပါတယ်။ လေးလုံးစပ် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကာရန်ဟာ ကဗျာမှာ အသံအတွက် အရေး ပါတယ်။ အကျိုးရှိတယ်လို့ ထင်ပါတယ်"

[ရုပ်ရှင်တေးကဗျာ၊ ဖေဖော်ဝါရီ ၁၉၉၇]

ဒီနေ့မှာတော့ ခေတ်ပေါ်ကဗျာ (အများစု)က ကာရန်ကို ပြဿနာအဖြစ် မစဉ်းစားကြတော့ပါ။ အစဉ်အလာကဗျာမှာ ကာရန်ဆိုတာ သတ်မှတ်ချက်(၃)ခုနဲ့ ပြည့်စုံရတာပါ။ ပထမက ကာရန်ဟာ နေရာသတ်သတ်မှတ်မှတ် ရှိရပါမယ်၊ ဒါက ရှင်းစနစ်ဆိုပါတော့။ ဥပမာ–လေးလုံးစပ်ကဗျာမှာ ၄–၃–၂၊ ၄–၃–၁ ဆိုတာမျိုးပါ။ ပြီးတော့ နေရာအပြင် အသံရဲ့ **Tone** ကို ဂရုပြုတာမျိုးလည်း ရှိတယ်။ အချို့ကဗျာမှာ အဖိ(သံပေါ့)နဲ့ အအုပ် (သံပြင်း၊ သံပြတ်)] ဒုတိယကအသံ။ ကာရန်ဟာ အသံကို ထမ်းဆောင်ရတယ်။ နောက်တစ်ခါ တတိယက ကာရန်ဟာ အနက်ရှိရမယ်။

ထလျက်မှန်းဆ၊ ပင်လယ်ထဲ

လှေကလေးနဲ့ လျှက်ခဲ့တယ်။

"ဆ/ဝ/က" ၄–၃–၂ နေရာရှိတယ်။ အဲဒီမှာ "က"က အသံမရှိဘူး။ မရှိဘူးဆိုတာထက် အသံမပြည့်ဘူးလို့ ပြောရမယ်။ မကြာသက်သဲ။ "ဆ"နဲ့ "ဝ"ဟာ "အ"သရသံမတွဲပြည့် **Full tone** ပါ။ "က"က **Half tone** ပါ။ ဒီလိုမဟုတ်လား။

ဒီနေ့ခေတ်ပေါ် ကဗျာတစ်ပုဒ်ကို ဖတ်ကြည့်ရအောင်။ ကဗျာက မင်းဒီရဲ့ "ရထားပေါ်ကပြတင်း" (ကဗျာ)

မြင်ကွင်းတွေအားလုံး

ကိုယ်စောင်း ဝင်တိုက်

ရိုးတိုးရိပ်တိတ်ကလေး

မောဒီတာတွေ ဖြစ်ပျက်ခဲ့ကြ

ဘယ်ရွှေခင်းကိုမှ မမ်းယူမစုပ်ကိုင်နိုင်ခင်

သံသရာထဲ ပြေးဝင်သွားလိုက်ရတာ

........................

မော... ဒီမှာကြည့်

လေတိုးသံများ။ ။

ကဗျာတစ်ပုဒ်လုံးမှာ ဝဏ္ဏ (စကားသံ) ၅၄ လုံးပါပါတယ်။ ကာရန်တူ(အသံတူ) စကားလုံးက (၆)လုံးပဲရှိပါတယ်။ ကြ/မှ၊ ခင်/ဝင်။ တာ/မှာ။

ဒါပေမဲ့ အခုပြောနေတာတွေဟာ (ဆရာမင်းသုဝဏ်ပြောတဲ့) ကာရန်တွေလား၊ မဟုတ်ကြောင်းပါ။ ဒါတွေဟာ အသံတူရုံတူတဲ့ စကားလုံးတွေသာပါပဲ။ ဒါမျိုးကို ကာရန်လို့မခေါ်နိုင်ပါဘူး။

အစဉ်အလာကာရန်ဆိုတာ အသံတူရုံနဲ့ ကာရန်ခေါ်တာမဟုတ်ပါဘူး။ အသံပါ သတ်မှတ်နေရာ စနစ်တကျရှိမှ ကာရန်ဖြစ်တာပါ။ (အထက်မှာပြောခဲ့ပြီးပါပြီ)

ကဲ၊ ဒီကဗျာမှာရော ကာရန်တွေပါနေတယ်လို့ ပြောဦးမလား။

**ကန္တာရချုပ်ငိုး**

လောကစိတ်ရေးဟာ
နေ့ညချုပ်ငိုးသီလို့
"နှစ်ကိုယ့်တစ်စိတ်မျက်လှည့်"ပြသ။
နေကြွက်
လကြွက်
သံပတ်အသက်တု မွန်းကျပ်ကျပ်နဲ့
ဘုမသိဘမသိ
ငါ့လိုကောင်ကလည်း
ခပ်ကောက်ကောက်မှုန်ရိုင်ပေါ်ဖြတ်သွား
"လူရဲ့လား… ဟင်"

**မောင်အောင်နီ**
**[မဂေဟသီ]**

မောင်အောင်နီကဗျာမှာလည်း အသံတူစကားလုံးတွေ တွေ့ရပါလိမ့်မယ်။ ဒါပေမဲ့ ကာရန်မဟုတ်ပေဘူး။

ဒီတော့ ခေတ်ပေါ်ကဗျာအကြောင်းပြောရင် ကာရန်ဆိုတဲ့ ခေါ်ဟာရကို ဖယ်ထားလိုက်၊ စကားလုံးအသုံးအနှုန်းကိုပဲပြော။ ဘယ်လို သုံးသလဲ။

ဥပမာ ဖြူမွန်ရဲ့ "ကျွန်မနှင့် ကိုယ်ဝန်သည်များ" (မဂေဟသီ)နဲ့ မျိုးမင်းညိုနံ့ရဲ့ မြစ်ကျဉ်း (ရှပ်ရှင်ဝေးကဗျာ)ကြည့်။

"မြစ်ကျဉ်းတစ်ခုပေါ်
တောင်ပံတစ်စုံ အရေခွံတစ်စုံ
ကန့်လန့်ဖြတ်ကျခဲ့" (ဖြူမွန်)

"(အလျှင်အမြန်ကြောက် ဓရိယာညီမျှခြင်းအနှံ့ရယ်)
အထစ်တီတွင်ထားတဲ့
ကားစာကျွင်းမှုမဟုတ်တာ
ကျဉ်းချင်လွန်းလို့
ကျဉ်းလိုက်ရတာမှ မဟုတ်တာ" (မျိုးမင်းညိုနံ့)

မြမြနဲ့ မျိုးမင်းညိမ်း ဖတ်သူကိုစိတ်အားမွှေပေးလိုတာချင်းမတူ။ မြမြက "မြစ်ကျိုး" စကားလုံးကိုသုံးပြီး မြစ်ကျိုးအကြောင်းကို ဖွဲ့တာမဟုတ်။ မျိုးမင်းညိမ်းကတော့ မြစ်ကျိုးအကြောင်းပဲဖွဲ့တာ။

ပြီးတော့ ရုပ်ရှင်တေးကဗျာထဲက ကဗျာနှစ်ပုဒ်ကို ကြည့်။

"ဒီလိုနဲ့ ဆောင်းရာသီကြီးကတော့
တစ်လျှောက်လုံးပြာနေရောမယ်
ငါမှာတော့ ပါရီမြို့ကြီးသောက်ဆိုင်ကဖူးတွေနဲ့
နှင်းတွေကျလို့" (ဗိုင် -ဒီတစ်နှစ်ဆောင်းရာသီအတွေး)

"သခေါ်သယက်ရှန်းတိုင်တွေမှိန်နဲ့
နှစ်ထပ်အိမ်ကလေးနဲ့
လှသတဲ့
ပါရီလမ်းထဲက
ရှိတွန်းကာအဆိုင်ပန်းချီကား
ပြောင်းလဲချိတ်ဆွဲထားခဲ့" (မိုးနေးသစ်-ပြည်မြို့)

"ပါရီ"ဆိုတဲ့ စကားလုံးကို ဗိုင်ရောမိုးနေးသစ်ပါ "ရိုမန်တစ်၊ အနုပညာ၊ လွတ်လပ်မှု"ဆိုတဲ့ အဓိပ္ပာယ်တွေနဲ့ သုံးသွားတာ။ စကားလုံးသုံးပုံချင်းတူ၊ ဖတ်သူကို စိတ်အားမွှေပေးလိုရင်းတူ၊ ဒီလိုထင်ပါတယ်။

ဒီတစ်လ (ဖေဖော်ဝါရီ ၁၉၉၉)မှာ ခေတ်ပေါ်ကဗျာထဲ မျက်တောင်အဖွင့်အပိတ်တွေနဲ့ ဝတ္ထုတွေထဲက ဒိုင်ယာလော့ရေးဟန်မျိုး သုံးထားတာ တချို့ကိုလည်း သတိ ပြုမိပါတယ်။

မောင်အောင်နီရဲ့ "ဂန္ဓီရချုပ်ရိုး"ကဗျာ (မဂ္ဂဇင်းညွှန်းပြီး) စာကြောင်း (၁၀)ကြောင်း ရှိပါတယ်။ အဲဒီမှာ-

၁၀ "လှရဲ့လား ဟင်"

ရန်ကုန်သစ်ထဲက မောင်ပြည့်မင်းရဲ့ "တစ်သက်နဲ့ တစ်ကိုယ်လမ်း" ကဗျာ၊ စာကြောင်းရေ (၃၀) ရှိပါတယ်။ အဲဒီမှာ-

၁ "အော့... တော့"

၂ "ခုမှ နောက်ပြန်ဆုတ်လို့ မရတော့ဘူး"

၆ "ရှင်ယောက်ျားမဟုတ်ဘူးလား"

၁၃ "ရှင်ဟာ တော်တော်..."

၁၈ "ဒီလောက်သည်းကိုက်တဲ့အကျင့်ကို ဖျောက်နော်"

၂၇ “ရှင်အပိုတွေ လျှောက်ပြောမနေနဲ့”

အဲဒါမျိုးတွေကိုလည်း သတိတပြုနဲ့ ဖတ်မိတာရှိပါတယ်။

ပြီးတော့ ခေတ်ပေါ်ကဗျာရဲ့ စိတ်ကူးနဲ့ ဖွဲ့ပုံဆန်းတာကို ဥပမာပြချင်တဲ့ ကဗျာနှစ်ပုဒ်ကတော့ နိုင်မွန် (နှင်းဆီတစ်ရာ)ရဲ့ “ဆိပ်မက်ဥယျာဉ်” (မဟေသီ)နဲ့ မောင်ရင်ဆုရဲ့ “ပြန်မလှည့်တော့ဘူး” (စတိုင်သစ်) အချစ်ကိုဖွဲ့ကြတာလို့ ယူဆရတဲ့ ကဗျာနှစ်ပုဒ်ပါ။ ဒါပေမဲ့ အချစ်ကို သူတို့ဖွဲ့ပုံက ဆန်းပြားခမ်းနားလွန်းလှပါရဲ့။

နိုင်မွန် (နှင်းဆီတစ်ရာ)က–

“မှားယွင်းစွာ
တလွဲလွဲအပြောချောင်ကို စောင်တွေ့ရှိလိုက်စဉ်ကတည်းက
အစည်ပင်ဆုံး
မြစ်လွန်းသီးပွင့်လာခဲ့တဲ့ ဥယျာဉ်ဟောင်းတောင်မှာ
အရွက်ရာတွေကျော်ကျော်ပြီး ဖတ်နေတာတော့တယ်။
လမ္ဘာဦးကျိန်စာရဲ့
အကြေးခွံတွေပဲဖြစ်မှာပါ”တဲ့။

မောင်ရင်ဆုကတော့–

“မျက်လွှာချလိုက်ခါမှ မြင်ရမယ့်အဆေးကို
မျက်တောင်မခတ်တမ်း သေချင်းက
ခြေဖနောင့်ဖက် မျက်နှာပြန်လှည့်ဖို့ မပြောချင်ပါနဲ့ကွယ်
.........
လေပြည်ထဲ ပန်းတိုင်းရနံ့တိုနေသားနဲ့
နှလုံးသားကို အမှောင်ချပြီး
နင်နေခဲ့လည်း နေခဲ့စမ်းပါတော့ကွယ်”တဲ့။

ဒီဖေဖော်ဝါရီ (၁၉၉၉) မဂ္ဂဇင်းတွေထဲမှာပဲ သတိပြုမိတဲ့ နောက်တစ်ချက်က ဒီနေ့ ခေတ်ပေါ်ကဗျာတွေမှာ ဆေးသစ္စာရေးမွဲ့တွေ များပြားလာတာကိုပါပဲ။

ပြီးခဲ့တဲ့ ဇန်နဝါရီ (၁၉၉၉)တုန်းက နိုင်မွန် (နှင်းဆီတစ်ရာ) ရဲ့ “ကဗလာ” ကဗျာ (ရုပ်ရှင်တေးကဗျာ)လိုမျိုး၊ ဒီလ (ဖေဖော်ဝါရီ)မှာလည်း–

မိုးနေသစ်ရဲ့ “ပြည်ဖြို့ (ရုပ်ရှင်တေးကဗျာ)
ရာမျိုးရဲ့ “တောင်တွင်းကြီး” (ကလျာ)
မောင်နှင်းပန် (ရေနံချောင်း)ရဲ့ “ကာမမောင်းဖြို့ကလေး” (ချယ်ရီ)
ဇော်သူငြိမ်းရဲ့ “ဆောင်ပဒိတ်ချောင်း” (ရွှယ်နီ)
မောင်ဆေးရိုးရဲ့ “ယာခမြေနောက်တစ်ပုဒ် ” (ချယ်ရီ)
လှိုင်းထက်ရဲ့ “ညနေစာပွဲတော်” (ဆောင်းပြောင်းအလွှာ)

လှိုင်းထက်ကဗျာကတော့ တန်ဇန်းနီးယားနိုင်ငံ ဂမ္ဘက်တီမြစ်ကြေငြိုင်း အဖွဲ့ပါ။ ဒါပေမဲ့ မိကျောင်းတွေက နွားပေါက်သားငယ်လေးတွေကို ဖမ်းယာဉ်ကိုက်ဆွဲ စားပုံ အသွေ့ ပြေစ်ပုံကို ရေးထားပေမဲ့ ကဗျာအဆုံးမှာ–

"ဂမ္ဘက်တီမြစ် ဖြစ်စဉ်ကို
ငါကူညီလွှမ်းပေးဖို့ မဆုံးခင်
တွေ့မိတာက
ကမ္ဘာပေါ်မှာ
လူသားအချင်းချင်း
(အဲဒီမြစ်ဖြစ်စဉ်လို)
ညာဖနေတဲ့တော်တွေအကြောင်းပေါ့"

လို့ ဆင်ခြင်လိုက်တဲ့အတွက် အသွေ့ ရသက်သက်လို့တော့လည်း ပြောလို့မရ တော့ဘူးပေါ့။

နိုင်ငံရေးမှာတော့ **Geo-politics** ပထဝီနိုင်ငံရေးဆိုပြီး ရှိလေတော့ ကဗျာမှာ အဲဒီလို မြို့၊ မြစ်၊ မြင်ကွင်းအရှိတဲ့ ပထဝီဝင်ကိုဖွဲ့တဲ့ ကဗျာမျိုးကို **Geo-poetry** လို့ ခေါ်ရတော့မလားပဲ။

ဒီလို **Geo-poetry** မျိုးအသွေ့ ရအဖွဲ့ သန့်သန့်သက်သက် ကလေးတွေထဲ မှာတော့ ကျွန်တော်တို့တသသ တမ္မ ပြောဖြစ်ခဲ့ကြတဲ့ ကဗျာက–

**ဆောင်းပဟိတ်ရှောင်း**

အစိမ်းရဲ့ ညို့ကွင်းထဲနေရောင်ခြည်ငြိမ်နေ
ကန်စွန်းတောထဲကိုယ်ကလေးတိုးဝင်သွား
သူ့ကြောင့်တော့ ရှာလို့မတွေ့ပါဘူး
ငါးရဲ့ကိုယ်ရနံ့ ထုံမွှန်အေးအီ
ဘဝရဲ့ တံခါးမဲ့တဲ့ကလေးတွေ
ကမ်းတစ်လျှောက်ပေါက်ရောက်နေရှာ
ဖေါ်တွေ သူရဲကောင်းများ။ ။

**စည်သူငြိမ်း**
**[နွယ်နီ]**

# 3

## ဆောင်းပီတိရောင်း
### စည်သူမြင်း

သစ်မ်းရဲ့ ညို့လွင်းလဲ့နေရောင်ခြည်ငြိနေ
ကန့်စွန်းတောထဲ ကိုယ်ကလေးတိုးဝင်သွား
ဆူးကြောင့်တော့ ရှကွဲမသွားပါဘူး
ငါးရဲ့ကိုယ့်ရနံ့ ထုံမွှန်ဆေးဆီ
ဘဝရှိ တံခါးမဲ့တဲ့ကလေးတွေ
ကမ်းတစ်လျှောက် ပေါက်ရောက်နေရှာ
ဇေဒါတွေ သူရဲကောင်းများ ။

**[ရှယ်မိ]**

အဲဒါကတော့ (၁၉၉၉) ဖေဖော်ဝါရီ မဂ္ဂဇင်း ကဗျာတွေထဲက ကျွန်တော်တို့ ဒီဇင်ဘာ ၂၀ ကဗျာကဖေးဆေးဆီးနီးယားကလေးက အကြိုက်ဆုံးဖြစ်ခဲ့တဲ့ကဗျာကို ပြန်လည်ဖော်ပြလိုက်တာပါ။ အခု ၁၉၉၉ မတ်လထုတ် မဂ္ဂဇင်းအသီးသီးက ကဗျာတွေအကြောင်း မပြောခင် အရင်ဆုံး တင်ပြချင်တဲ့ဟာကတော့ နှုန်းထားများ၊ ပေတံများ၊ စံသတ်မှတ်ချက်များနဲ့ဆိုင်တဲ့ အကြောင်းပဲဖြစ်ပါတယ်။

ကဗျာလောကထဲမှာ နှုန်းထားတွေ၊ ပေတံတွေ၊ စံသတ်မှတ်ချက်တွေရှိသလား။ ကဗျာဖတ်သူများ ဘယ်နှုန်းထား၊ ဘယ်ပေတံ၊ ဘယ်စံသတ်မှတ်ချက်တွေကို ကိုင်စွဲထား သလဲ။

ချယ်ရီမဂ္ဂဇင်း အင်တာဗျူး (ဖေဖော်ဝါရီ ၁၉၉၉)မှာ ဆရာမောင်စွမ်းရည် ပြောခဲ့တဲ့ စကားကောင်းစွန်းမြိန်တစ်ခု ရှိပါတယ်။

"ခေတ်ကဗျာတစ်ပုဒ်ဟာ ခေတ်အတွေ့အကြုံ၊ ခေတ်ခံစားမှု၊ ခေတ်အတွေး တို့ကို ခေတ်စကားလုံးတွေနဲ့ အကျစ်အလျစ်ဆုံး သီကုံးရေးသားရမယ်လို့ ခံယူထားသည်

မိပါတယ်။ ကာရန်စုံစေမိတဲ့ဟာလည်း သဘာဝနှင့်မျှ ကဗျာလင်္ကာအရသာအဖြည့်မျှ မဟုတ်ဘဲ ကဗျာရဲ့စိတ်ကူး၊ နိမိတ်ပုံတို့ကို ဖော်ကျူးတဲ့ အစိတ်အပိုင်းဖြစ်ရမယ်ပေါ့ဗျာ။ နောက်ဆုံးတော့ လက်ကျင့် လက်စွမ်းရှိသူရဲ့ အရေးအဖွဲ့ကိုလည်း ဖတ်ကျင့် ခံစားကျင့်ရှိသူရဲ့ အဆုံးအဖြတ်နဲ့ပဲ ရသမြောက်ကဗျာလို့ သတ်မှတ်ရမယ် ထင်ပါတယ်"တဲ့။

ဆရာမောင်စွမ်းရည် အဲဒီလိုပြောထားတယ်။ ဒါကို ကျွန်တော်တို့ ကဗျာဖတ်သူများကလည်း သဘောကျမိပါတယ်။ အထူးသဖြင့် ဆရာမောင်စွမ်းရည်ရဲ့ "နောက်ဆုံးတော့လက်ကျင့် လက်စွမ်းရှိသူရဲ့ အရေးအဖွဲ့ကိုလည်း ဖတ်ကျင့်ခံစားကျင့်ရှိသူရဲ့ အဆုံးအဖြတ်နဲ့ပဲ ရသမြောက်ကဗျာလို့ သတ်မှတ်ရမယ်"ဆိုတဲ့ စကားက အတော်ကို ထာသွားပါတယ်။

ကျွန်တော်တို့ ကဗျာဖတ်သူများ (အခြားကဗျာဖတ်သူတွေပါ အားလုံး)ဖတ်ကျင့် ခံစားကျင့်ကို ပြုစုပျိုးထောင်ယူကြရဦးမှာ မဟုတ်လား။ အခု "ကဗျာအလုပ်ရုံကလေး" ဟာ ဒီစင်ဘာ ၂၀ ကဗျာဖတ်သူများက ဖတ်ကျင့် ခံစားကျင့်ကို ပြုစုပျိုးထောင်မှု **Civilize** လုပ်တာသာ အဓိကဖြစ်ပြီး လက်ကျင့် လက်စွမ်းရှိသူတွေ (ကဗျာရေးသူများ) အပေါ် ဆရာလုပ်ခြင်း မဟုတ်ရပါကြောင်း။ ဒီလို ဒါကို အရင်တင်ပြပြီးတော့မှပဲ ကျွန်တော်တို့ (၁၉၉၉) မတ်လထုတ် မဂ္ဂဇင်းတွေထဲက ကဗျာတွေအကြောင်းကို သွားလိုက်ကြရအောင်ပါ။

မတ်လ (မဂ္ဂဇင်း) ကဗျာတွေထဲမှာ ကျွန်တော်တို့ အရင်ဦးဆုံးပြောဖြစ်ကြတဲ့ အကြောင်းကတော့ ဆရာဒဂုန်တာရာရဲ့ ကာရန်အကြောင်းကိုပါပဲ။

ဒီနေ့ခေတ်ပေါ် ကဗျာရေးနေတဲ့ လူငယ်တွေက ကာရန်ကို ရှုန်ပစ်ခဲ့ကြပြီး ဆရာဒဂုန်တာရာက မရှုန်ပစ်စေချင်တဲ့ သဘောမျိုးရှိနေ။ ဒီသဘော ဆရာဒဂုန်တာရာ ပြောဆဲ။ ဆရာဒဂုန်တာရာက လူငယ်တွေကို ခေတ်ပြိုင်ခံစားမှုကို လွတ်လပ်ကာရန် စနစ်နဲ့ ရဲရဲတွေးပြီး ရဲရဲရေးကြပါ လို့လည်း ပြောခူး။ ဆရာဒဂုန်တာရာရဲ့ လွတ်လပ်ကာရန် စနစ်ဆိုတာကိုတော့ ဆရာမောင်စွမ်းရည်က "မာယာ"ကဗျာရှည်ကို နမူနာပြပြီး တလေကျာနယ်မှာ ဆောင်းပါးရေးခဲ့ဖူးပါတယ်၊ ၁၉၉၅။

အခု (၁၉၉၉) မတ်လထုတ် ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်းမှာ ဆရာဒဂုန်တာရာရဲ့ "မိုင်နိုရေတနင့် ပန်းလိပ်ပြာ"ဆိုတဲ့ ကဗျာကို ဖတ်လိုက်ရပါတယ်။ ကဗျာကတော့ လေးလုံးစပ်ကဗျာပါပဲ။ အဲဒီကဗျာမှာ ဆရာဒဂုန်တာရာရဲ့ ကာရန်ယူပုံတွေက အစဉ်အလာ လေးလုံးစပ် ကာရန်ယူပုံတွေနဲ့တော့ မတူတူးပေါ့။ ဆရာဒဂုန်တာရာရဲ့ ကာရန်ယူပုံက သမားရိုးကျ လေးလုံးစပ်ကဗျာမှာ တွေ့ရတဲ့ ၄-၃-၁/ ၄-၃-၂/၄-၁/၄-၂/၃-၁/၃-၂/၄-၃ ဆိုတဲ့ အခြေခံစပ်နည်း(၇)ချက်ကို ကျော်နေတာ တွေ့ရမယ်။ ဒီသဘောကို မေယုသီမဂ္ဂဇင်းထဲက မြတ်ရဲ့ကဗျာ (နောင်ကြီး လေးရာ) နဲ့ယှဉ်ပြီး ပြောရင်ပိုပြီး မြင်သာပါလိမ့်မယ်။ မြတ်က ဒီလိုရေးထားတယ်။

"မောလျှမ်းရိပ်၊ အိပ်မက်ဆီလာ
မာယာချစ်စိတ်၊ အိမ်မြေ့မိတဲ့
နှောင်တည်း ရစ်ငင်၊ မရှည်ရှင်လည်း
ကိုယ်ပဲ သိလျက်၊ အသိခက်ပေ
မေ့တော့မောင်ရယ်၊ မရှန်းဖယ်မီ
သူးခေါ်ပြီသို့"

ကာရန် နေရာတွေကို မျဉ်းသားပြထားပါတယ်။ အဲဒါ အစဉ်အလာလေးလုံးစပ် ကာချာရဲ့ အလွတ်လပ်ဆုံး ကာရန်ယူပုံ သာဓကတချို့ပါ။ မြတ်က လေးလုံးစပ်ပီပီ တစ်ပါဒမှာ စကားလုံး(ဝဏ္ဏ) လေးလုံးနဲ့ သုံးထားတယ်။ ကာရန်ကိုလည်း သမားရိုးကျ စနစ်အတိုင်း ယူသွားတာတွေ့ရမယ်။

ဆရာဒဂုန်တာရာ ဘယ်လိုရေးထားသလဲ။ ကြည့်ပါ။

"ပန်းဖြူးပြက်၊ (ဖိတ်) လက်ရှပ်ပုံ
လွဲမှား (စိတ်) ထင်၊ အမြင်မတူ"

မျဉ်းသားထားတာတွေ ကာရန်ပါ။ လက်သည်းကွင်းထဲကဟာ ကာရန်ပါ။ "ပြက်" "လက်"၊ ၄-၂ ပေါ့။ ဟော "ဖိတ်လက်ရှပ်ပုံ"ကို "လွဲမှားစိတ်ထင်" ဆိုပြီး ပါဒချင်း ဆက်လိုက်တော့ အဲဒီမှာ ကာရန်က "ဖိတ်"နဲ့ "စိတ်"၊ ၁-၃ ဖြစ်နေရော။ "ပြက်"နဲ့ "လက်"သံပြတ်နှစ်ခုကြားမှာ အသံဝင်နေတဲ့ "ဖိတ်"ကိုမှ ဆရာဒဂုန်တာရာက "လွဲမှားစိတ်ထင်"က "စိတ်"နဲ့၁-၃ ဆိုပြီး (ယူချင်သလို) ကာရန်ယူလိုက်တာကို တွေ့ရတော့တာပဲ။ အဲဒါမျိုးကိုပဲ ဆရာဂုန်တာရာရဲ့ လွတ်လပ်ကာရန်စနစ်လို့ ပြောကြတာလား။ ပြီးတော့ ဆရာဒဂုန်တာရာရဲ့ ကာချာ (လေးလုံးစပ်)မှာ လွတ်လွတ်လပ်လပ် ရေးတဲ့ဟန်က ဝဏ္ဏ(စကားလုံး)က လေးလုံးတည်း အသေမဟုတ်တာပဲ။ ဒိုင်နိုဆောကာချာပြန်ကြည့်။

"သုတေသန၊ ပညာရှင်တို့က
ရှာဖွေတွေ့လောက်၊ ကျောက်ဖြစ်ရုပ်ကြွင်း
ယနေ့ မော်ဒန်ခေတ်တွင်၊ ဒိုင်နိုဆောရုပ်ကလေး
စိတ်ကူးပုံသေး၊ ကလေးကစားစရာ
စားပွဲပေါ်မှာ၊ အလှတင်ထားကြပေကော"

ဝဏ္ဏအရေအတွက်လေးလုံးဆိုတဲ့ ကန့်သတ်ချက်ကို ကျော်နေတဲ့ အဖွဲ့ပါ။ ကာရန်ယူနေပုံ ခုန်နေတာ တွေ့ရဦးမယ်။

ပ(ညာ)ရှင်တို့က
(ရှာ)ဖွေတွေ့လောက် (၂-၁)
ကျောက်(ဖြစ်) ရုပ်ကြွင်း (၄-၁)

ယခနေ့ မော်ဒန် (ခေတ်)တွင် (၂–၅)

မြင်နဲ့ ဆရာဒဂုန်တာရာတို့ရဲ့ ကဗျာတွေကို ယှဉ်ကြည့်တဲ့အခါ မြင်ကာဂျာ လေးလုံးပါတာ၊ ကာရန်ပါတာတွေ့ရမယ်။ ဆရာဒဂုန်တာရာက လေးလုံးလွှန်နဲ့ ကာရန်လွှန်ပေါ့။

ပြီးတော့ ဆရာဒဂုန်တာရာရဲ့ကဗျာ (ဒိုင်နိုဆောနှင့် ပန်းလိပ်ပြာ)မှာ ကာရန် လုံးလုံးမပါတဲ့ (ကာရန်လွတ်နေတဲ့) ပါဒတွေလည်း တွေ့လိုက်ရတော့ ဆရာဒဂုန်တာရာ က လူငယ်တွေကို ကာရန်မစွန့်စေချင်ဘူး ပြောထားပေမဲ့၊ ဆရာဒဂုန်တာရာ ကိုယ်တိုင်ကာရန်ကို စွန့်ပစ်လိုက်သလို ဖြစ်နေတာ အခုလို တွေ့ရပါတယ်။

"ယခနေ့ မော်ဒန်ခေတ်တွင်၊ ဒိုင်နိုဆောရုပ်ကလေး"

အဲဒီပါဒနှစ်ခုမှာ ဘာကာရန်မှ မပါပါဘူး။ အဲဒါကိုပါပါတယ်။ ဒီမှာ မတွေ့ဘူးလား။

(ယ)နေ့ မော်ဒန်ခေတ်တွင်

ဒိုင်နိုဆောရုပ်(က)လေး(၁–၅)ဆိုပြီးတော့များ မလုပ်လိုက်ပါလေနဲ့။ ကြည့်မကောင်းပါဘူး။ ပြီးတော့–

"နိမိတ်ပုံလော၊ တင်စားလေသည်

သက်ရှိကျောက်ဖြစ်ရုပ်ကြွင်းတဲ့လေ"

အဲဒီပါဒတွေမှာလည်း ကာရန်မပါပါဘူး။ ဒါကိုလည်း

တင်စား(လေ)သည်

သက်ရှိကျောက်ဖြစ်ရုပ်ကြွင်းတဲ့ (လေ) (၃–၈)ဆိုပြီး ကာရန်ရှိတယ်လို့ မပြောစေချင်ပါ။ မသင့်လှပါ။ တကယ်က–

နိမိတ်ပုံ(လော)

တင်စား(လေ)သည်မှာ "လော"နဲ့ "လေ"က "အော"နဲ့ "အေ" သရသံ ကာရန်ချင်း မတူပေမဲ့ အခြေခံတဲ့ "လ"အက္ခရာချင်းတူ၊ "လော"နဲ့"လေ" သံပြေချင်းတူ(အသံလိုက်ချင်းတူ)နေလို့ ဖတ်လို့ဆိုလို့ သင့်မြတ်သေး။ ဆိုပါတော့ ဆရာဒဂုန်တာရာရဲ့ ကဗျာကို–

နိမိတ်ပုံ(လော)

တင်စား(လေ)သည်

လူ(လို) ကျောက်ဖြစ်ရုပ်ကြွင်း(၄–၃–၂) စသည်ဖြင့် အဲဒီလို စိတ်နဲ့ပြင်ရေး ကြည့်မယ်ဆိုရင် "လော–လေ–လို"ဟာ အသံအရသာတစ်ခုကို အနည်းနဲ့အများတော့ ပေးမှာပါပဲ။

အခု လူငယ်တွေရေးနေတဲ့ ခေတ်ပေါ်ကဗျာတွေဟာ ကာရန် (သရသံတူ)တွေ (ဥပမာ "လော"ဆိုရင် "ပါ" "မာ" "နာ" "ကာ" စသဖြင့်) မပါပေမဲ့ အသံလိုက်ချင်း

လှတဲ့ စကားလုံးတွေ "လာ–ဆလ–လို"လိုဟာမျိုး) ပါနေတတ်ပါတယ်။

ဥပမာ–ခေါ်း (လွှမ်းခြိုကုန်း)ရဲ့ ကဗျာပေါင်းတစ်ပုဒ် (မတ်လ ရင်ခုန်သံ၊ မိုးဓေ၊ မတ် ၁၉၇၈) ထဲက–

"လျှိုမြောင်ပြတ်သန်း

ချောင်းရိုးစုန်ဆင်း"

အဲဒီအဖွဲ့မှာ ကာရန် (သရသံတူ) မပါပါဘူး။ ဒါပေမဲ့ "လျှို–မြောင်–စုန်" (သံပြေ)၊ "သန်း–ချောင်း–ရိုး–ဆင်း"(သံပြင်း) အဲဒါတွေက အသံလှိုင်းတူသဘောနဲ့ အသံအရသာ ရှိနေတာပဲ မဟုတ်ဘူးလား။

အခုမြတ်ရဲ့ သမားရိုးကျလေးလုံးစပ်ကို ပြောခဲ့တယ်။ ဆရာဇဂနွတာရာရဲ့ လွတ်လပ်လေးလုံးစပ်ကို ပြောခဲ့တယ်။ ဒီတစ်ခါပြီး လွတ်လပ်တဲ့ ခေတ်ပေါ်ကဗျာ တစ်ပုဒ်ကို ပြောကြည့်ပါမယ်။ နှမ္မနာပြချင်တဲ့ ကဗျာကတော့ (ကလျာ)ထဲက အေးသင်မျိုးရဲ့"နှင်းခွဲမီး"ကဗျာပါ။ ကောက်နုတ်ဖော်ပြပါရစေ။

ခြေကျင်ခရီးတွေ မျိုးမပြုန်းခင်

တယုတယ ခေါက်သိမ်းခဲ့တဲ့ မြေနီလမ်းလေး။

လမ်းတမ်းတတ...။

ခေတ်လွန်လူတချို့ လရောင်ကို

စိုးအားမြှင့်ဖက်မတင်ခင်

လမင်းနဲ့ရွာရိုးတစ်လျှောက် လှမျိုလှည့်ချင်မိသူ။

လွတ်လွတ်လပ်လပ်...။

လုံးမခေါက်ခင် ပြယ်သွားတဲ့ ကြယ်တချို့ရေ

လမ်းကြားတွေထဲ နှင်းခါးမျှားပိတ်ဆို့။

ထူထူထပ်ထပ်...။

ဒီကဗျာဟာ လေးလုံးစပ်မဟုတ်ပါ။ အေးသင်မျိုးက မြတ်လိုမရေးဘူး။ ဆရာဇဂနွတာရာကို မရေးဘူး။ လေးလုံးစပ်မဟုတ်၊ ခေတ်ပေါ်။ ဒါပေမဲ့ အဲဒီခေတ်ပေါ် ထဲမှာ လေးလုံးစပ်ရဲ့ သဘောကို အသုံးချထားတာ တွေ့ရမှာပဲ မဟုတ်လား။

"လမ်းတမ်းတတ လွတ်လွတ်လပ်လပ် ထူထူထပ်ထပ်" သုံးပါဒလုံး လျှော့(၄)လုံးစီ အတိအကျ။

ဒီနေ့ လူငယ်ကဗျာရေးသူတွေဟာ မြတ်ရဲ့ "နောင်ကြိုးလေးရာ"လိုလည်း သမားရိုးကျ လေးလုံးစပ် မရေးကြတော့ဘူး။ ဆရာဇဂနွတာရာလို (ရေးချင်သလို ရေးတဲ့) လွတ်လပ်လေးလုံးစပ်ကိုလည်း မရေးကြတော့ဘူး။ ဒီနေ့လူငယ်အများစု ရေးနေကြတာက ခေတ်ပေါ်ပဲ။ အဲဒီခေတ်ပေါ်ထဲမှာတော့ လေးလုံးစပ်ရဲ့တန်ဖိုး (အသံနဲ့စကားလုံးကျစ်လျစ်မှု) ကို ယူအသုံးချချင် ချမယ်ဆိုတာတိုပါ။ အဲဒါ

ကျွန်တော်တို့ ဒီစင်ဘာ ၂၈ ကဗျာဖတ်သူများ အရင်ဆုံးပြောမိကြတဲ့ အချက်ပါပဲ။ ဒါနဲ့ တစ်ဆက်တည်း အေသင်ရှိုးရဲ့ "တမ်းတမ်းတတ… လွတ်လွတ်လပ်လပ်… ထူထူထပ်ထပ်"တို့ကို လေးလုံးစပ်သဘော(ဂဏ္ဍလေးလုံး)အနေနဲ့အပြင် သဒ္ဒါလွန်အဖွဲ့ အနေနဲ့ပါ သတိပြုမိတာပါပဲ။

လမင်းနဲ့ရွာရိုးတစ်လျှောက် လူမျိုးလှည့်ချင်မိသူ။

လွတ်လွတ်လပ်လပ်…

လမင်းနဲ့ ရွာရိုးတစ်လျှောက် **လွတ်လွတ်လပ်လပ်**

ကြိဝိ

**လူမျိုးလှည့်ချင်မိသူ**

ကြိ

လမ်းကြားတွေထဲ နှင်းခါးများပိတ်ဆို့။

ထူထူထပ်ထပ်…

လမ်းကြားတွေထဲ နှင်းခါးများ **ထူထူထပ်ထပ် ပိတ်ဆို့**

ကြိဝိ ကြိ

ဒီနေ့ခေတ်ပေါ် ကဗျာဟာ ကာရန်ကိုလည်း လွန်လာခဲ့ပြီ။ ဂဏ္ဍလေးလုံးဆိုတာ ကိုလည်း လွန်လာခဲ့ပြီ။ သဒ္ဒါကိုလည်း လွန်ခဲ့ပြီမဟုတ်လား။ ခေတ်ပေါ်ကဗျာဆိုတာ ဘာသာစကားရဲ့ ကဗျာသစ်ပဲပေါ့။

ပြီးတော့ နောက်တစ်ခါ မော်လ (၁၉၉၉)မဂ္ဂဇင်း ကဗျာတွေကို ဖတ်ပြီး ကျွန်တော်တို့ ပြောဖြစ်ကြတာက ခေတ်ပေါ်ကဗျာမှာ တွေ့ရတဲ့ ပြကတေ့သဘော၊ တင်စားမှုနဲ့ သင်္ကေတအကြောင်းတွေပါ။

ချယ်ရီ ထဲက မောင်နှမ်းဆေ (ဇန်းမော်)ရဲ့ "အိမ်ငှား"ကဗျာ။

မျက်ရွှဲ/ကဲလား၊ အာရုံကြော/တယ်လီဖုန်းကြိုး၊ နံရိုး/ထုပ်လျောက်တန်း၊ သွေးမျှင်/ပင့်ကူအိမ်၊ အစာအိမ်/မီးဖိုချောင်၊ ဦးနှောက်/စတိုခန်း၊ အိမ်ငှားသူ/ဝိညာဉ်စသဖြင့် မောင်နှမ်းဆေ(ဇန်းမော်)က လူ့ခန္ဓာကိုယ်နဲ့အိမ်ကို တစ်စုချင်းတင်စား ထားပြီး၊ တစ်ခုလုံးအနေနဲ့ ဝိညာဉ်ကို အိမ်ငှားအဖြစ် တင်စားရေးဖွဲ့ထားတာပါပဲ။ တင်စားမှုတိုင်း သင်္ကေတဖြစ်သလား။ မဖြစ်ပါ။ သို့သော် တင်စားရေးဖွဲ့မှုဟာ ပြကတေ့သဘောနဲ့လည်း ခြားနားနေပါတယ်။ ပြကတေ့သဘော ရေးဖွဲ့တာနဲ့ ပတ်သက်လို့ နမူနာပြရမယ်ဆိုရင်တော့—

**တချို့ကြည့်တောင်**

တော်လမ်းအရ

တောနှင့်တောင်က အချိုတ်အဆက်မမိလေတော့

စားဝါပင်လို တိတိတိတိကြွနေရကြောင်း

ချိတ်ဆွဲထားတဲ့ခေါင်းလောင်းလို တိတ်တိတ်နေရကြောင်း
မြစ်မင်းကို မှန်ထောင်ပြမိတယ်။
ရင်ပြင်တော်မှာ
ကလေးလေးတွေက လေယာဉ်ပျံရုပ်ထိုးကစားလို့၊
အစီအစဉ်အရ
နေရောင်က ငါးတစ်ကောင်ကို ဆလိုက်ထိုးမပြတော့
စိတ်နဲ့
စေတီယောင်းကို ထုံးဖြူဖြူသုတ်ပြီးကြောင်း
ခြေတော်ရာကို ရွှေအတိချပြီးကြောင်း
မြစ်မင်းကို မှန်ထောင်ပြရင်း
ရနံ့တစ်ခု၏ တစ်နေ့တာ
ကျောက်သားမှာ မင်ပြာနဲ့ရေးခဲ့တယ်။ ။

**ခင်အော်မြင့်**
**[မြဘနုတ်မောင်]**

ခင်အော်မြင့်က တန့်ကြည့်တောင်အကြောင်း ဖွဲ့ထားတာပါ။ သမားရိုးကျ မြေပုံဖွဲ့၊ ပထဝီဝင်၊ ဒေသန္တရဗဟုသုတဖွဲ့ ဖွဲ့သလိုတော့ မဟုတ်ဘူးပေါ့။ ခေတ်ပေါ်ကဗျာကောင်းတစ်ပုဒ်ရဲ့ စိတ်ကူးနဲ့ ရေးဟန်ကိုတွေ့ရမယ်။ အတွေးဆန်းသစ်၊ စကားလုံးဆန်းသစ်။ ဒီကဗျာထဲမှာ တစ်စုံတစ်ရာ တင်စားမှု ("စကားပေါ်ပင်လို"၊ "ခေါင်းလောင်းလို"၊ "ကျောက်သားမှာ မင်ပြာနဲ့ရေး"စတဲ့ အလင်္ကာတချို့) ပါတာ ကလွဲလို့ ဒီကဗျာဟာ တန့်ကြည့်တောင်ကို ပြကတေ့ သဘောဖွဲ့ထားတဲ့ ကဗျာပါပဲ။ ဆက်ပြီးတော့ နောက်ထပ် ကဗျာတစ်ပုဒ်ကို ဖတ်ကြည့်ပါဦး။

## ကြယ်မီဝင်စား

အစောင်းက
လွမ်းချင်းတွေလို ဆွေးဆွေးနို့၊
ဒီမှာ
မေတ္တာသာရေးရဲ့ ပုံတူတောင်တန်းများ
မျှော်လင့်ချိမ်းနဲ့ ညို့ညို့တောအုပ်များ
မိုးသည်းနှင်းထန်ဥတုများ
ကောင်းကင်တစ်စိုက
လိုရာဆိုက်ငှက်လေးများကို ကြည့်မြင်တိုင်း
အထူးပင်မှိုင်းလာသော ရွှေတိကျင်လှိုင်းများ။

ဪ…
အိမ်ရှေ့ဝင်နေတဲ့ အဖျားရွေ့ရွေ့တွေက
ကျွန်တော့်တံခါးပေါက်ကို တခေါက်ခေါက်ခေါက်လို့။ ။

**စံညိမ်းဦး**
**[ရုပ်ရှင်တေးကဗျာ]**

"ကြယ်ဝင်စား"ကိုတော့ သင်္ကေတရယ်လို့ ယူဆရမှာပါ။ ဒီကဗျာဟာ ပြကတေ့သဘောကို မဆောင်ပါဘူး။ တင်စားမှု (အလင်္ကာတွေ) မပါပါဘူး။ စံညိမ်းဦးရဲ့ကြယ်က ကောင်းကင်ပေါ်မှာ လင်းလက်ဆဲကြယ်လား၊ ကြွေလွင့်သွားတဲ့ ကြယ်လား၊ လင်းကြယ်လား ကြွေကြယ်လား။ ဝင်းစားတယ်ဆိုတော့ ကြွေကြယ်ပေါ့။ ကြယ်က ကြွေပြီးမှ ဝင်စားလို့တာကလား။

"ကျွန်တော့်တံခါးပေါက်ကို တခေါက်ခေါက်ခေါက်လို့"

"ကျွန်တော်" ဆိုတာပါလာပြီ။ ကျွန်တော်ဆိုတာ "လူ"ပေါ့။ လူနဲ့ကြယ်၊ ကြယ်ကသင်္ကေတ။ လူက သင်္ကေတမဟုတ်။ အခုပြောခဲ့တဲ့ ကဗျာသုံးပုဒ် "အိမ်ငှား"၊ "တန့်ကြည့်တောင်"၊ "ကြယ်ဝင်စား"ကိုတော့ ဒီခေတ်က (၁၉၉၉)မှာ ဖတ်ရတဲ့ မဂ္ဂဇင်းကဗျာတွေထဲ အတော့်ကို ခွဲလမ်းမိကြပါတယ်။

နောက်ထပ်ပြောချင်သေးတဲ့ ကဗျာနှစ်ပုဒ်ကတော့ အောင်လွမ်းမြိုင်ရဲ့ "ပန်းသပိုအိမ်" (ချယ်ရီ)နဲ့ ဝင်းမြင့်ရဲ့ "ကျွန်တော်နဲ့အနေစိမ်းတဲ့ တံခါးတစ်ချပ်" (ရုပ်ရှင်တေးကဗျာ)

"ပေပေါ်တင်ထုတဲ့အခါ
သံပူပြာနှင့်တွေ
အမေ့ခြေဖမိုးနဲ့
လက်ဖျံပေါ်က အရေပြားတွေ
ရှော့နဲ့ထွက်ခဲ့" (အောင်လွမ်းမြိုင်)

ကဗျာကိုဖတ်ရင်း စိတ်ထဲရှော့နဲ့ ရှသွားစေတဲ့ အထိပါ။ ကျွန်တော်တို့ ဒီခေတ် ၂၀ ကဗျာဖတ်သူများ အစေးပြုရတဲ့ အရွဲ့အရွဲ့ပေါ့။

"အိမ်က ကွမ်းလာတဲ့အလွမ်းဟာ
သူငယ်ချင်းရဲ့ ကွန်မျူတာရှေ့ရောက်တော့
စကားလုံးပဲကျန်တော့တယ်"(ဝင်းမြင့်)

လွတ်လှပတဲ့ အရွဲ့ကလေးပေါ့ပဲ။ အဲဒီလို စကားလုံး၊ ခံစားမှု၊ ယတ်ဆတ်မှုကို တွေ့ရတော့ ဒီခေတ်က (၁၉၉၉) မဂ္ဂဇင်းတွေထဲက စကားလုံး ကုလားဖန်ထိုးတဲ့ ကဗျာတချို့ကိုလည်း သတိပြုလိုက်မိပါတယ်။ ထုတ်ပြပါရစေ။

ဪ...
အိမ်ရှေ့ဝင်နေတဲ့ အဖျားရွှေ့ရွှေ့တွေက
ကျွန်တော့်တံခါးပေါက်ကို တခေါက်ခေါက်ခေါက်လို့။ ။

**စံညိမ်းဦး**
**[ရုပ်ရှင်တေးကဗျာ]**

"ကြယ်ဝင်စား"ကိုတော့ သင်္ကေတရယ်လို့ ပြဆိုရမှာပါ။ ဒီကဗျာဟာ ပြကတော့သဘောကို မဆောင်ပါဘူး။ တင်စားမှု (အလင်္ကာတွေ) မပါပါဘူး။ စံညိမ်းဦးရဲ့ကြယ်က ကောင်းကင်ပေါ်မှာ လင်းလက်ဆဲကြယ်လား၊ ကြွေလွင့်သွားတဲ့ ကြယ်လား၊ လင်းကြယ်လား ကြွေကြယ်လား။ ဝင်းစားတယ်ဆိုတော့ ကြွေကြယ်ပေါ့။ ကြယ်က ကြွေပြီးမှ ဝင်စားလို့တာကလား။

"ကျွန်တော့်တံခါးပေါက်ကို တခေါက်ခေါက်ခေါက်လို့"

"ကျွန်တော်" ဆိုတာပါလာပြီ။ ကျွန်တော်ဆိုတာ"လူ"ပေါ့။ လူနဲ့ကြယ်။ ကြယ်ကသင်္ကေတ၊ လူက သင်္ကေတမဟုတ်။ အခုပြောခဲ့တဲ့ ကဗျာသုံးပုဒ် "အိမ်ငှား"၊ "တနုံ့ကြည့်တောင်"၊ "ကြယ်ဝင်စား"ကိုတော့ ဒီမတ်လ (၁၉၉၉)မှာ ဖတ်ရတဲ့ မဂ္ဂဇင်းကဗျာတွေထဲ အတော့်ကို ခွဲလမ်းမိကြပါတယ်။

နောက်ထပ်ပြောချင်သေးတဲ့ ကဗျာနှစ်ပုဒ်ကတော့ အောင်လွမ်းမြိုင်ရဲ့ "ပန်းသဲမိုးအိမ်" (ချယ်ရီ)နဲ့ ဝင်းမြင့်ရဲ့ "ကျွန်တော်နဲ့အနေစိမ်းတဲ့ တံခါးတစ်ချပ်" (ရုပ်ရှင်တေးကဗျာ)

"မပေါ်တင်ထုတဲ့အခါ
သံပူပြာမှုန့်တွေ
အဖေ့ခြေဖမိုးရဲ့
လက်ဖျံပေါ်က အရေပြားတွေ
ရှော့ခ်နဲ့ထွက်ခဲ့" (အောင်လွမ်းမြိုင်)

ကဗျာကိုဖတ်ရင်း စိတ်ထဲရှော့ခ်နဲ့ ရေရွှားစေတဲ့ အထိပါ။ ကျွန်တော်တို့ ဒီစင်ဘာ ၂၀ ကဗျာဖတ်သူများ အစလေးပြုရတဲ့ အရွဲ့အရွဲ့ပေါ့။

"အိမ်က လွှမ်းလာတဲ့အလွှမ်းဟာ
သူငယ်ချင်းရဲ့ ကွန်ပျူတာရှေ့ရောက်တော့
စကားလုံးပဲကျန်တော့တယ်"(ဝင်းမြင့်)

လွှတ်လှပတဲ့ အရွဲ့ကလေးပါပဲ။ အဲဒီလို စကားလုံး၊ စံထားမှု၊ ပေါက်ဆတ်မှုကို တွေ့ရတော့ ဒီမတ်လ (၁၉၉၉) မဂ္ဂဇင်းတွေထဲက စကားလုံး ကုလားဖန်ထိုးတဲ့ ကဗျာတချို့ကိုလည်း သတိပြုလိုက်မိပါတယ်။ ထုတ်ပြပါရစေ။

"မလည်မဝယ်နဲ့ မလွယ်ကြောသွားနိုင်မိ
မလည်သူကို မဝယ်ပါဘူးတဲ့
ကိုယ့်ကိုယ်ကို ရောင်းစားဖို့လည်း မလွယ်ပါလားနော်"

"ကိုယ့်ကိုစောင့်ခေါ်နေတဲ့ စိတ်ကိုတောင်
စောင့်ခေါ်ချင်စိတ်မရှိလောက်အောင်
စောင့်ခေါ်နေရတဲ့ ဘဝပါကွာ"

"အခုတော့လွမ်းဆွတ်ခြင်းတွေက
လွမ်းဆွတ်ခြင်းများစွာနဲ့ ငါ့ကို လွမ်းဆွတ်နေကြပေါ့"

အဲဒီစကားလုံး ကုလားမန့်ထိုးတာတွေကလည်း ဒီနေ့ခေတ်ပေါ် ကဗျာမှာ အတွေ့ရများလာတာဟာ ဖော်ပိုင်လား၊ စတန့်လား။ ဒါမျိုးဟာ ဝေနာလက်ဘဲ သက်သက်တွေပါ။ ခေတ်ပေါ်ကဗျာက လူတုဆန်ချင်လို့ပဲလား။ အရပ်ထဲ လူရပ်ထဲမှာတော့ ပြောတတ်ကြတဲ့ ဝေနာလက်ာရတဲ့စကား—

"ဆရာ့ဆက် ဆရာတဲ့ ဆရာတောင် ဆရာ့လောက် မဆရာပါဘူး ဆရာရယ်"တဲ့။

*

# 4

ဒီဇင်ဘာ ၂၀ ကဗျာကအမေးတေးခိုးယားကာနေပြီး မဂ္ဂဇင်းကဗျာများ (၁၉၉၉)ကို ကျွန်တော်တို့ ဥာဏ်မီသလောက် လေ့လာသုံးသပ်ခဲ့ကြပါတယ်။ ကျွန်တော်တို့ လေ့လာသုံးသပ်မိသမျှကိုလည်း ရှယ်ရီမဂ္ဂဇင်းကနေ လစဉ်တင်ပြခဲ့ကြပါတယ်။

ဒီလိုတင်ပြခဲ့ကြတဲ့ နေရာမှာ ကျွန်တော်တို့ ဒီဇင်ဘာ ၂၀ ကဗျာဖတ်သူများရဲ့ အမြင်နဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့ အခြားကဗျာဖတ်သူတွေရဲ့ အမြင်တွေကလည်း မတူမညီ ကွဲလွဲကောင်း ကွဲလွဲနိုင်တာမျိုး ရှိကောင်းရှိနိုင်ပါလိမ့်မယ်။ အဲဒီလို ကွဲလွဲနေတာရှိရင်လည်း ကျွန်တော်တို့ ဒီဇင်ဘာ ၂၀ ကဗျာဖတ်သူများဘက်က ရိုးသားစွာပဲ တောင်းပန်အပ်ပါတယ်။ သူ့အမြင် ကိုယ့်အမြင် ဒီလိုပဲ ကွဲလွဲနိုင်ပါလိမ့်မယ်။ ကျွန်တော်တို့ ဒီလိုပဲယူဆထားကြပါတယ်။

ဒီလိုမှ မဟုတ်ဘဲ ကျွန်တော်တို့ ဒီဇင်ဘာ ၂၀ ကဗျာဖတ်သူတွေရဲ့ အမြင်နဲ့ အခြားကဗျာဖတ်သူများရဲ့အမြင် ထပ်တူမကျရင်တောင် ယေဘုယျအနေနဲ့ တူညီတယ်လို့ ဆိုနိုင်တဲ့ အနေအထားမျိုးလည်း ရှိမှာပါ။ အမြင်တူသည်ဖြစ်စေ၊ မတူညီတဲ့ဖြစ်စေ၊ ကျွန်တော်တို့ဘက်က ကျွန်တော်တို့အမြင်ကိုတော့ ကျွန်တော်တို့ ဥာဏ်မီသလောက် ဆက်လက်လေ့လာ သုံးသပ်တင်ပြသွားဖို့ ကြိုးစားကြည့်ကြပါမယ်။ ကျွန်တော်တို့ ဒီဇင်ဘာ ၂၀ ကဗျာဖတ်သူများ မှားနေတာရှိရင် အများက၊ ပညာရှင်များက ဝိုင်းဝန်းဝေဖန်ပေးကြပါ၊ အမှားပြင်ပေးကြပါခင်ဗျား။

အခု ဧပြီလထုတ် မဂ္ဂဇင်းတွေအကြောင်း မပြောခင်ပြီးခဲ့တဲ့ မတ်လ မဂ္ဂဇင်း တွေထဲမှာ ကျွန်တော်တို့ ဒီဇင်ဘာ ၂၀ ကဗျာအလုပ်ရုံ ဆွေးနွေးပွဲ ကလေးကနေ အကြိုက်ဆုံးလို့ သတ်မှတ်ခဲ့တဲ့ ကဗျာကို ဦးစွာဖော်ပြခွင့် ပြုစေလိုပါတယ်။ အဲဒီ ကဗျာကတော့—

**တနှံ့ကြည့်တောင်**

တောင်လမ်းအခါ
တောနှင့်တောင်က အချိတ်အဆက်မမိလေတော့
ကေသဝါပင်လို တိတ်တိတ်ကြွေနေရကြောင်း
ရိုက်ခဲ့ထားတဲ့ခေါင်းလောင်းလို တိတ်တိတ်နေရကြောင်း
မြစ်မင်းကို မှန်ဆောင်ပြမိတယ်။
ရင်ပြင်တော်မှာ
ကလေးလေးတွေက လေယာဉ်ပျံရုပ်ထိုး ကစားလို့။
အစီအစဉ်အခါ
နေရောင်က ငါးတစ်ကောင်ကို ဆလိုက် ထိုးပြတော့
စိတ်နဲ့
ဆေးတီဖယောင်းကို ထုံးဖြူဖြူသုတ်ပြီးကြောင်း
မြေတော်ရာကို ရွှေအတိချပြီးကြောင်း
မြစ်မင်းကို မှန်ဆောင်ပြရင်း
ရနံ့တစ်ခုဏ် တစ်နေ့တာ
ကျောက်သားမှာ မင်ပြာနဲ့ရေးခဲ့တယ်။ ။

**ခင်ဇော်မြင့်**
**[မြားနတ်မောင်]**

ဒီတစ်ခါ ဧပြီလထုတ် (၁၉၉၉) မဂ္ဂဇင်းကဗျာတွေကို ဖတ်ရင်း ကျွန်တော်တို့ အဓိကပြောပြဖြစ်ကြတဲ့ အကြောင်းတွေက နှစ်ခုရှိပါတယ်။ တစ်ခုက စကားပြေကဗျာကိစ္စ၊ နောက်တစ်ခုက (ကဗျာနဲ့ ကဗျာဆရာရဲ့) ဓလေ့နောက်ခံတို့ပဲဖြစ်ပါတယ်။

## စကားပြေကဗျာကိစ္စ

အခုနောက်ပိုင်းမှာ ခေတ်ပေါ်ကဗျာတွေကို စကားပြေဆန်လာတယ်၊ တချို့ကလည်း စကားပြေလုံးလုံးဖြစ်နေတယ်လို့ ဝေဖန်လာကြတာတွေလည်း ရှိနေပါတယ်။

ယေဘုယျအားဖြင့်တော့ ခေတ်ပေါ်ကဗျာ(အများစု)ဟာ စကားပြေအလေ့ကို အားပြုတယ်၊ ကဗျာမှာ စကားပြေရဲ့ အာနိသင်ကို အသုံးချတယ်ဆိုပြီး အတတ်ပညာသဘောအရ ရှိပါတယ်။ ဥပမာအနေနဲ့ ပြနိုင်တာက မောင်ဒီလိုကဗျာမျိုး။

**ညနေခင်း ဆူးလေမှတ်တိုင်**

နီလေးတွေကို အစာကျွေးချင်ပေမဲ့
အိတ်ကပ်ကချွင့်မပြု။

ဒီနေ့
ခြေတစ်နေရာလက်တစ်နေရာမြို့
မနက်ခြင်း
သူ့ကိုအခေါ်များစွာမှာလိုပဲ
မေ့ထားခဲ့ရ။
လသွန်ရွေ့များကြားမှာ
ခပ်လှမ်းလှမ်းက ဆည်းလည်းသံတွေ
ငါ့ကိုအရက်ရစေတယ်။ ။

**အေးမင်းဇော**

**[ရန်ကုန်သစ်]**

ဒီလိုမှမဟုတ်ဘဲ တချို့ကျတော့လည်း ခေတ်ပေါ်ကဗျာဟာ စကားပြေကို တုပလွန်းအားကြီးသွားတဲ့အတွက် ကဗျာ/စကားပြေ ရောယှက်ပြီး ကဗျာမဟုတ်တော့ စကားပြေဖြစ်သွားရဲ့ဆိုပြီး ပြောဆိုလာကြပါတယ်။

ဒီကနေ့မှာကလည်း စကားပြေကဗျာ **(Prose poem)** ဆိုပြီး ရေးစပ်နေသူတွေ ရှိနေကြတဲ့ ကဗျာဆရာတချို့လည်း ရှိနေပါပြီ။ ဥပမာ–ထွန်းဝေမြိုင်။

ပြီးတော့ ရန်ကုန်သစ်မဂ္ဂဇင်း (ဧပြီ ၁၉၉၉)ထဲမှာ အိုအောင်ရဲ့ "စကားပြေ+ကဗျာ" ဆိုတဲ့ ဆောင်းပါးကိုလည်း ဖတ်လိုက်ရပါတယ်။

အစုမြားနုတ်ဖောင်ထဲက အိုအောင်ရဲ့ "အဖေနဲ့ အမေ" ကဗျာကို ကြည့်ရအောင်။ မဂ္ဂဇင်းမှာ အခုလို ဖော်ပြထားပါတယ်။

အဖေက ကျွန်တော့်ကို
ဒုတိယကမ္ဘာစစ်အကြောင်း
လွတ်လပ်ရေးတိုက်ပွဲတွေအကြောင်း
ရဲဘော်သုံးကျိပ်အကြောင်း
ပြောပြတယ်။
အမေက ကျွန်တော့်ကို
ရထားမှာသုံးပါးစေ့ဖို့
သူတစ်ထူး ကျေးဇူးသိဖို့
မေတ္တာတရားထက်ကိုင်ထားဖို့
ပြောပြတယ်။
ကျွန်တော့်အတွက်
အဖေဟာ
သမိုင်းတဲ့ဘာသာတစ်ခုဖြစ်ခဲ့ပြီး

အမေကတော့
ကြာပွင့်တွေနဲ့ ရောနှံတစ်ကန် ဖြစ်ခဲ့တယ်။ ။

ဒီလိုဖြစ်ပါတယ်။ စာကြောင်းစီပုံ ခေါင်းလိုက်သလောက်၊ ဒါကိုပဲ ကျွန်တော်တို့က (စိတ်ကူးနဲ့)စာကြောင်းကို အလျားလိုက် ဇီကြည့်လိုက်မယ်ဆိုရင်ကော။ ဆိုပါတော့—

"အမေက ကျွန်တော့်ကို၊ ဒုတိယကမ္ဘာစစ်အကြောင်း၊ ဗွတ်လုပ်အရေး တိုက်ပွဲတွေအကြောင်း၊ ရဲစွမ်းသတ္တိအကြောင်း၊ ပြောပြတယ်။ အမေက ကျွန်တော့်ကို၊ ရှာနာသုံးပါးမဖေ့ဖို့၊ သူတစ်ထူးကျေးဇူးသိဖို့၊ အတ္တာတရားလက်ကိုင်ထားဖို့၊ ပြောပြတယ်။ ကျွန်တော့်အတွက်၊ အမေဟာ၊ သန့်မာတဲ့တံတားတစ်စင်း ဖြစ်ခဲ့ပြီး၊ အမေကတော့၊ ကြာပွင့်တွေနဲ့ ရောနှံတစ်ကန် ဖြစ်ခဲ့တယ်"

စာကြောင်းစီပုံ ခေါင်းလိုက်နဲ့ အလျားလိုက် မတူညီတော့တဲ့အတွက် အနိမ့်ဆုံး အနေနဲ့ ဖတ်သူအတွက် အမြင်ပိုင်းဆိုင်ရာ **(Visual)** မှာ ကွဲပြားသွားနိုင်ပါတယ်။ ပြီးတော့ အသံပိုင်းဆိုင်ရာ **(Audio)** မှာလည်းတစ်မျိုးခြားသွားစေနိုင်ပါတယ်။

အိုအောင်ရဲ့ ကဗျာမှုရင်းအတိုင်း ခေါင်းလိုက်စီပုံဟာ မြင်သာထင်သာအောင် ပြောကြည့်ရရင် ခံစားမှုတစ်စုံတစ်ရာက ရင်ဘတ်ပေါ်ကို တဖြည်းဖြည်း စိုက်ကျလာပုံနဲ့ တူပါတယ်။ (ကျွန်တော်တို့ စိတ်ကူးနဲ့ ပြင်ရေးထားတဲ့) အလျားလိုက် စီပုံကတော့ ခံစားမှုက ရင်ဘတ်ထဲကနေ အပြင်ကို လျှောထွက်သွားတဲ့သဘော ဖြစ်မနေဘူးလား။

ကဗျာမှာ စာကြောင်းစီပုံဟာလည်း အတတ်ပညာတစ်ခု ဖြစ်ပါတယ်။ ကဗျာကို ခေါင်းလိုက်စီထားတဲ့အတွက် (စကားပြေမှာ သုံးရတဲ့) ပုဒ်ဖြတ်၊ ပုဒ်မတွေ သိပ်မလိုပါဘူး၊ ကဗျာတစ်ကြောင်းချင်းစီဟာ သံဖြတ် သံရပ်သဘော သက်ရောက်ပြီးသား ဖြစ်ပါတယ်။ ကဗျာစီပုံခေါင်းလိုက် ဒီနိုင်းဟာ ကဗျာရဲ့အသံကိုလည်း ပြဋ္ဌာန်းထားပါတယ်။

အလျားလိုက် ဒီနိုင်းမှာတော့ ကဗျာရဲ့အသံက ပျက်သွားပါပြီ။ ကဗျာစီပုံ ဒီနိုင်းအရ ကိုယ်ရှိက်က အလျားလိုက်စီပုံဟာ အမြင်ပိုင်းဆိုင်ရာ **(Visual)** မှာ ဖတ်သူကို ရှောင်းညာပျင်းရိသွားစေပါလိမ့်မယ်။ ပြီးတော့ အသံပိုင်းဆိုင်ရာ **(Audio)** မှာကျတော့ အဲဒီအလျားလိုက် ဒီနိုင်းကြောင့်ဖတ်သူက ကဗျာကိုဖတ်ရင်း (ကဗျာမဆုံးခင်) ကြားမှာ ရပ်နားစဉ်းစားတွေးတော စာမြို့ပြန်နိုင်တဲ့ အခွင့်အရေး မရှိတော့ဘူး ဆိုးရွှံ့သွားပြီး (စကားပြေပုံစံ) တရိုက်ဆုံးတဲ့အထိ အရင်ဖတ်ပြီးတော့မှပဲ ဖတ်သူက (စဉ်းစားချင်တာရှိရင်) ပြန်စဉ်းစားရတော့မှာပါ။

အဲဒီလို စကားပြေကဗျာ **(Prose poem)** ကြွေးကြော်တဲ့ ခေတ်ထဲမှာ ခေတ်ပေါ်ကဗျာတွေဟာ စကားပြေဆန်တယ်၊ စကားပြေဖြစ်နေတယ်ဆိုတဲ့ အသံတွေ ကိုလည်း ကျွန်တော်တို့ဆက်ပြီးကြားနေကြရဦးမှာပါပဲ။

အရေးကြီးတာကတော့ စကားပြေဆန်သည်ဖြစ်စေ၊ စကားပြေဖြစ်နေသည်ပဲ

ဖြစ်စေ၊ ဖေတ်ပေါ်ကဗျာပဲဖြစ်စေ ကဗျာဖြစ်မြောက်နေဖို့၊ ကဗျာရဲ့အလှတရားတွေ သက်ဝင်နေဖို့က အဓိကအကျဆုံးဖြစ်တယ်လို့ ကျွန်တော်တို့ ကဗျာဖတ်သူများက ယူဆထားကြပါတယ်။

ကဗျာ ကောင်း တစ်ပုဒ် ဟုတ် မဟုတ် ဆုံးဖြတ်တာက အဲဒီစကားအပြေဆန်တာတွေ မဆန်တာတွေ၊ စကားပြေလေသံတွေ ရစ်သမ်တွေ မဟုတ်ကြပါဘူး။ အဓိကကတော့ ကဗျာရဲ့ အလှတရား **Sense of beauty** ပါပဲ။

မြင်းရှက်တော့ရှိပါလိမ့်မယ်။ သိပ်ပြီးတော့ကို စကားပြေဆန်သွားတဲ့ ကဗျာအဖို့ ကတော့ တစ်မျိုးပေါ့။

တကယ်လို့ ကဗျာရဲ့အလှတရား ပါဝင်နေတယ်လို့ ဖတ်သူက လက်ခံတယ်ဆိုရင်တော့ အခုလို ကဗျာမျိုးကို ဘယ်သူကမှ စကားပြေဆန်တယ်လို့ စွပ်စွဲကြတော့မှာ မဟုတ်ဘူး။ ဖတ်ကြည့်ပါ။

**ရန့်ရထား**

ရထားဆိုက်ပြန့်ပြီလေ ...
သဏ္ဍာရာမ်စေ့ဦးမှာ
ကာလရန့်တွေ လျှော်ဝင်နေပုံများ
ဘယ်သူမှ သိသာမရှိကြပါနဲ့။
အလွမ်းတွေမှုန်နေတဲ့
ရှေးဆိုဝိတောက်တွေရဲ့
ဂီတပွင့်ဖတ်တွေပါ။ ။

**မောင်သင်းမြ**
**[မဂ္ဂဇင်း]**

ဒါက စကားပြေကဗျာကိုစွန့် ပတ်သက်လို့ ကျွန်တော်တို့ရဲ့ အမြင်ကိုတင်ပြကြည့်တာပါ။ ကျွန်တော်တို့ နားလည်သလောက် အချုပ်ကတော့ ကဗျာနဲ့ စကားပြေအတွေးသိတ်ကူးပုံမတူပါ။ ခံစားမှုကိုတည်ဆောက်တဲ့ ပုံသဏ္ဌာန်မတူပါ။ ဘာသာစကားကို အသုံးပြုပုံချင်းလည်း ကွဲပြားကြောင်းပါ။

**စေတနာတိုင်း**

အခုတစ်ခန်း ကျွန်တော်တို့ပြောကြည့်ချင်သေးတာကတော့ (ကဗျာနဲ့ ကဗျာဆရာရဲ့) စေတနာကိစ္စဆိုတာကိုပါပဲ။

"စေတနာ" ဆိုတဲ့ စကားလုံးကို ဆရာဇော်ဂျီရဲ့ ရသပညာနဲ့ ပတ်သက်တဲ့

စာတမ်းတွေ ဆောင်းပါးတွေမှာ အများဆုံးတွေ့ရလေ့ရှိပါတယ်။ "စေတနာ" ဆိုတာ ကတော့ စာရဲ့ရည်ရွယ်ချက်၊ စာရေးသူ ကဗျာရေးသူရဲ့ ရပ်တည်ချက်ကို ဆိုလိုတာပါ။ စာတစ်ပုဒ်၊ ကဗျာတစ်ပုဒ်ကို အကဲဖြတ်တဲ့နေရာမှာ ရေးသူရဲ့စေတနာ သက်ရောက် ရာကို စူးစမ်းဆင်ခြင်ကြည့်တတ်ကြပါတယ်။

ကဗျာတစ်ပုဒ်မှာလည်း ကဗျာရေးသူက ဘယ်နေရာမှာ စေတနာသက်ရောက် သလဲ ဆိုတာပါပဲ။

အခု (၁၉၉၉) ဧပြီလထုတ် မဂ္ဂဇင်းကဗျာတွေထဲက ကဗျာ (၃)ပုဒ်ကို ဥပမာပြုပြီး ကျွန်တော်တို့ ဒီစေတနာဆိုတာကို စူးစမ်းကြည့်ကြပါတယ်။ ပထမဆုံး သောင်းပြောင်းထွေလာထဲက နရီမင်းရဲ့ "ရထားပေါ်မှာ" ဆိုတဲ့ကဗျာကို အရင်ဖတ်ထား ကြစေလိုပါတယ်။ ကဗျာကတော့ အခုလိုပါပဲ။

အထက်တန်းတွဲတစ်တွဲပေါ်
ဆိုဖာကို ခေါင်းအုံလို့
လက်ထဲက ဘီယာကိုမှုတ်သောက်ပါဦး
မျှင်းမျှင်းရှိတာနဲ့
ဘူတာထဲလှမ်းကြည့်မိတော့
ရေသည်ကောင်မလေးများ
ဆင်း
ရဲ
လိုက်
တာ
အဲဒီဘဝအမောကို
ဘီယာနဲ့ ဆပ်ဖြန်းဖြန်းမျှောချလိုက်ရ
ရင့်မှာ
တောအုပ်စိမ်းစိမ်းတွေ ရောက်လာတော့မှာမို့။ ။

နရီမင်းရဲ့ ကဗျာကို နားလည်ဖို့ မခက်လှဘူးထင်ပါတယ်။ အထူးရှင်းပြရန် မလိုတော့ပါ။ အခုဆက်ပြီးတော့ ကလျာမဂ္ဂဇင်းထဲက မောင်သင်းပနိုရဲ့ "နောက်ဆက်တွဲ ပိတောက်" ကဗျာကိုလည်း ဖတ်ကြည့်ပါဦး။ ကဗျာက အတန်ငယ် ရှည်တဲ့အတွက် ကောက်နုတ်ပြီး ဖော်ပြပါရစေ။

ပြန်လည်တွေ့ဆုံခြင်းဆိုတာ
ရေတ်သိမ်းစပ်စပ်
နမ်းပတ်ရှည်သုပ်တစ်ခွက်ပါပဲ ပိတောက်ရယ်
အဲဒီည

ကျုပ်နဲ့ဖရဲသီးစိတ်တစ်စိတ်
ကောင်းကင်မှာ ချိတ်ထားတဲ့ည
လိပ်ခုံးခန်းမ ကျယ်ကျယ်မှာ
ပေကာလပ် ပေကာလပ်တွေ ဧည့်ခံပွဲကျင်းပတဲ့ည
လမ်းဘေးဆိုင်တစ်ဆိုင်မှာ
ကျွန်တော်နဲ့ ပီတောက်ထိုင်ကြတယ်။
ကျွန်တော်က
ရှင်ခနမင်းကြီးထဲက စိတ်ကူးရှုပ်ပုံ
အကြောင်းပြောတယ်
မိုးဦးလေဦးအကြောင်းပြောတယ်
တိုက်ကြီးများနဲ့ သမုဒ္ဒရာအကြောင်းပြောတယ်
ပီတောက်က
ကြက်သွန်တစ်ထက်နှစ်ထက်အကြောင်း ပြောတယ်
လေဘာသီရဲ့ "တုံးကျော်မ"သီချင်းအကြောင်း ပြောတယ်။
"ယမား"ကိုဖြတ်ခဲ့တဲ့ "အေးမ"အကြောင်းပြောတယ်။

ဒီလောက်ဆိုရင်ရပါပြီ။ မောင်သင်းပန်ရဲ့ ကဗျာမှာတော့ ကျွန်တော်တို့ နည်းနည်းရှင်းပြစရာရှိတာက (တချို့ မသိသေးတဲ့ သူများအတွက်)ယမားကို ဖြတ်ခဲ့တဲ့ အေးမဆိုတာကိုပါ။ အဲဒါ ဆရာမြသန်းတင့်ရဲ့ "မဟယာဘုံ" ဝတ္ထုကြီးထဲက မှောင်ခိုကုန်သည်မလေး အေးမပါ။ အေးမတို့ မှောင်ခိုကုန်သည်တွေ ယမားချောင်း (တောင်ကျချောင်း)ကို ဥပဒေ အမြင်ဘက်ကနေ ရှုန့်ရှုန့်စားစား ဖြတ်ကြရတဲ့ ဇာတ်ဝင်ခန်းတစ်ကွက်ပါ။ မောင်သင်းပန်ရဲ့ ကဗျာမှာလည်း နားမလည်နိုင်စရာ သိပ်ရှုပ်ရှုပ်ထွေးထွေး မပါပါဘူး။

အခုလောက်ဆို နှင်းမင်းနဲ့ မောင်သင်းပန်တို့ရဲ့ ကဗျာနှစ်ပုဒ်ကို ကျွန်တော်တို့ ယှဉ်ကြည့်လို့ ရပါပြီ။ ကဗျာနှစ်ပုဒ်စလုံးမှာ တူညီနေတာကတော့ အလွှာနှစ်ခုကို ယှဉ်ပြထားပုံပါ။ ဒီနေ့ခေတ်မှာ ဟိုတုန်းက တွင်ကျယ်ခဲ့ဖူးတဲ့ လူတန်းစား **Class** ဆိုတဲ့ ဝေါဟာရော တိမ်မြုပ်သွားပါပြီ။ အခုအချိန်မှာ "အခွင့်အရေးရှိသူ"နဲ့ "အခွင့်အရေးမဲ့သူ"ဆိုတာပဲ ရှိပါတော့တယ်။ အလွှာဆိုတဲ့စကားလုံးကို သုံးရင်တော့ အပေါ်လွှာနဲ့ အောက်လွှာဆိုပါတော့။

နှင်းမင်းရဲ့ ကဗျာမှာ အထက်တန်းစွဲ ခရီးသည်က အပေါ်လွှာ၊ ရေသည်မလေး က အောက်လွှာ။ မောင်သင်းပန်ရဲ့ ကဗျာမှာ လိပ်ခုံးခန်းမကျယ်ထဲက ပေကာလပ် ပေကာလပ်တွေက အပေါ်လွှာ၊ ကဗျာဆရာနဲ့ ပီတောက်က အောက်လွှာ။

နှင်းမင်းရဲ့ ကဗျာကတော့ အပေါ်လွှာရဲ့ အမြင်ကို ဆင်ပြထားပါ။ အောက်လွှာ

(ရေသည်မလေး)ရဲ့ ဆင်းရဲခြင်းကို အပေါ်ယွာ (အထက်တန်းတွဲစီးသည်)က ဘီယာနဲ့ ချွာချလိုက်ရပါသတဲ့။ မှုန်းမှုန်ရှိနေတဲ့ အပေါ်ယွာကလူက ဝမ်းစာရှုန်းကန်နေရတဲ့ အောက်လွှာတွေရဲ့ ဘဝကိုကြည့်ပြီး စိတ်ပျက်လက်ပျက် ရွတ်ချလိုက်တာလား၊ ဒါမှမဟုတ် ဘီယာနဲ့ မိမ်းမြည်းလိုက်တာပဲလား၊ နန်းမြင်းကဗျာမှာ အဓိပ္ပာယ်ရောက်ပုံက ကျွန်တော်တို့အတွက် မေးခွန်းထည်ဖြစ်စရာကြီးပါ။

မောင်သင်းပန်ရဲ့ ကဗျာမှာတော့ အောက်လွှာက (ကဗျာဆရာနဲ့ပီတောက်) အပေါ်ယွာ (လိပ်စုံခန်းမကျယ်ထဲက ပေကလပ် ပေကလပ်တွေ)ကို ရွတ်ချတဲ့ သဘောမပါပါဘူး၊ ကိုယ့်အကြောင်းကိုပဲ ကိုယ်ပြောကြတာပါ။ ကဗျာဆရာနဲ့ ပီတောက် အောက်လွှာချင်း စာနာနားလည်မှု၊ ပိုင်းပင်းမှု၊ ရင်းနှီးချစ်ကြည်မှု၊ ရင်ခုန်မှုကိုပဲ မောင်သင်းပန်က ဖော်ပြသွားပါတယ်။ မောင်သင်းပန်ရဲ့ ကဗျာမှာ အဓိပ္ပာယ်ရောက်ပုံက ရှင်းပါတယ်။ အောက်လွှာရဲ့ (အပေါ်ယွာ အကြောင်းမပါတဲ့) အမြင်သန့်သန့်ပါ။

ပိုပြီးချစ်စရာကောင်းတာက မောင်သင်းပန်ရဲ့ အောက်လွှာ (ပီတောက်)ကို ဖွဲ့တဲ့ အဖွဲ့ကလေးပါ။

ရှင်ဟာလေတဲ့
လက်နှစ်ဖက်ကို လည်းဦးခေါက်ကိုတောက်ပြီး
ပီတောက်ကတော့
စတင်လိုက်မင်းသမီး "ဟယ်လင်ဟန့်" အပြုံးနဲ့ပေါ့။

နန်းမြင်းရဲ့ ကဗျာထဲက အောက်လွှာ (ရေသည်မလေး)များတော့ အပေါ်ယွာရဲ့ ဘီယာနဲ့ မြည်းစရာအမြည်းဖြစ်ခဲ့ရ ရှာပေတာပဲ။

ကဗျာနဲ့ ကဗျာဆရာရဲ့ အဓိပ္ပာယ်မှာတော့ ကျွန်တော်တို့ အနေနဲ့ ကဗျာ ရေးသူရဲ့ အဓိပ္ပာယ်သန့်သန့် သက်သက်ရှိတယ် (ကဗျာမှာ ရုပ်ဝတ္ထုလည်း ပါတယ်)လို့ ယူဆပြီး နောက်ထပ်နှစ်သက်မိတဲ့ ကဗျာတစ်ပုဒ်ကတော့—

**အမှုန်နဲ့အမှားများ**

အုတ်စုံလေးပေါ်မှာ
ကျောင်းကပြန်လာတဲ့ ကလေးတစ်ချို့
သူတို့တွေကျင့်ခန်းစာအုပ်တွေ ကိုယ်စီထုတ်လို့
စာအုပ်ထဲက
အမှန်နဲ့အမှား သင်္ကေတတွေ
(ဒီသင်္ကေတတွေက
သူတို့မိဘတွေအဖို့တော့

(ရေသည်မလေး)ရဲ့ ခေါင်းစဲခြင်းကို အပေါ်လွှာ (အထက်တန်းတွဲစရီးသည်)က ဘီယာနဲ့ ချော့ချလိုက်ရပါသတဲ့။ မှုန်းမှုန်းရှိနေတဲ့ အပေါ်လွှာကလူက ဝမ်းစာရုန်းကန်နေရတဲ့ အောက်လွှာတွေရဲ့ ဘဝကိုကြည့်ပြီး စိတ်ပျက်လက်ပျက် ရှုံ့ချလိုက်တာလား၊ ဒါမှမဟုတ် ဘီယာနဲ့ မိမ်းမြည်းလိုက်တာပဲလား၊ နှီးမင်းကဗျာမှာ စာနာသက်ရောက်ပုံက ကျွန်တော်တို့အတွက် မသိမလည်ဖြစ်စရာကြီးပါ။

မောင်သင်းပန်ရဲ့ ကဗျာမှာတော့ အောက်လွှာက (ကဗျာဆရာနဲ့ပီတောက်) အပေါ်လွှာ (လိပ်စုံဆန်းမကျယ်ထဲက ယောကလပ် ယောကလပ်တွေ)ကို ရှုတ်ချတဲ့ သဘောမပါပါဘူး၊ ကိုယ့်အကြောင်းကိုပဲ ကိုယ်ပြောကြတာပါ။ ကဗျာဆရာနဲ့ ပီတောက် အောက်လွှာချင်း စာနာနားလည်မှု၊ ယိုင်းပင်းမှု၊ ရင်းနှီးချစ်ကြည်မှု၊ ရင်ခုန်မှုကိုပဲ မောင်သင်းပန်က ဖော်ပြသွားပါတယ်။ မောင်သင်းပန်ရဲ့ ကဗျာမှာ စာနာသက်ရောက်ပုံက ရှင်းပါတယ်။ အောက်လွှာရဲ့ (အပေါ်လွှာ အကြောင်းမပါတဲ့) အမြင်သန့်သန့်ပါ။

ပိုပြီးချစ်စရာကောင်းတာက မောင်သင်းပန်ရဲ့ အောက်လွှာ (ပီတောက်)ကို ဖွဲ့တဲ့ အဖွဲ့ကလေးပါ။

ရှင်ဟာလေတဲ့
လက်နှစ်ဖက်ကို လှည်းဦးဒေါက်ကိုထောက်ပြီး
ပီတောက်ကတော့
ဇာတ်လိုက်မင်းသမီး "ဟယ်လင်ဟန်နဲ့" အပြုံးနဲ့ပေါ့။

နှီးမင်းရဲ့ ကဗျာထဲက အောက်လွှာ (ရေသည်မလေး)ကျော့တော့ အပေါ်လွှာရဲ့ ဘီယာနဲ့ မြည်းစရာအမြည်းဖြစ်ခဲ့ရ ရှာပေတာပဲ။

ကဗျာနဲ့ ကဗျာဆရာရဲ့ စာနာသက်ရှုမှာတော့ ကျွန်တော်တို့ အနေနဲ့ ကဗျာ ရေးသူရဲ့ စာနာသန့်သန့် သက်သက်ရှိတယ် (ကဗျာမှာ ရိုဂုဏ်လည်း ပါတယ်)လို့ ယူဆပြီး နောက်ထပ်နှစ်သက်မိတဲ့ ကဗျာတစ်ပုဒ်ကတော့—

## အမှန်နဲ့အမှားများ

အုတ်စုံလေးပေါ်မှာ
ကျောင်းကပြန်လာတဲ့ ကလေးတစ်ချို့
သူတို့လေ့ကျင့်ခန်းစာအုပ်တွေ ကိုယ်စီထုတ်လို့
စာအုပ်ထဲက
အမှန်နဲ့အမှား သင်္ကေတတွေ
(ဒီသင်္ကေတတွေက
သူတို့မိဘတွေအဖို့တော့

သစ်ပင်တွေ သီချင်းဆိုကြမ်းလည်းရတယ်
လူစစ်စစ်က တောင်စီမံးလန်းတာ
ဒါ၊ ပထမဆုံး...
မြို့ကြီးမှာ
မေ့လွှာထားပြီး
မိုးရာသီ ရောက်လာပုံကို
မိန်းမတစ်ယောက်
နောက်ကျောဖြတ်လျှောက်သွားပုံနဲ့ ပြတာတောင်
မလှုပ်ထောင်နိုင်တဲ့စိတ်
ရှိ
တောမှာပိတ်မိနေခဲ့ပြီ။ ။

ခေရမ်းပြာထက်လူ့ရဲ့ ကဗျာကိုတော့ ကျွန်တော်တို့ ဘယ်လိုပဲကြိုးစားပြီး ခံစားကြည့်သော်လည်း ခံစားလို့ မရနိုင်လောက်အောင်ကို ခက်ခဲနက်နဲလွန်းနေပါတယ်။ (ကျွန်တော်တို့ ဒီဇင်ဘာ ၂၀ ကလူတွေ မခံစားနိုင်တာကိုသာ ပြောတာပါ။ အခြား ခံစားနိုင်တဲ့သူတွေရှိရင် ရှိနေပါလိမ့်မယ်) ဒီတော့ အဲဒီ "တော"ကို ခံစားမှုနဲ့ နားလည်ဖို့ဆိုတာ မလွယ်ကူလှပါ။

ခေတ်ပေါ်ကဗျာမှာ ဒီတော့ကတာ လွယ်ကူရှင်းလင်းခြင်းဟာ ပြဿနာမဟုတ် အနက်အဓိပ္ပာယ်ရှက်လွန်း ၎ုပ်လွန်းခြင်းကသာ ပြဿနာဖြစ်တယ်လို့ ကျွန်တော်တို့ ယူဆပြောဆိုမိကြပါတယ်။ အခု ကဗျာတစ်ပုဒ်ကို ထပ်ပြီး ဖတ်ကြည့်ပါဦး။

### ဒဏ်ရာ

ငါ့မှာ
တဖြည်းဖြည်းလေးလေးလာတဲ့
ဦးခေါင်းတစ်လုံးရှိတယ်
တစ်လမ်းလုံး ပခုံးပေါ်မှာ ညွတ်ကျလို့။
ငါ့မှာ
တဖြည်းဖြည်းရှုပ်လာတဲ့
နှလုံးသားတစ်ခုရှိတယ်
တစ်ညလုံး ရင်အုံထဲမှာ လောင်မြိုက်လို့၊
ချစ်ခြင်းမေတ္တာလား
အတ္တဆန္ဒလား

သူတို့က  မျောက်ဆုံးသွားတဲ့  မျှော်လင့်ချက်တွေအကြောင်းမေးတယ်
ငါက  မိုးကောင်းကင်ပေါ်က  ကြယ်တာရာတွေဆီ  ညွှန်ပြလိုက်တယ်။

**မိုးဝေး**

**[ရုပ်ရှင်တေးကဗျာ]**

ဒီကဗျာကတော့ သိပ်ပြီး လွယ်ကူ ရှင်းလင်းနေသလို သိပ်ပြီးတော့လည်း အနက်အဓိပ္ပာယ်နက်လွန်း ငုပ်လျှိုးနေတာမျိုး မရှိပါ။ ကျွန်တော်တို့ဖတ်ပြီး ခံစားနားလည်နိုင်ခဲ့ကြကြောင်းပေါ်ချား။

*

# 5

ကျွန်တော်တို့ ဒီဇင်ဘာ (၂၀) ကဗျာကလေးဘေးနီးယားကလေးကနေပြီး (၁၉၉၉) လောင်ထွက် မဂ္ဂဇင်းတွေထဲက ကဗျာတွေကို ကျွန်တော်တို့ ဉာဏ်မီသလောက် လေ့လာသင်ပြခဲ့တာဟာဆိုရင်၊ အခု ဆောင်းပါးဟာ ပဉ္စမမြောက်ပါ။ ဒီဆောင်းပါးမှာ ဖေလထုတ်မဂ္ဂဇင်း အသီးသီးက ကဗျာတချို့အကြောင်း ပြောဖို့ပါပဲ။

မပြောခင် ကျွန်တော်တို့ ဒီဇင်ဘာ (၂၀) ကဗျာမတ်သူများရဲ့ ထုံးစံအတိုင်း ပြီးခဲ့တဲ့ဧပြီ မဂ္ဂဇင်းတွေထဲက ကျွန်တော်တို့အကြိုက်ဆုံးဖြစ်ခဲ့တဲ့ ကဗျာကို အရင်ဆုံး ပြန်လည် ဖော်ပြပါရစေ။

**နောက်ဆက်တွဲပီတောက်**

တအုပ်ဆိုင်ရှေ့မှာ ဆေးနေတုန်း
မြှန်းဆို
ကျွန်တော့်ပခုံးကို လာပုတ်တယ်။
"ဘယ်သူပါလိမ့်"
"ပီတောက်လေ
ကျွန်မနာမည် ပီတောက်လေ၊ မမှတ်မိတော့ဘူးလား"
ပင်လယ်ရေစိုရွှဲတ်နေတဲ့ ကားရှေ့မှန်တစ်ချပ်ဟာ
"ပိုင်ဇာ" တစ်ချက် ယက်ချလိုက်တယ်
ဪ... ပီတောက်ပါလား။
အရင်တုန်းက
ကျွန်တော် ပီတောက်ကို ချော်တယ်
အခု
ပီတောက်က ကျွန်တော့်ကို ပြတ်သန်းတယ်။

ပြန်လည်တွေ့ဆုံခြင်းဆိုတာ
ရှောက်သီးစပ်စပ်
နမ်းဖက်ချဉ်သုပ်တစ်ပွဲပါပဲ ပိတောက်ရယ်။
အဲဒီည
ဂျပန်ဖရဲသီးဆိတ် တစ်စိတ်
ကောင်းကင်မှာ ချိတ်ထားတဲ့ည။
လိပ်ခုံးစနီးမကျယ်ကျယ်မှာ
မောကလပ် ဆောကလပ်တွေ စည်းစိမ်ပွဲကျင်းပတဲ့ည။
လမ်းဘေးဆိုင်တစ်ဆိုင်မှာ
ကျွန်တော်နဲ့ ပိတောက်ထိုင်ကြတယ်။
ကျွန်တော်က
ရှင်နေမင်းကြီးထဲက စိတ်ကူးချပ်ပုံအကြောင်းပြောတယ်
မိုးဦးလေညီး အကြောင်းပြောတယ်
တိုက်ကြီးများနဲ့ သမုဒ္ဒရာအကြောင်းပြောတယ်
ပိတောက်က
ကြက်သွန်တစ်တက် နှစ်တက်အကြောင်းပြောတယ်
လေဘာတီရဲ့ "တုံးကော့မ" သီချင်းအကြောင်းပြောတယ်
"ပဒမား"ကိုမြတ်နိုးတဲ့ "ဒေးမ"အကြောင်းပြောတယ်
ကြာတော့လည်း
စကားလုံးတွေဟာ
စားပွဲခုံပေါ်မှာ
ခေါက်တိုပြန်လိုက် ခရီးရှည်သွားလိုက်နဲ့
"အာရှင်ဘာတီ"ရဲ့
မော်တော်ကား တစ်စင်းဖြစ်သွားရှာလေသလေလား။
ကြံရည်နှစ်ခွက် ရောက်လာတယ်
ရေခဲနည်းနည်း ဟုတ်ရဲ့လား
"နို့သာပု" တစ်စက်နှစ်စက်ပါရဲ့လား
"မိသားစု" ဆေးပေါ့လိပ်ထားရဲ့လား။
ကျွန်တော့်မေးခွန်းတွေဟာ
ပင့်ကူအိမ်လို နှောင်ဖွဲ့သွားတယ်။
ရှင်ပါလေ...တဲ့
လက်နှစ်ဖက်ကို လှည်းဦးခေါက်လိုတောက်ပြီး

ဝိတောက်ကတော့
စောင်လိုက်မင်းသမီး "ပယ်လင်ပန်း" အပြုံးနဲ့ပေါ့။ ။

**မောင်သင်းပန်**
**[ကလျာ]**

ခါတိုင်းလိုပါပဲ။ ကျွန်တော်တို့ ဆုံစည်းနေကျ တနင်္ဂနွေ လက်ဖက်ရည်ဆိုင်း ကလေးမှာ(၁၉၉၇) မေလ မဂ္ဂဇင်းကဗျာတွေကို ဖတ်ပြီး ဆွေးနွေးကြရင်းက ၁၉၆၇ ခုနှစ်မှာ ပုဂံစာအုပ်တိုက်က ထုတ်ခဲ့တဲ့ "ပန်းချေးခင်း" ကဗျာစာအုပ်ထဲက–

၂၉–၁၀–၆၇ ရက်စွဲနဲ့ ရေးထားတဲ့ "ကဗျာဖိတ်ခေါ်သွမှုအသို့"ဆိုတဲ့ အမှာစာကို သတိတရ ထည့်သွင်းပြောဖြစ်ခဲ့ကြပါတယ်။

"အနှာခင်တဲ့ပန်းကို ရွေးကောက်ပြီး နှစ်သက်သလို ပန်ကြပါ။ ပန်းအလှကို ချေးခင်းသူထက် ပန်သူက ပိုမြင်ပါတယ်"တဲ့။

ကျွန်တော်တို့ ဒီစင်ဘာ ၂၀ ကဗျာပတ်သူများဟာ ချေးခင်းသူနှင့် ပန်သူနှစ်ဦး နှစ်ဖက်ရဲ့ကြားမှာ အလှခံစားချင်တာပေါ့။ ဒီသနနဲ့ ကျွန်တော်တို့ မေလ မဂ္ဂဇင်းတွေထဲ ဖတ်လိုက်တော့–

## အတွေးနှင့် စကားလုံးရွေးချယ်မှု

ကဗျာကောင်းတစ်ပုဒ်ဆိုတာ အဓိကအားဖြင့်တော့ ဘာမှ ထွေထွေထူးထူး များများစားစား လိုအပ်လှတယ် မထင်ပါဘူး။ နှစ်ချက်ပါပဲ။ (၁) အတွေးစိတ်ကူး ဆန်းသစ်မှု (၂) စကားလုံးအသုံးအနှုန်း ဆန်းသစ်မှု၊ ဒီနှစ်ချက်ပဲ အဓိကလိုတယ်လို့ ကျွန်တော်တို့နားလည်ထားမိပါတယ်။ ဆိုလိုတာက ကဗျာအတွေး **(Poetic thought)** နဲ့ စကားလုံးရွေးချယ်မှု **(Choice of word)** ဒီလိုပြောရမယ် ထင်ပါတယ်။ ကဗျာတစ်ပုဒ်ဟာ ဒီနှစ်ခု (အတွေးနဲ့ စကားလုံးရွေးချယ်မှု) ဖြိုင်နှီး သိမ်းပိုက်မိနေပြီ ဆိုရင်တော့ အဲဒီမှာ ကဗျာရဲ့ အလှတရား **(Sense of beauty)** စီးဝင်နေပြီလို့ ဆိုရမှာ မဟုတ်လား။

ဒီနေ့ခေတ်ပေါ်ကဗျာတွေ အများစုကိုဖတ်ရင် အဲဒီအလှတရား အတူအပါး၊ အနည်းအများကိုလိုက်ပြီး ကျွန်တော်တို့ ဖတ်တဲ့အခါ (ခံစားတဲ့အခါ) မချင့်မရဲဖြစ် ဖြစ်နေမိတဲ့ ကိစ္စကို အရင်ပြောချင်ပါတယ်။ ကျွန်တော်တို့ သိမြင်နားလည်သလောက်ပါ။ ဝေဖန်တာ မဟုတ်ပါဘူး။ ပြောကြည့်ရအောင်။

## ဇော်(ပျဉ်းမနား)၊ နိုင်မွန် (နှင်းဆီတစ်ရာ)

ပထမ ဧပြီ မေလကဗျာတစ်ပုဒ်ကို ဖတ်ကြည့်စေလိုပါတယ်။ [ဇော် (ပျဉ်းမနား) "ဝံပုလွေလေးအကြောင်းကို ပြင်းနိုင်သူရှိရဲ့လား" မပေါသီ]

သရေအော့ တင်တယ်ဆိုတာ
ငါနည်းနည်းတော့ မှတ်မိတယ်ကွာ
လူဆိုတာ တစ်နေ့သေရမှာ
အေး သေရင်မြုပ်ပစ်ရမယ့် အပိုင်းပေါ့ကွာ
ဒါပါပဲ သည့်ထက်ပိုသေးလား
ဂျက်လန်ဒန်ရဲ့ ဇာတ်ကောင်ကပြောသွား
အို... သံသရာကို တံခါးခေါက်သူများ
သို့သော သို့တေနဲ့သာရှည်လျား
ကဲ... လာဆင်ကို ငြင်းချင်သလား
လန့်ကျွက်ဖို့၊ ဆန့်ထွက်ဖို့ အဆင်သင့်ဖြစ်ပြီလား
ယမ်းပေါ်ဆတ်လို သေခြင်းကို ခြေဆင်းပေးမလား
တန်ခိုးရှင်(ဖန်ဆင်းရှင်) အလိုနဲ့ မာနတင်းချင်သေးလား
နှစ်ပေါင်းရာထောင်ကျော်မက မှန်ခဲ့တရား မမှား
"ရုပ်ဘဝအလိုမှာ ဗုဒ္ဓကို သတိထားအမှတ်ရေး"
"ဇရာ အနတ်ဓာတော်"တဲ့ အသိဇာသုတ်အကြား
ဇရာကို အန်တုဖို့ မာန်တစ်ရာတည်းနဲ့တော့ မရှင်းနိုင်ရာတကား
စိန်ဆေါ် အလိုအရ ငါသေပြီ၊ သို့သော် လိုဖြင့်ဆိုနိုင်လား
မရှိသုံးသော "ပျိုကုန်းတောင်ပြုခြင်း"ကို ကြည့်ပါသား
**I die but other carry on** တဲ့ တစ်ခါသာက
အလင်္ကာရာတစ်ပုဒ်
ဇရာမ "မဟာအလုပ်ပါတကား"
နှစ်ပေါင်းရာထောင် လက်ဆင့်ကမ်းစေသား။ ။
["ဇရာ မရဏ မိုဇရဲ
အနတ်ဓာတော် အသိထဲ
ပစ္စဂတ္ထိ တန္တိ"

**(အသိဇာသုတ်–ပထမပိုဒ်)**

ဒီကဗျာမှာ အတွေးအခေါနဲ့ ပြောရရင် သေခြင်းတရားကို ကဗျာဆရာက တွေးမိတာပါပဲ။ ဒီလိုဖြစ်နိုင်တယ် မဟုတ်လား။ စကားလုံး ရွေးချယ်မှုကိုကြည့်ရင် ကဗျာဆရာရဲ့(တကူးတက) အားထုတ်မှုကို ယူဆရနိုင်တဲ့ ပါဒအဆုံးတွေမှာ "အား"ကာရန် (သရုပ်)တွေကို တန်းစီချ ရေးသွားတာကို တွေ့ရမယ်။

ကဗျာတစ်ပုဒ်အနေနဲ့ ဖတ်သူကို အာရုံခံစားမှုပေးဖို့ထက် ဆင်ခြင်တဲ့တရား ဆီကို တွန်းလွှတ်နေသလို ဖြစ်နေသလားလို့ ထင်စရာပါ။ ဖတ်သူက အာရုံသိကနေ

ဆပ်ခြင်သီဆီကို တစ်ဆင့်ချင်း သွားနေမယ့်လမ်းကြောင်းမှာ ကဗျာဆရာက တစ်ခါတည်း တန်းပြီး ဖတ်သူကို နိဗ္ဗာန်ရောက်ကြောင်း တရားဟောသလို ဖြစ်မနေဘူးလား။ ကဗျာက ကဗျာမဆန်တော့ဘူး။ ကဗျာရဲ့ အလှတရားတော်လည်း နည်းသွားတယ်လို့ ထင်ရပါ။ အတွေးနဲ့စကားလုံးရွေးချယ်မှုက ထူးထူးခြားခြား ကဗျာဆန်မှုသက်ကို မပို့ပေးနိုင်တော့။

ဒါ ဘာကြောင့်လဲ။ ဒီကဗျာမှာ ဒဿနတွေကို ပျစ်ပျစ်ခဲခဲ ရေးပြထားတာမို့လို့ ပါပဲ။

ကျွန်တော်တို့ ကြားနေကျတဲ့ စကားကောင်းခွန်းဖြစ်တစ်ခုကိုတော့ ပြောခွင့်ပြုပါ။ ကဗျာဟာ ဒဿနတွေကို ရေးထားတာ မဟုတ်ပါဘူး၊ ဒါပေမဲ့ ကဗျာထဲမှာ ဒဿနပါပါတယ်တဲ့။

ပြောခဲ့သူက ခေါက်တာဇွေမိုးဖြစ်ပါတယ်။ ဘယ်မှာဆင်းမှာ ဘယ်တုန်းက ပြောခဲ့တာလဲဆိုတာတော့ အတိအကျ မမှတ်မိတော့ပါ။ ရှင့်လွှတ်ပါ။

ကျွန်တော်တို့ ဒီဇင်ဘာ ၂၀ ကဗျာဖတ်သူများ နားလည်မိသလောက်ဆိုရင် ကဗျာဟာ ရိုးမနိုတစ်ဖြစ်ရမယ်။ ရိုမန်တစ်ဖြစ်ရင် ဖီလိုဆိုဖီကို ဆိုက်မှာပါ။ လူပြိန်းသိလောက်ပါ။ ပညာရှင်သိတော့လည်း မဟုတ်ပါဘူး။ ဓော် (မြှဦးမနှား)ရဲ့ အဲဒီကဗျာကိုတော့ "နိဗ္ဗိန္ဒစကားပြေ" ဖြစ်သွားရရှာတယ်လို့ မချင့်မရဲ့ခံစားမိကြပါတယ်။

ဒါနဲ့ တစ်ဆက်တည်း ကျွန်တော်တို့ ပြောဖြစ်ကြတဲ့ မေလကဗျာတစ်ပုဒ်ကတော့ နိုင်မွန် (နှင်းဆီတစ်ရာ)ရဲ့ကဗျာဖြစ်ပါတယ်။ ("ဂစ်တာကို နောက်ပြန်တီး"၊ စတိုင်သစ်)

အသောက်ရှုခံကို တည်းချက်ထပ်ဖွင့်လိုက်တယ်။
အိမ်ရှိပေမဲ့ အိမ်ပြန်ချိန်က မရှိသေးဘူး။
ရုံပြည့်ရုံကျွံ သောကတွေနဲ့
ဂစ်တာကို အကွက်စိပ်စိပ် နောက်ပြန်တီးခဲ့တော်။
ဘီယာဘူးကို ဖောက်ပစ်လိုက်ပို့
ဘဝက ထိပ်လွယ်ကူလွန်းတယ်။
အိမ်တံခါးဝဆိုတာ ဘယ်တော့မှ မဆေးစက်ဘူးမိတ်ဆွေ။
ပွင့်ထွက်လာတဲ့ အမြှုပ်တွေနဲ့
ဂစ်တာကို ဆူဆူညံညံ နောက်ပြန်တီးခဲ့တော်။
စီးကရက် မီးခိုးငွေ့တွေက မျက်နှာကြက်ကို တွန်းရွေ့တယ်။
မိသားစုလောက် ဘယ်ကောင်းကင်မှ ကြယ်မစုံဘူး။
ကျယ်လျှားမှုန်ရီတဲ့ ခင်မြင့်ပေါ်
ကြိမ်နှုန်းမြင့် ဆန္ဒကြီးတစ်စုံတနဲ့
ဂစ်တာကို ပင့်မြှောက်နောက်ပြန်တီး။ ။

နိုင်မွန် (နှင်းဆီတစ်ရာ)ရဲ့ အဲဒီကဗျာမှာ အတွေးက အိမ်နဲ့မိသားစုကို တွေးတဲ့အတွေးလို့ ယူဆမိပါတယ်။ တစ်နည်း ဘဝကို နေထိုင်ခြင်း ဖြစ်မယ်ထင်ပါတယ်။ ကောလုံး ရှေ့ချယ်ပုံကို ကြည့်ရင်တော့ ကဗျာသုံးပိုဒ်၊ တစ်ပိုဒ်ချင်းဆီမှာ ငြင်းပယ် ခြင်းကို ငြင်းပယ်ခြင်း **(Negation of negation)**သဘော သက်ရောက်နေတဲ့ ဝါကျသုံးခုစီနဲ့။

ကျွန်တော်တို့ ခံစားမိသလောက် နိုင်မွန် (နှင်းဆီတစ်ရာ)ရဲ့ ကဗျာထဲမှာ မိသားစုရှိရာအိမ်ကို မပြန်ရဲလို့လား၊ မပြန်ချင်လို့လား၊ ဖျိုတို့ချတို့ဖြစ်နေတဲ့လူတစ်ယောက်ကို ပြေးမြင်မိပါတယ်။ "အိမ်ဆိုတာ ပြန်ရမယ်" ဆိုတဲ့ သဘောတရားကို ကဗျာဆရာက ပြောချင်ပုံရပါတယ်။ ဒါပေမဲ့ ကဗျာဆရာပြောပုံက ဓမ္မကထိကလေ မဆန်ပါဘူး။ ဆင်ခြင်တုံတရားဆီကို အတင်း တွန်းမပို့ပါဘူး။ ဖတ်သူကို အာရုံခံစားခွင့် အရင်ပေးထားပါတယ်။ အာရုံသိကနေ တစ်ဆင့်ချင်း ဖြတ်လာတဲ့ ဖတ်သူကို မိမိရရ ပိုင်ပိုင်နိုင်နိုင်ကြီး ဆင်ခြင်သိတစ်ခု ပေးလိုက်တာပါ။

အိမ်ဆိုတာ ပြန်ရမယ် (မိသားစုဘဝကို နေထိုင်ရမယ်)ဆိုတဲ့ သဘောပေါက်အောင် ခံစားမှုကနေ အသိဉာဏ်ဆီကို ဆိုက်အောင် ကဗျာဆရာက အိမ်မပြန်ရဲလို့လား၊ ဒါမှမဟုတ် အိမ်မပြန်ချင်လို့လား ဖြစ်နေပုံရတဲ့ မတင်မကျလူ (အိမ်ရှိပေမဲ့ အိမ်ပြန်ချိန်က မရှိသေးဘူး)ကို အိမ်ပြန်ရဲအောင် ဒါမှမဟုတ် အိမ်ပြန်ချင်စိတ် ဝင်လာအောင် ခံစားမှုပေးလိုက်တာက (အိမ်တံခါးဆိုတာ ဘယ်တော့မှ မသေး စက်တူးမိတ်ဆွေ)တဲ့။

ဒီလူ ခေတ်မီမီ ဘုံဆိုင်တစ်ခုထဲမှာ ချောင်ပိတ်မိနေလေသလား။ (ဘီယာဘူးကို ဖောက်ပစ်လိုက်ဖို့ ဘဝက အိပ်ရှယ်ကျလွန်းတယ်)တဲ့။ (စီကရက်မီးခိုးငွေ့တွေက မျက်နှာကြက်ကို တွန်းမြှေ့တယ်)တဲ့။ ဒီလူ သောကတစ်ခုခုနဲ့ မှုန်ညှပ်နေလေသလား။ ခင်ဗျားတို့ ကျွန်တော်တို့ လိုပါပဲ။ ဒီလူမှာလည်း သူ့ **worry** နဲ့သူ ရှိမှာပဲပေါ့။ ရှိနိုင်တာပဲပေါ့။ ဘယ်လိုပဲရှိရှိ နိုင်မွန် (နှင်းဆီတစ်ရာ)က ဖတ်သူကို လှပစွာ အာရုံ ဖမ်းစားပြီး တရားပြသွားပုံ၊ ဆင်ခြင်စရာ ပေးသွားပုံလေးက လွှတ်လှပ။ ပေဘာသလိုဗျာ။

"မိသားစုလောက် ဘယ်ကောင်းကင်မှ ကြယ်မစုံဘူး"

ဒါ၊ ဖျိုတို့ချတို့ဖြစ်နေတဲ့ မတင်မကျ လူတစ်ယောက် သူ့အိမ်ကို သူ့မိသားစု ရှိရာကို အမြန်ဆုံး ပြန်ရောက်သွားစေနိုင်တဲ့ အလှစာတ်ပဲ မဟုတ်လား။ ဒီအတွက် နိုင်မွန် (နှင်းဆီတစ်ရာ)ရဲ့ ကဗျာက ရိုမန်တစ်ဖြစ်တဲ့ ကဗျာပါ။ ကဗျာဆန်ပါတယ်။

ဇော် (ဖျူဦးမနား)နဲ့ နိုင်မွန် (နှင်းဆီတစ်ရာ)တို့ရဲ့ ကဗျာနှစ်ပုဒ်မှာ ဇော် (ဖျူဦးမနား)က ဆေးရေး၊ နိုင်မွန် (နှင်းဆီတစ်ရာ) ကနေရေး၊ ဒါ သူတို့ ကဗျာတွေ ကပေးတဲ့ အတွေးကို ကျွန်တော်တို့ ဆက်တွေးဖြစ်ကြတာပါ။ နိုင်မွန် (နှင်းဆီတစ်ရာ)က ဒသာနတွေကို ချမရေး။

ကဗျာရဲ့အတွေးနဲ့ စကားလုံးရွေးချယ်မှု ခြိုဝန်းသိမ်းလိုက်ပြီး ဖြစ်ပေါ်လာတဲ့ ကဗျာရဲ့ အလှတရားအကြောင်းကို ဆက်ရအောင်။

**မောင်ဆေးရိုး၊ ကိုစိမ်းလန်း (သုံးရှု)**

မေလကဗျာတစ်ပုဒ်၊ မောင်ဆေးရိုး ရေးတာပါ။ တစ်ကိုယ်တော်ပြပွဲလို့ မှတ်ချင်းက ဖော်ပြထားပါတယ်။ ("ရုပ်ရှင်"၊ သောင်းပြောင်းတွေလာ)

ပေါင်မုန့်က အလည်မလာဘူး
အဲသလို စန္ဒီစန္ဒီကြီး အလျှားလိုက်မြှုပ်နေပုံ
ရိုးစင်းတဲ့ ရှုခင်းမှုထဲမှာ အဆန်းတကြယ်နေတာရည်ရင်း
ငြိမ်းချမ်းမှုယ် အဆင်ကဖြစ်သမျှအပေါ် လျှသိရှင်ကြား လှုပ်ခါချ
ဝက်ရုံမီးမိုးဖြူဖြူ ဓာတ်ရထားညှော်နံ့နံ့မှတစ်ပါး ဆိုးရွားစရာ
ခင်ဗျားနေသာပါရဲ့လား ကမ္ဘာကြီး အဲဒီဝါကျ မဆုံးခင်
ကလွဲခန်းမ ပဒေသာင်းတိုင်ဟာ ရှုံ့ပိန်မှုင်သံနဲ့ မီးမွှေးတိုင်း
ဖွေးတိုင်း လောင်ကျွမ်း
လွှတ်တင်ထားတဲ့ မိုးပျံတံတားပေါ် ကိုယ့်နည်းကိုယ့်ဟန်
ဝမ်းဆာမှု တစ္ဆေတက်
ပလက်ဖောင်းတစ်ရလုံး အများတကာ ငွေကြေးနံ့နံ့
တရွှံ့ရွှံ့ အဖြူ အနီအဝါ
သူ့ကိုယ်သူ မှန်တီထူးလို နိုးထရင်း
မျက်နှာလွှဲတော်မူလောက်အောင်
ဘာမျိုးအရောင်ကျ ပေါက်ဦးမလဲ
အင်တာနက်ဦးထုပ်နဲ့ မြို့ကြီး
ပင်လယ်ကတော့
လူ့ခြေတိတ်ချိန်ကို ပါးစောင်မှာခဲရင်း
စဉ်းစားခြင်းအသစ်ကို မွေးနေရဲ့။ ။

မောင်ဆေးရိုးကဗျာကို ဖတ်ပြီးသွားရင် ဟောဒီကဗျာကို ဆက်ဖတ်ပါဦး။ မေလကဗျာတစ်ပုဒ်ပါပဲ။ ကိုစိမ်းလန်း (သုံးရှု) ရေးတယ်။ ("မြို့ဟောင်း"၊ မြားနတ်မောင်)

ကြာခဲ့လားကွယ်
သုံ့သုံ့လေးမှာ
တကယ့်ရေးရေးလေး
ဟိုး... ဝေးဝေးက

နှဲ့နှဲ့လေး လာနေတာ
တယောသံ စိမ့်စိမ့်ပါ။
လရိပ်အောက်က
သစ်ရွက်ကလေးတွေ ငြိမ်းတယ်။
စံပယ်ရနံ့တွေကလည်း
ဖွဖွလေးမွှေးတယ်။
အေးတယ်
ငိုချင်လျက်ရို့
လက်မတို့ကြပါနဲ့။
မတွေ့ဖော်ရကြီးသမို့
နိုင်ယာရီမြို့ပေါင်းထဲက
ယန်းမှုင့်ရပ်ကြွင်းတွေ
သူ့နေရာမှာ (သူ့အတိုင်းသာ)
ခြေရာလက်ရာ မပျက်
ဆိပ်ဆက်ကြပါစေကွယ်။ ။

အဲဒီလိုပါ။ မောင်ဆေးရိုးနဲ့ ကိုစိမ်းလွန်း (သုံးမွှ) ကဗျာနှစ်ပုဒ်မှာ ကျွန်တော်တို့ (လူပြိန်းတွေး) တွေးမိတဲ့ အချက်ကတော့ ကဗျာရဲ့ အတွေးရှုပ်တာနဲ့ အတွေးရှင်းတာ လိုပါပဲ။ မောင်ဆေးရိုး "ရုပ်ရှင်" ကရှုပ်ပြီး၊ ကိုစိမ်းလွန်း (သုံးမွှ) "မြို့ပေါင်း"က ရှင်းတယ်လို့ ပေါ့ပေါ့ပျ ဆိုရမှာပါ။ မောင်ဆေးရိုးကဗျာကို ခံစားဖို့ ကျွန်တော်တို့ အသည်းအသန် ကြိုးစားပမ်းစား အားထုတ်ယူရပါတယ်။ ကိုစိမ်းလွန်း (သုံးမွှ)ရဲ့ ကဗျာကတော့ ကျွန်တော်တို့ ရင်ဘတ်ထဲကို လျှောခနဲ တစ်ချက်တည်းနဲ့ ကျင်းဝင် ပါတယ်။

ကဗျာရဲ့အတွေးဟာ ဒီလိုရှုပ်နေရင် ရင်ဘတ်ထဲ လွယ်လွယ်ကူကူ မရောက်ဘဲ ရှင်းနေမှ ရောက်ချင်တာလား။ ကျွန်တော်တို့ တွေးမိကြတာပါ။ ရှုပ်လို့လည်းမဟုတ်၊ ရှင်းလို့လည်းမဟုတ်၊ မရှုပ်မရှင်းဆိုရင်ကော၊ ကျွန်တော်တို့ စဉ်းစားကြတာပါ။

နောက်ဆုံးတော့ ဒီနေ့ကဗျာ (ခေတ်ပေါ်ကဗျာ)ဟာ စကားပြေဖြစ်နေတာတို့၊ စကားပြေဆန်နေတာတို့ကို သိပ်ပြီး ဂရုမစိုက်ကြတော့ဘူး ထင်ရတော့ ဘာက ဂရုစိုက်လည်းဆိုရင် အဲဒါကဗျာအတွေးပါပဲ။ ကဗျာအတွေး အရေးကြီးပါတယ်။ ကဗျာအတွေးမှာ ကဗျာရဲ့ အလှတော် စီးဝင်နေပြီးသားပါ။ ဘယ်လိုကဗျာအတွေး၊ ဘယ်လိုအလှတော်လဲ။ ဆက်ပြောပါရစေ။

**ခင်ဇော်မြင့်၊ ဝိုင်းရှို**

လှတယ်လို့ ကျွန်တော်တို့ သုံးသပ်မိတဲ့ ကဗျာနှစ်ပုဒ်၊ တစ်ပုဒ်က–

**တောင်သမန်**

လှတစ်ယောက်
အင်းရေပြင်ကိုကြည့် စိတ်ကူးနဲ့လီမှံမယ်
အဲဒီစိတ်ကူးဟာ အရု တံတားဖြစ်လို့
အဲဒီတံတားပေါ်မှာ အရု ကျွန်တော်တို့
လမ်းလျှောက်လို့
အင်းရေပြင်ကိုကြည့်ရင်း
စိတ်ကူးလို့။ ။

ခင်ဇော်မြင့်
[ကဗျာ]

နောက်တစ်ပုဒ်က–

**တောအုပ်**

ကိုယ်က စိုးရွှာထားတဲ့ ညရဲ့
ထပ်ညှို့ရှုလည်း အားနာ
မျက်နှာပေါ်က အကြောစိမ်းကလေးကိုလည်း မမြ
နောက်ဆုံး
ဆောင်းထားတဲ့ ထီးကိုပဲ ဝိတ်ချလိုက်တယ်။ ။

ဝိုင်းရှို
[ရှမ်းရှင်တေးကဗျာ]

ဒီကဗျာနှစ်ပုဒ်ဟာ သာမန်တောတွဲ့ တောင်တွဲ့တွေတော့ မဟုတ်ကြပါဘူး။ ခင်ဇော်မြင့်ရဲ့ "တောင်သမန်"က တောင်သမန်အစစ်ထက် ကျယ်ဝန်းပြီး၊ ဝိုင်းရှိုရဲ့ "တောအုပ်"ကလည်း တောအုပ်အစစ်ထက် ကျယ်ဝန်းတဲ့ ခံစားမှုတွေရှိပါတယ်။ လှတယ်လို့ သုံးသပ်မိတဲ့ ဒီကဗျာနှစ်ပုဒ်အတွက် အကြောင်းပြချက် မလိုပါ။

[ခင်ဇော်မြင့်အတွက် သီးခြားပေးချင်တဲ့ မှတ်ချက်ကတော့ သူ့ရဲ့ **Out-door** လက်ရာတွေ ထူးခြားသစ်လွင်နေမှုပါ။ မောလမြှောင်းတွေထဲမှာပဲ ခင်ဇော်မြင့်ရဲ့ "ကျူး" (ရန့်သစ်)၊ ပြီးခဲ့တဲ့ မတ်လထုတ်နောက "တန့်ကြည့်တောင်" (မြားနတ်မောင်) အဲဒီလို ခင်ဇော်မြင့်ရဲ့ **Landscape** အဖွဲ့တွေကို ကျွန်တော်တို့ သတိပြုမိကြပါတယ်။ လေးချယ်]

**Out-door** ကဗျာ၊ **Land Scape** အဖွဲ့ဆိုလို့ ဒီ မောလကဗျာတွေထဲမှာ ကျွန်တော်တို့ အမှတ်တမဲ့ သတိပြုမိသွားတဲ့ပဉ္စမ တစ်ခုက–

ဆေးပျစ်ပျစ် ကမ်းတက်ရေများကို ပြန်လည်ရှိုက်ငင်
အတွင်းကျိတ် အရွေ့ခါးခါးပင့်သက်များနဲ့
ရင်နှင့်အမျှ ကမ်းပါးတွေကိုသာ
နာနာပုံချွေ တိုက်စားပစ်နေရရဲ့
ချစ်ခြင်းမေတ္တာများ စီးဆင်းသော
ရွှံ့စောင်းစောင်း ကမ္ဘာ့မြေမှာ
ကိုယ်တိုင်ရေး သင်ရိုးတစ်ပုဒ်။ ။
အဲဒါကတော့ ရာမျိုးရဲ့ "မြစ်" ကဗျာအစအဆုံးပါ။ (ကလျာ)
"မွေးစနေ့မှာ
မြစ်လည်းမရှိဘူး
မြစ်မှာကလည်း ခြေထောက်က မရှိပြန်ဘူး
မရှိတဲ့ခြေထောက်မှာ
ဖိနပ်ကလည်း မရှိပြန်ဘူး
မရှိတဲ့ဖိနပ်ဟာ ခြေထောက်ဖြစ်ပြီး
ကိုယ့်ခြေထောက်ကိုယ် ခေါင်းအုံးအိပ်တဲ့သူဟာ
မြစ်ဖြစ်နေပြန်ရဲ့"

ဒါကတော့ဖြင့် မောင်ချောနွယ်ရဲ့ "ရန်သူမဲ့သောနေ့ရက်များ" ကဗျာထဲက ကောက်နုတ်ချက်ပါ။ (ရုပ်ရှင်ဘေးကဗျာ)

ဒီနေ့ကဗျာမှာ ကဗျာအတွေးပုံ၊ စကားလုံးရွေးချယ်မှုတွေကတော့ ဗဟုရသ အလိုအတိုင်းပါပဲ။ ဗဟုဝါဒခေတ်မှာ ခေတ်ပေါ်ကဗျာဟာ ဗဟုရသမှဖြစ်တယ်။ ဆိုလိုတာက အရောင်စုံ အသွေးစုံတယ်ဆိုပေတာယ်လို့ တကယ်တမ်းမှာတော့ များများ မကွဲပြားပါဘူး။ နှမ်းမျိုးနှမ်းစေ့ပဲ ကွဲပြားတယ်လို့ ထင်ပါတယ်။ ဒါဟာ ဘာလဲဆိုတော့ ဖတ်သူရဲ့ ဒီမိုကရေစီကို အသိအမှတ်ပြုတာနဲ့ မပြုတာတို့ပါပဲ။ ကြီးကြီးကျယ်ကျယ် ပြောတယ်လို့တော့ မထင်စေချင်ပါ။ နိဂုံးချုပ် အနေနဲ့ ဒီအကြောင်းပြောကြည့်ပါရစေ။ ကဗျာနှစ်ပုဒ်ပါပဲ။

**မောင်ကောက်၊ ဇော်မိုးလွင်**

ကဗျာနှစ်ပုဒ်ကို အရင်ဆုံးယှဉ်ပြီး ဖတ်ကြည့်စေလိုပါတယ်။

**ခရီးရှည်ရထား**

ကျွန်တော်သင်ခဲ့တဲ့ကျောင်းကို
ပြန်စောင်းငဲ့ကြည့်လိုက်တော့

ဆေးပျစ်ပျစ် ကမ်းတက်ရေများကို ပြန်လည်ရှိုက်သိပ်
အတွင်းကျိတ် အရှေ့ စါးစါးပေါ်ဆက်များနဲ့
ရင်နှင့်အမျှ ကမ်းပေါ်တွေ့ကိုသော
နှာနှာပွဲရွေ့ တိုက်စားပစ်နေရစဲ
ချစ်ခြင်းမေတ္တာများ စီးဆင်းလော
ရှို့စောင်းစောင်း ကမ္ဘာမြေမှာ
ကိုယ်တိုင်ရေး သင်ရိုးတစ်ပုဒ်။ ။
အဲဒါကတော့ ရာမျိုးရဲ့ "မြစ်" ကဗျာအစအဆုံးပါ။ (ကလျာ)
"မွေးနေ့မှာ
မြစ်လည်းမရှိဘူး
မြစ်မှာကလည်း ခြေထောက်က မရှိပြန်ဘူး
မရှိတဲ့ခြေထောက်မှာ
ဖိနပ်ကလည်း မရှိပြန်ဘူး
မရှိတဲ့ဖိနပ်ဟာ ခြေထောက်ဖြစ်ပြီး
ကိုယ့်ခြေထောက်ကိုယ် ခေါင်းအုံးအိပ်တဲ့သူဟာ
မြစ်ဖြစ်နေပြန်ရဲ့"

ဒါကတော့ဖြင့် မောင်ချောနွယ်ရဲ့ "ရန်သူမဲ့သောနေ့ရက်များ" ကဗျာထဲက ကောက်နုတ်ချက်ပါ။ (ရုပ်ရှင်ဆေးကဗျာ)

ဒီနေ့ကဗျာမှာ ကဗျာအတွေးပေါ့ပုံ၊ စကားလုံးရွေးချယ်ပုံတွေကတော့ ဗဟုရသ အလိုအတိုင်းပါပဲ။ ဗဟုဝါဒခေတ်မှာ ခေတ်ပေါ်ကဗျာဟာ ဗဟုရသဖြစ်တယ်။ ဆိုလိုတာက အရောင်စုံ အသွေးစုံတယ်ဆိုပေတယ်လို့ တကယ်တမ်းမှာတော့ များများ မကွဲပြားပါဘူး။ နှစ်မျိုးနှစ်စားပဲ ကွဲပြားတယ်လို့ ထင်ပါတယ်။ ဒါပေ ဘာလဲဆိုတော့ ဖတ်သူရဲ့ ဒီမိုကရေစီကို အသိအမှတ်ပြုတာနဲ့ မပြုတာတို့ပါပဲ။ ကြီးကြီးကျယ်ကျယ် ပြောတယ်လို့တော့ မထင်စေချင်ပါ။ နိဂုံးချုပ် အနေနဲ့ ဒီအကြောင်းပြောကြည့်ပါရစေ။ ကဗျာနှစ်ပုဒ်ပါပဲ။

**မောင်ကောက်၊ စော်ရိုးလွှင်**

ကဗျာနှစ်ပုဒ်ကို အရင်ဆုံးပေးဦးပြီး ဖတ်ကြည့်စေလိုပါတယ်။

**စရိုးရှည်ရထား**

ကျွန်တော်သင်ခဲ့တဲ့ကျောင်းကို
ပြန်စောင်းငဲ့ကြည့်လိုက်တော့

ဘယ်မှာလဲ။ ။

**မောင်ကောက်**
**[မြွားနေတော်အောင်]**

## ကိုယ်တိုင်မရေးတဲ့ပုံတူ

မေမေ့ပါးပြင်ပေါ် စပယ်တွေပွင့်တဲ့နေ့
မေမေ့မျက်နှာလေးကို နောက်ဆုံးမြင်လိုက်တယ်။
ထိမ်တွေနဲ့ အရုပ်ရေးတမ်း ကစားတာတစ်အရွယ်
မေမေ့လက်ဆောင် ကျွန်တော့ငယ်လေးတစ်ခု အမည်ဟာ
"စိမ်းလန်းသော အိပ်မက်များ"တဲ့။

မေမေ
မီးပြတိုက်သေလို့ ဝင်းစေတဲ့ ကောင်ကလေးဆိုတာ
ကျွန်တော်သေချာရဲ့လား
ထပ်တူထွန်းညှိထားလိုက်ပါတယ်။ ။

**ဇော်မိုးလွင်**
**[ကလျာ]**

မောင်ကောက်ရဲ့ ကဗျာက မေခင်က သား(တွေ)အကြောင်း တွေးထားတာပါ။ ဇော်မိုးလွင်ရဲ့ကဗျာမှာကျတော့ သားက မေခင်အကြောင်းတွေးထားတာပေါ့။ မောင်ကောက်ရဲ့ ကဗျာမှာ (ဖတ်သူကို) မေးထားတဲ့ မေးခွန်းတွေက (တစ်နည်း၊ ကဗျာဆရာ စဉ်းစားထားတာတွေက) နှိပ်ဖြစ်နေတယ်။ သံသယနဲ့ ကြမ်းရှရှနိုင်တယ်။ အဆိုးမြင် မကောင်းမြင်စိတ်လည်း ကဲနေပုံ။ များများမကြည့်နဲ့။

"မျိုးဆက်တွေလား/ ကြွေးမြီတွေလား"တဲ့။

"...ယင်လယ်ပြင်လား/ ...မြေကြီးလား"တဲ့။

မောင်ကောက်တွေးခေါ်ပုံက ရှုပ်ကြမ်းဆန်လွန်းလှချည်ရဲ့ဗျာ။ မောင်ကောက်ရဲ့အတွေးတွေက မရေရာမသေချာ။

ဇော်မိုးလွင်ကတော့ ဖတ်သူကို (မောင်ကောက်လို တစ်ဖက်သတ်ဖိပြီး) အများကြီးလည်း မေးမထားပါဘူး။ (ကဗျာဆရာက အများကြီး မစဉ်းစားတဲ့သဘော) ဇော်မိုးလွင် မေးခွန်းက တစ်ခွန်းတည်းပါပဲ။

"ကျွန်တော်သေချာရဲ့လား"

ဇော်မိုးလွင်ကဗျာမှာ (သားက) အိမ်ကို သေချာအောင် "ကျွန်တော် သေချာ ရဲ့လား"လို့ မေးလိုက်တာပါ။ မိခင်ကို မေးတာပါ။ (ဖတ်သူကို မေးတာပဲပေါ့) ကဗျာဆရာစဉ်းစားတဲ့ အတွေးဟာ သေချာမှုအပြည့်။ အကောင်းမြင်စိတ်နဲ့ပေါ့ ။

ဖော်မိုးလွင်က အကောင်းမြင်စိတ်နဲ့ သေချာပေါက်ပြောလိုက်တာက–

"ထယ်ထူထွန်ညှိထားလိုက်ပါတယ်" တဲ့။

ဖော်မိုးလွင်ရဲ့ အဖြေ(မေးခွန်း)က ဒွိဟမဟုတ်၊ သံသယမပါတဲ့အတွက် ကဗျာဖတ်သူဘက်က ခံစားဆောင်ခြင်းရှိ နှလုံးစိတ်ဝမ်း ရဲရဲယုံယုံ ရှိလာပါတယ်။

မြို့သက်ရှင်းကူးလူးမှု၊ သမိုင်းပေါက်ဆင့်ကမ်းကော်ရှုမှာ ဖော်မိုးလွင် ကဗျာထဲက သားနဲ့ဖအေက သေချာမှုရှိတယ်။ မောင်စေတက် ကဗျာထဲမှာတော့ ဖအေနဲ့သားတွေ မရေမရာ။ ဒါပေမဲ့ ဖအေတုပ်သူက–

"ဗျာပါဒတွေနဲ့ ဝင်းပရိုင်း"

ဒီလိုတော့လည်း ဂုဏ်ယူချင်သေးတုံ့ရရဲ့။

အဆိုးဆုံးကတော့ မောင်စေတက်ကဗျာက မရေမရာ၊ မသေချာ (မယုံကြည်တာလည်း ပါကောင်းပါမယ်)နဲ့ ပြောချလိုက်တာက–

"ဘုတာကကော
ဘယ်မှာလဲ" တဲ့။

ဒီမေးခွန်းက ဘုတာကတော့ **No**ပဲလို့ မပြောလိုက်ရတာမည် ဖြေလိုက်တဲ့ အဖြေလိုဖြစ်နေပါတယ်။

ကြီးကြီးကျယ်ကျယ် ပြောတယ်လို့တော့ မထင်ပါနဲ့။

ကဗျာအတွေးဆိုတာ တစ်ပြိုင်နက်တည်းမှာ စိတ်ကူးယဉ်ဆန်မှုလည်းရှိ (ရှိမနဲ့တစ်ဖြစ်) တစ်ပြိုင်နက်တည်းမှာ ဒီမိုကရေစီလည်းရှိ (ဒီလိုဆိုဒီမှန်) ဒီလိုပဲ ဖြစ်သင့်တာမဟုတ်လား။

*

# 6

လမ်းတစ်ဝက်ရောက်မှ နောက်ပြန်လှည့်ကြည့်လိုက်တော့–

ကျွန်တော်တို့ ဒီဇင်ဘာ ၂၀ ကဗျာကလေးတွေနီးယား ကလေးရဲ့ ၁၉၉၉ မဂ္ဂဇင်းကဗျာ လေ့လာရေးခရီးဟာ အခုဆိုရင် ခရီးတစ်ဝက်ကျိုးပါပြီ။ အခု ဆောင်းပါးဟာ (၁၉၉၉) ဇွန်လထုတ် မဂ္ဂဇင်းအသီးသီးက ကဗျာတွေအကြောင်း ပြောမယ့်ဆောင်းပါးပါ။ အဲဒီလို ခရီးတစ်ဝက်ကျိုး၊ လမ်းတစ်ဝက်ရောက်မှ နောက်ပြန်လှည့်ကြည့်လိုက်တော့ ကျွန်တော်တို့ ဒီဇင်ဘာ ၂၀ ကဗျာဖတ်သူများရဲ့ နောက်က ထက်ကြပ်မကွာလိုက်လာတဲ့ ဝေဖန်ရေးတွေကို တွေ့လိုက်ရပါရဲ့။ ဝေဖန်ရေးတချို့က အခြားကဗျာဖတ်သူများ၊ ဝေဖန်သူဆရာများဆီကဖြစ်ပြီး တချို့ ဝေဖန်ရေးကတော့ ကျွန်တော်တို့ ကိုယ်တိုင်ဆီက ဖြစ်ပါတယ်။

အခြားကဗျာဖတ်သူများ၊ ဝေဖန်သူဆရာများ(အချို့)ကတော့ "ကဗျာအလုပ်ရုံကလေး"ကို မူအားဖြင့် လက်ခံကြပါတယ်။ အသေးစိတ်အနေနဲ့ တချို့ ကြိုက်တာလည်းရှိ၊ မကြိုက်တာလည်းရှိပါတယ်။ စာမျက်နှာပေါ်ကနေ ဝေဖန်ထောက်ပြလာတာကတော့ မရှိသေးပါဘူး။ နီးစပ်ရာ ကဗျာအသိုင်းအဝိုင်းကတစ်ဆင့် ပြန်ကြားရတာလောက်ပါပဲ။ အဲဒီလို ပြန်ကြားရတဲ့ အသံတွေထဲမှာ ကျွန်တော်တို့ သတိထားဖြစ်မိပြီး၊ ဂရုစိုက်စွာ ဆင်ခြင်ရမယ်လို့ ယူဆမိတဲ့အချက်တစ်ချက်ကတော့ ကဗျာအလုပ်ရုံကလေးဟာ ဖတ်ညွှန်းဟုတ်တယ် မဟုတ်ဘူးဆိုတဲ့ အမေးတစ်ခွန်းနဲ့ ကဗျာအလုပ်ရုံကလေးဟာ ဝေဖန်ရေး ဖြစ်တယ် မဖြစ်ဘူးဆိုတဲ့ အမေးတစ်ခွန်း၊ အဲဒီအမေးနှစ်ခွန်းကြားမှာ ကူလူးနေသလားဆိုတဲ့ တုံ့ပြန်ပြောဆိုတဲ့အသံပါ။ ဒါကို ကျွန်တော်တို့ ဆင်ခြင်ဖို့ သတိရပါတယ်။

ကဗျာအလုပ်ရုံကလေးကို ကျွန်တော်တို့ တင်ဆက်လာတဲ့ ရည်ရွယ်ချက်ဟာ ကဗျာလေ့လာရေးပါ။ ခေတ်ပေါ်ကဗျာတွေကို လေ့လာဖို့ဆိုပြီး ကျွန်တော်တို့

တနင်္ဂနွေ ဆုံစည်းနေကျ လက်ဖက်ရည်ဆိုင်ကလေးမှာထိုင်ပြီး တစ်လနဲ့တစ်လ အားတက်သရော ပြောခဲ့ကြ၊ ဆိုခဲ့ကြ၊ ဆွေးနွေးခဲ့ကြတာ ဖြစ်ပါတယ်။ ဖတ်ညွှန်းလုပ်ဖို့ မဟုတ်ပါ။ ဝေဖန်ဖို့ မဟုတ်ပါ။ သို့သော် ကျွန်တော်တို့ ကဗျာလေ့လာရေးအလုပ်က မပီပြင်လို့ ဒါမှမဟုတ် ဉာဏ်မမီလို့ တစ်ခါတစ်ရံမှာ ဖတ်ညွှန်းဆန်သွားတာမျိုး၊ ဝေဖန်သလို ဖြစ်သွားတာမျိုး ရှိကောင်းရှိနိုင်ပါတယ်။ ဒါကို ကျွန်တော်တို့ ဝန်ခံရမှာပါပဲ။ ကျွန်တော်တို့ ဒီခေတ်ဘာ ၂၀ ကဗျာဖတ်သူများရဲ့ အဓိက ရည်ရွယ်ရင်းက အဲဒီလို ဖတ်ညွှန်းဖို့မဟုတ်၊ ဝေဖန်ဖို့မဟုတ်၊ ကဗျာလေ့လာရေးကို လေ့လာရေး မှန်မှန်လုပ်သွားကြဖို့ပါ။ ဒီအတွက် ကျွန်တော်တို့ ဒီခေတ်ဘာ ၂၀ ကဗျာဖတ်သူများ သတိပြုဆင်ခြင်ကြပါမယ့်အကြောင်း။

နောက်တစ်ချက်ကတော့ ကိုယ့်ကိုယ်ကို ပြန်ဝေဖန်မိတဲ့ အချက်။ ကျွန်တော်တို့ အဲဒီလို ခေတ်ပေါ်ကဗျာ (၁၉၉၉ မဂ္ဂဇင်းကဗျာ) တွေကို လေ့လာရအောင် ကျွန်တော်တို့မှာ ဘယ်လောက်ထိတော်ကျွမ်း နားလည်မှုတွေ ရှိလို့လဲ၊ ဒီအလုပ်ဟာ ကျွန်တော်တို့နဲ့ တန်လို့လား၊ ကျွန်တော်တို့မှာ ကဗျာနဲ့ပတ်သက်လို့ ပြောရေးဆိုခွင့်ကော ရှိရဲ့လား။ အဲဒီလို ကိုယ့်ကိုယ်ကို ပြန်မေးမိတာမျိုးလည်း ရှိပါတယ်။ ကျွန်တော်တို့ ရိုးရိုးသားသားဝန်ခံပါတယ်။ ကျွန်တော်တို့ ဉာဏ်မီသလောက်၊ ကျွန်တော်တို့ စိတ်ဝင်စားတဲ့ ခေတ်ပေါ်ကဗျာကိစ္စကို ကျွန်တော်တို့ပြောကြည့် ရေးကြည့်ဆိုကြည့်တာပါ။ ကျွန်တော်တို့မှာ ကဗျာအကြောင်း ပြောချင်ရေးချင်ဆိုချင်တဲ့ ဆန္ဒပဲရှိပါတယ်။ တခြားမရိုးမသားနဲ့ အလကားအမှုတင်းပဲတင်း ပွဲရှုအောင် သို့မဟုတ် ပွဲလန့်အောင်၊ ဒါမှမဟုတ် ဆရာကြီး လုပ်ချင်တဲ့ဆန္ဒ စိုးစဉ်းမျှ မရှိပါကြောင်း ဝန်ခံရင်းနဲ့ ...။

အခု (၁၉၉၉) ဇွန်လ မဂ္ဂဇင်းကဗျာတွေအကြောင်း မပြောခင်ပြီးခဲ့တဲ့ မေလထုတ် မဂ္ဂဇင်းတွေထဲက ကျွန်တော်တို့ ဒီခေတ်ဘာ၂၀ ကဗျာဖတ်သူများက အကြိုက်ဆုံးလို့သတ်မှတ်ခဲ့တဲ့ ကဗျာကို အရင်ဖော်ပြပါရစေ။

ယခုကဗျာကတော့–

**မေတ္တာချုပ်**

ကိုယ်က မိုးရွာထားတဲ့ညမို့
ထပ်ညို့ရမှာလည်းအသေနော
မျက်နှာပေါ်က အကြောစိမ်းလေးကိုလည်း ရှမရ
နောက်ဆုံး
ဆောင်းတေးတဲ့ ထီးကိုပဲ ပိတ်ချလိုက်တယ်။ ။

**ဇိုင်ရှို**
**[ရုပ်ရှင်တေးကဗျာ]**

ဒီတစ်လကျွန်တော်တို့ဖတ်ပြီး ပြောဖြစ်ကြတဲ့ ဇွန်လ မဂ္ဂဇင်းကဗျာတွေနဲ့

ပတ်သက်လို့ ဦးစွာအရင်–

ခေတ်ပေါ်ကဗျာဟာ တစ်သီးပုဂ္ဂလသဘောကို အတွင်းကျကျခံစားပြီး လွတ်လပ်စွာ ဖော်ထုတ်ချက် **(Individuality -Inner feeling -freedom of expression)** ဖြစ်တယ်လို့ ကျွန်တော်တို့ ကြားဖူးနားဝရှိထားတော့ ဒီသဘောမျိုးများ ဖြစ်လေမလားလို့ ယူဆမိတဲ့ ကဗျာသုံးပုဒ်ကို ပြောကြည့်ချင်ပါတယ်

တစ်ပုဒ်က–

**အိပ်မက်သီးစား**

ကျွန်တော့်ဘဝ ယာခင်းထဲ
နှလွှတ်တွေ စီးချင်းထိုး တလိမ့်လိမ့်ကြွကျ
ဒီလိုနဲ့
ကြွေမှုနေတဲ့ အိမ်ပြန်ချိန်ညချမ်းများ။
မျှော်လင့်ခြင်းရဲ့ စားမြိန်ထုပ်ကလေးထဲမှာ
မေတ္တာသင်္ကေတအကျရော တလုံးတွေ
ကျွန်တော်တို့ သယ်ဆောင်လေးကာ
မသီးမပွင့်ခဲ့ဘူးလား။
တစ်ရာသီစာမက
နှစ်ရာသီစာမက
နောက်ကျနေသူ မိတဆိုးလေးအတွက်တော့
တောခြောက်သံတွေ တစ်ရင်လုံး ညံခဲ့ပြန်ပေါ့။
အမေရေ...
အမေရေ...
အမေရေ...
အဲဒီကျွန်တော့်အောင်လံလေး
ကူကယ်သူမဲ့တဲ့ တံလျှပ်လွင်ပြင်ကြီးထဲ
ငှက်စာကျွေးအဖြစ်ခဲ့တော့။ ။

**နိုင်ဝင်းဆိုင်ရ (တာလုပ်မြို့)**
**[မဟေသီ]**

နောက်တစ်ပုဒ်က–

**ကျွန်တော့်ရဲ့ပန်းမြိုင်လယ်**

"ပန်းမခူးရ"
ကျွန်တော့်ကို သတိပေးတဲ့စာ
ကျွန်တော်ကိုယ်တိုင်ပဲရေးခဲ့။
ပန်းတွေမကြွေဘူး
ကျွန်တော်ကြွေတယ်။

ပန်းတွေကို ကြည့်မိတိုင်း
ကိုယ့်ဘော်ရာ ကိုယ်ပြန်မြင်ရ
တွေးမများ အနိစ္စ။
သင်းပျံ့တဲ့ ပန်းရနံ့တွေ
အလိုက်သင့်မူးရီစေခဲ့။
ပျားတို့၊ ကျွန်တော့်နှလုံးသားကိုစုပ်ယူကြ။
နေ့မှာ ပန်းတစ်ပွင့် ပွင့်တိုင်း
ညမှာ ကြယ်တစ်ပွင့်ကြွေတယ်။ ။

မောင်သု
[ရန့်သစ်]

**ကျွန်တော်နှင့် မတည့်သောအာဟာရများ**

ရုပ်သက်သက်ပြခန်းထဲ
စိတ်တွေ လွှတ်ချခဲ့တယ်။
နေရောင် ကျဉ်းတယ်
အကြည့်တွေ ပြန်မလာဘူး
စကားတွေ ပြန်မလာဘူး
နေ့တိုင်းနေ့တိုင်း ဒီလိုပဲ
မတည့်တာတွေသာရခဲ့
ငါ့ကို တစ်ချပြန်ပေးပါ။
ရေကန်ထဲ ငုံ့ကြည့်တော့
ငါးစာတွေပဲရှိတယ်။
ငါးမရှိဘူး။ ။

ထက်သစ်
[ရန့်သစ်]

ဒီကဗျာသုံးပုဒ်ဟာ တစ်သီးပုဂ္ဂလသဘောတွေကို ဖွဲ့ကြတာပါပဲ။ သုံးပုဒ်စလုံးမှာ အတွင်းပိုင်းကျကျ ခံစားမှုကို တွေ့ရမယ်။ ကဗျာဆရာ သုံးယောက်စလုံးသူတို့ရဲ့ ဝေဒနာကို လွှတ်လွှတ်လပ်လပ် ဖော်ထုတ်တင်ပြထားတာ မဟုတ်သလား။ တူညီတာကတော့ သုံးပုဒ်စလုံးမှာ ညည်းသံက နည်းနည်းညံနေတာပဲပေါ့။ သူတို့ညည်းသံက လောကကြီးကို ဖွဲ့ပြီး အဆိုးမြင်တဲ့ဘက်တော့ ရောက်မသွားပါ။ လောကကြီးရဲ့ အစစ်အမှန်တရား **(Reality)** ကို ဖော်ထုတ်ပြလိုက်တာပါပဲ။ နိုင်ငံခြားရဲ့ (တာလုပ်ရှို့)က

"အဲဒီကျွန်တော့်အော်သံလေး၊ ကူကယ်လူဝေးတဲ့ တံလျှပ်လွင်ပြင်ကြီးထဲ၊ ၄ဂ်စာ ကျောအာဖြစ်စေတော့"တဲ့။ မောင်သူက "နေ့မှာ ပန်းတစ်ပွင့်မွှင့်တိုင်း၊ ညမှာကြယ်တစ်ပွင့်ကြွေတယ်"တဲ့၊ ထက်သစ်က"ရေကန်ထဲ ငုံ့ကြည့်တော့၊ ငါးတေပဲရှိတယ်၊ ငါးမရှိဘူး"တဲ့။

ကဗျာမှာ ပုတ်မထောင်မှု **(Illusion)** နဲ့ အစစ်အမှန်တရား **(Reality)** ကို ဆက်စပ်ခံစားကြတယ်ဆိုတဲ့ အချက်ကို ကျွန်တော်တို့ ဒီကဗျာသုံးပုဒ်ဖတ်ပြီး ပြောဖြစ်ကြပါသေးတယ်။

ဒါနဲ့ တစ်ဆက်တည်း ခေတ်ပေါ်ကဗျာဟာ တစ်သီးပုဂ္ဂလသဘောကို အခြေပြုတယ်။ **Individualism** ပဲဆိုပြီး ပြောကြတော့ ကဗျာဆရာက သူ့ရဲ့ ပုဂ္ဂလိက ခံစားမှုကို သူခံစားရတဲ့အတိုင်း ဖွဲ့လိုက်တဲ့ ကဗျာတစ်ပုဒ်ဟာ အတိမ်အနက် ဘယ်လောက်ရှိမလဲ။ သူ့တစ်ကိုယ်ရေ ခံစားမှု ဘယ်လောက်အထိ ကျယ်ပြန့်ရောက်ရှိသွားမလဲ။ (လူ့အဖွဲ့အစည်းဝင် လူသားတစ်ယောက်ရဲ့) ကိုယ်ရေးကိုယ်တာ ဆက်သက်ထက်မက ကဗျာက (လူ့အဖွဲ့အစည်း) လူသားအားလုံးရဲ့ ယေဘုယျ သဘောသဘာဝ၊ လူ့ဂုဏ်ရည်ဂုဏ်သွေး **(Humanity)** ကို ဘယ်လောက်ထင်ဟပ်နိုင်တယ်ဆိုတဲ့ အချက်ကလည်း အရေးကြီးပါတယ်။

ကဗျာဆရာရဲ့ တစ်ဦးချင်း ခံစားမှုဟာ အများတကာရဲ့ ခံစားမှုကိုလည်း ထင်ဟပ်ပြတယ်၊ ကိုယ်စားပြုနိုင်တယ်ဆိုရင် အဲဒါကို **Personal** ကနေ **Universal** ကိုရောက်ရှိတယ်လို့ စာပေပညာရှင်များက ဆိုကြပါတယ်။

အခု ကျွန်တော်တို့ ဒီလဖတ်မိတဲ့ ကဗျာနှစ်ပုဒ်ဟာ ဒီသဘော သက်ရောက်တယ်လို့ ကျွန်တော်တို့ ယူဆမိကြပါတယ်။ ကဗျာဆရာနှစ်ယောက်ဟာ သူတို့ရဲ့ ရင်သွေးနှစ်ယောက်အကြောင်းကို ရေးလိုက်တဲ့ ကဗျာနှစ်ပုဒ်ပါ။

## အောင်ဘညို
## ငါ့ခေါင်းထဲမှာ ကျိုးပြိုခဲ့တယ်

ဘာမှမရေးရဘူး
လွှမ်းစေ့းမှုပဲ သေချာခဲ့တယ်။
အချိန်အခါမဲ့
မိုးနှင်းသွေ
ငါ့မိန်းမမျက်ရည်ကို
ဖြားယောင်းခဲ့တယ်။
မြေကြီးပေါ်မှာ
လူးလိမ့်နေတဲ့

ငါ့မိန်းမနှလုံးသားကို
နှစ်သိမ့်ဖို့
ငါဆွံ့အနေခဲ့တယ်လေ။
"သား" "သား"
"သား"
တော်လည်းသိလို
ငါ
ထစ်ချုန်းအော်ဟစ်လိုက်တယ်
ဒါတစ်ခုပဲ ငါရှုံးတယ်။
ငါ့မျက်ရည်
ငါ့သောက
ငါ့ဗျာပါဒ
ငါ့ပရိဒေဝ
ငါ့ဓီလျှံ
ဒါအိမ်မက်မှ မဟုတ်တာပဲသားရယ်...။
သားအတွက်
မေတ္တာကို မေတ္တာနဲ့
မီးလျှံကို မီးလျှံနဲ့
မုန်တိုင်းကို မုန်တိုင်းနဲ့
ဓားကိုဓားနဲ့
လှံကိုလှံနဲ့
အမေတို့ပြေတွေ့ဖို့ အနေအထားမှာ။
သားရဲ့ဒုဋ္ဌသာပဲ စဝါးခဲ့လေသလား
အမေတို့ဘဝကပဲ ခါးသီးခဲ့လေသလား
ဪ...သားရယ်။ ။
(၁၁-၃-၉၃ နေ့က ကွယ်လွန်သွားသော သားသားလိုသားသို့)

**[ရန့်သစ်]**

## ဗိုင်

## ပုခက်

လက်တွေက ပုခက်ကိုလွှဲတဲ့အခါ
ဘယ်သီချင်းကို ဆိုရမလဲ

ခေတ်တွေက မေမေတို့ကို လွဲတဲ့အခါ
ဆိုတဲ့သီချင်းကိုပဲ ဆိုရမှာပေါ့
သားရေ
သီချင်းတွေကို နှလုံးသားနဲ့ နားထောင်တတ်ဖို့
အငိုမြစ်တွေ အများကြီး ကျော်ဖြတ်ရလိမ့်ဦးမယ်
ပုခက်ယောင်းကာလလေးကတော့
ဖြူစင်စွာနဲ့ ဘဝရဲ့ ထောင့်ကလေးတစ်ထောင့်ထဲ
ကျန်ခဲ့ရမှာပေါ့
ကမ္ဘာကြီးဟာ
ဒီလိုနဲ့ တစ်ဦးကိုတစ်ဦး လက်ဆင့်ကမ်းလွှဲခဲ့ကြတယ်
လောကီများ
သီချင်းများ
ပုခက်များ
မေတ္တာသစ္စာများနဲ့ ထုံမွှမ်းထားခဲ့
ပိုက်အိမ်လေးထဲ ခုတော့
ပိုချင်တာတစ်ခုရှိတိုင်း တွန်းထိုးကန်ကျောက်လို့
အားရအောင် ငိုလိုက်ပါဦး
သားရေ... ။ ။

**[ရွှေဒီရှင်ဆောင်းကဗျာ]**

ဒီကဗျာနှစ်ပုဒ်ဟာ အောင်ဘညိုဆိုတဲ့ ပိုင်ဆိုတဲ့ ကဗျာဆရာနှစ်ယောက်ရဲ့ ပုဂ္ဂလိက ခံစားမှုသက်သက် မဟုတ်တော့ပါဘူး၊ ဒီလိုအဖြစ်မျိုးတွေ အဆက်မပြတ် စီးဆင်းနေတဲ့ ခေတ်ရေစီးကြောင်းထဲမှာ အဲဒီလို ကြေကွဲမှုပမ်းသက်သာစရာဘဝ အနာတရဖြစ်မှုတွေက အမြဲလိုလိုဖောင်းဘင်ခေတ်လျှိုဝှက်ပေါ့။ အောင်ဘညိုက မျိုးဆက်သစ်၊ သမိုင်းသစ် လမ်းကြောင်းပေါ်ကို တက်လျှောက်ခွင့် မရရှာဖြစ်ရတဲ့ ရင်သွေးအတွက် ရင်ထုမနာ။ ပိုင်က အဲဒီလမ်းကြောင်းပေါ်သို့ လျှောက်ဝင်လာမယ့် ရင်သွေးအတွက် သူလည်း ရင်ထုမနာ။

ကဗျာဆိုတာ ဒါပါပဲ၊ ခေတ်ပေါ်ကဗျာဆိုတာ ဒါပါပဲ။ ခေတ်ပေါ်ကဗျာကို နားမလည်ဘူး၊ ခံစားလို့မရဘူးဆိုတဲ့သူများ၊ ခေတ်ပေါ်ကဗျာကို နားလည်ဖို့ ခံစားဖို့ ခက်နေတဲ့သူများ ဒီကဗျာနှစ်ပုဒ်ကို ဖတ်မိစေချင်စမ်းပါရဲ့ဗျာ။

ဒီတစ်လ ပြောချင်နေတာနဲ့ တိုက်တိုက်ဆိုင်ဆိုင် ဖတ်မိလိုက်တဲ့ ကဗျာတစ်ပုဒ် ကတော့ ကိုဇြိမ်း (မန္တလေး)ရဲ့ "တောင်ပြာပုံလေး"ကဗျာပါ။ (မြားနတ်မောင်)

တစ်ခါက အမေ့နောက်မှီး (နွားချေး)လှည်းပေါ်မှာ
ဂုံညင်းလောက်ကော်ပြားအပုံလေး ပါလို့လာ…
နက်တက်တက်ကလေးနဲ့ ဘာမှန်းလဲ ကျွန်တော်မသိပါ။
မိုးနံ့ချိုချဲ အဲဒါလေး လွှင့်ပစ်လိုက်တဲ့အခါ
မိုးနံ့ရှူးတွေခြစ်မီ မျှော့လေးသနားစရာပါ…
"မွှေးညို…မွှေးညို" မြည်မြန်တော့လည်း
ကျွန်တော် ဝမ်းသာလိုက်ရတာ။ ။
[တွံ့တေး (ဦး) သိန်းတန် သို့]

ကျွန်တော်တို့ ပြောချင်တာက တခြားမဟုတ်ပါဘူး။ ကဗျာရဲ့ အသံနဲ့ အတွေး **(Sound and sense)** အကြောင်းကိုပါ။

ကိုငြိမ်း (မန္တလေး)က ကဗျာအတွေးဆိုတာ ဘယ်လိုအတွေးမျိုးလည်းဆိုတာကို လုပ်ပြလိုက်တာပါ။ ကဗျာအတွေးဆိုတာ စကားပြေက လိုက်မတွေးနိုင်တဲ့ အတွေးမျိုး။ ကော်ပြားပုံလေး ဆူးနဲ့ခြစ်မိပြီး၊ တေးသံထွက်လာတယ်ဆိုတဲ့ အတွေးလိုမျိုး၊ ဘယ်စကား ပြေက တွေးမိမှာတဲ့တုံး။

တစ်ခုတော့ရှိတာပေါ့။ ကဗျာကို ကဗျာလိုပဲကြည့်ပါ။ **Logic** နဲ့ မကြည့်ပါနဲ့။ ဘယ့်နှယ် ကော်ပြားပဲ ဆူးခြစ်မိတာနဲ့ မွှေးညို၊ မွှေးညို အော်ပါ့မလားဆိုပြီး အတွေးမခေါင်ကြစေချင်ပါ။ ဓာတ်စက်ဖွင့်တယ်ဆိုတာ လည်နေတဲ့ဓာတ်ပြားချပ်ပေါ် အပ်လှူးကလေးနိုက်ချပြီး ဖွင့်ရတယ်ဆိုတာကို အခြေခံသိ သိရင် ကိုငြိမ်း (မန္တလေး)ကို ခံစားလို့ရပါပြီ။

အဲဒါအတွေးက လှသွားတာပါပဲ။ ကိုငြိမ်း(မန္တလေး) ကဗျာရဲ့ **sense of beauty** ပေါ့။ ပြီးတော့ အသံ။ ကဗျာမှာ အသံအရေးကြီးတယ်ဆိုတာကိုတော့ လူတိုင်းနားလည်ပြီးသားပါ။ အသံဆိုလို့လည်း ကာရန်တွေ၊ ရစ်သမ်တွေ လာမျှော်ပါနဲ့တော့။ ဒါတွေက ခေတ်မရှိတော့ပါ။ ကျန်ရစ်ခဲ့ပါပြီ။ နားဆောင့်ကောင်းတဲ့ ကဗျာဆရာက နားဆောင့်ကောင်းကောင်းနဲ့ ရေးလိုက်တဲ့ ကဗျာကို နားဆောင့်ကောင်းအောင် အလေ့အကျင့်ရှိထားတဲ့ ကဗျာဖတ်သူက အရသာခံပြီး ဖတ်လိုက်တာပါပဲ။

ဒီနေ့ခေတ်ပေါ်ကဗျာကို ရစ်သမ် (စကားပြေရစ်သမ်၊ မြန်မာရစ်သမ်)နဲ့ ရေးတယ်လို့ ပြောတာကို မကျေနပ်သေးတဲ့သူရှိရင်၊ ဒီတစ်ခါ "နားဆောင့်"နဲ့ရေးတာပါလို့ ပြောလိုက်။ ပြတ်ရော၊ ဥပမာ– ကိုငြိမ်း (မန္တလေး)ရဲ့ "ဓာတ်ပြားပုံလေး"ကိုကြည့်။

အကြောင်းအရာကလည်း လွမ်းစရာကလေးပါ။ ပါဒအဆုံးတွေမှာကလည်း "မှာ၊ လာ၊ ပါ၊ ခါ ပါ၊ တာ"ဆိုတဲ့ "အာ" သရသံချည်း။ ကရုဏာရသကို ပေးနိုင်တဲ့ အသံပါ။ ဒီကဗျာကို ကျွန်တော်တို့ ခံစားရတယ်ဆိုတာက ကဗျာဆရာတွေး လိုက်တဲ့ အတွေးဆန်းကြောင့်တင် မဟုတ်ဘဲ၊ နားဆောင့်နဲ့ ဖတ်လိုက်ရတဲ့ အသံဆန်း

ကြောင့်ဆိုတာလည်း ပါပါတယ်။ သမားရိုးကျတွေ့နေကျ အစဉ်အလာ၊ ခေတ်ပေါ် ကဗျာအသွားမဟုတ်တာပါ။ ကိုငြိမ်း(မန္တလေး)ကဗျာရဲ့ အသွားက အသွားသစ်တော့လည်း မဟုတ်ပါဘူး။ ဒီအသွားမျိုးဆင်ဆင် ဒေါက်တာအောင်ဖြူး ရေးဟာတွေက ရေးခဲ့ဖူးသလို၊ စိမ်းလန်းသော အိပ်မက်ကဗျာ စာအုပ်မှာ ဖတ်ဖူးသလို၊ ဒါပေမဲ့ ကိုငြိမ်း (မန္တလေး) အသွားက ဖြူးတို့ စိမ်းလန်းသောအိပ်မက်တို့နဲ့ ချိတ်ရှုပ်မနေ၊ နည်းနည်းတော့ တစ်မူထူးပါရဲ့။ ထူးလို့လည်း အသဲဆွဲနိုင်လို့ ပြောတာပါ။

ကဗျာတစ်ပုဒ်ရဲ့ အတွေးနဲ့အသဲ၊ အသဲနဲ့အတွေး၊ အရေးပါပုံကတော့ ရေးလို့ ပြောလို့ ကုန်နိုင်ဖွယ်။

မြားနတ်မောင်ထဲက ကိုငြိမ်း (မန္တလေး)ကို ထုတ်ပြလိုက်လို့ တစ်ပါတည်း အဲဒီမြားနတ်မောင်ထဲကပဲ ယောဒီလို ကဗျာတစ်ပုဒ်တလေ–

"ပိုး ယယ်ယယ်တုန်း
ဆရာလေး အနန်းက
ပဆောက်နဲ့ ဖျဉ်းထုပ်ဆိုတာ
အိမ်နီးနားချင်း ညီအစ်ကိုအရင်း
ပျင်းတော့ ပျင်းတယ် တဲ့။
ဟဲ ပျင်းပယ် ပျင်းပယ်နဲ့
နေရင်း (နားရင်း)တွယ်ခဲ့"

"ချစ်ခဲ့သူရေ
မုန်တိုင်းပြီးရင် လေပြည်လေညင်းလာသတဲ့
သန်းခေါင်ပြီးရင် အရုဏ်လာသတဲ့
မင်းဆီက အမုန်းပြီးရင် အမုန်းပဲလာတော့မှာလား
ကမ္ဘာတည်သရွေ့ အမုန်းရှည်ပဲလားကွယ်"

အဲဒီ တချို့တလေကတော့ အသဲသိပ်မဆန်း၊ အတွေးသိပ်မဆန်းလှဘူးလို့ "တဝေါ်မြားပွဲလေး"နဲ့ တရင် ထင်စရာပါ။

ပြီးတော့တစ်ခါ အစုတကားကြီးလို့ ရှုရှုနှစ်ယောက်အကြောင်း ပြောပါရစေ။

တစ်ယောက်က ဆရာ မောင်ဆောင်မှုင့်ဖြစ်ပြီးတော့ သူ့ရဲ့ "အချစ်ရေ ငြိမ်းချမ်းရေး ညစာအတူစားရအောင်" ကဗျာ (ချယ်ရီ)မှာ အခုလို ရေးထားပါတယ်။

"အချစ်ဆိုတာ
အဝတ်မဟုတ်ဘူး
အဝတ်က ဝတ်လေဟောင်းလေ
အချစ်က ချစ်လေ သစ်လေ
ချစ်သထက်ချစ်လေ သစ်သထက်သစ်လေ

သစ်ပြီးရင်း သစ်ရင်း
ချစ်ပြီးရင်း ချစ်ရင်း
ချစ်လို့ကို မဝဘူး
ဒါကြောင့်သာ
ဇီဗားဂိုးရထားထဲ
တိုးတိုးတွားတွား
အချစ်ပွားနိုင်ခဲ့ကြတာ"

"ဇီဗားဂိုးရထားထဲ" တဲ့။ ဒါ ရုရှားစာရေးဆရာ ဘောရစ်ပါစတာနက်ရဲ့ ဒေါက်တာဇီဗားဂိုး ဝတ္ထုကြီးထဲကို ညွှန်းလိုက်တာပါ။ (ဒါမှမဟုတ် ဒါရိုက်တာကြီး ဒေးဗစ်လင်းရိုက်ကူးခဲ့တဲ့ ဇီဗားဂိုး ရုပ်ရှင်ထဲညွှန်းတာ)

ပြီးတော့ နောက်ရုရှားတစ်ယောက်က ဆရာမောင်သင်းခိုင်။ သူ့ရဲ့ "လူနှစ်ယောက်"ကဗျာ (ရှေ့သစ်) ထဲမှာလည်း ရှိရှာပါတယ်။

"ကဗျာဆရာတွေကလည်း
နပိုလီယံဆို အတော့်ကို အော့ကြောလန်နေကြသကိုး
ကြည့်စမ်းလေ
မာယာကော့စကီးကလည်း
သူ့ရဲ့ ဘောင်းဘီဝတ်မိုးတိမ်ထဲမှာ
ယောသာလို ရေးထားလိုက်သေး
ရှေ့မှာတော့
သံကြိုးလေးနဲ့ ခွေးပုလေးလို နပိုလီယံကို ခေါ်သွားလို့"

ဒီရုရှားနှစ်ယောက်ရဲ့ ကဗျာတွေထဲမှာ ဆရာမောင်အောင်ပွင့်က အချစ်ကို တစ်ခုက အဝတ်နဲ့၊ နောက်တစ်ခုက မိနပ်နဲ့နှိုင်းခိုင်းပြထားတာပါ။ အချစ်ဆိုတာ သိမ်မွေ့နားလည်ခြင်းဖြစ်တယ်။ နားလည်မှုမကောင်းရင် မိနပ်အသစ်က ပေါက်တယ်၊ နားလည်မှုကောင်းပြန်တော့ မိနပ်အများကြီးထဲက မှားစွပ်မိရင်တောင် မှားမှန်းသိတယ် ဆိုတဲ့သဘော။ မိနပ်ရဲ့ သဘောနဲ့ အချစ်ရဲ့သဘော(သိမ်မွေ့နားလည်ခြင်း) **image** ဖြစ်သလား၊ မဖြစ်သလားတော့မသိပါ။ မိနပ်ရဲ့ ဂယက်အနက်ကောင်းတချို့ ရှိပေမဲ့ အခြားဂယက်အနက်ဟုတ်တွေလည်း အများကြီး ရှိနေသေးတာမို့ သိပ်တဝင်မကျချင်လှပါ။ ကျွန်တော်တို့ကပဲ ခေတ်မမီတာလား။ ဆရာမောင်အောင်ပွင့်ရဲ့ အတွေးကပဲ (ဇီဗားဂိုး ရထားထဲမှာ) ရုရှားဆန်နေသလား။

ပြီးတော့ ဆရာမောင်သင်းခိုင်ကလည်း ကဗျာဆရာတွေက နပိုလီယံကို အော့ကြောလန်နေကြတယ်လို့ ရေးလိုက်တာကလည်း တစ်မျိုးကြီးပဲ။ ဒါက မာယာကော့စကီးတစ်ဦးတည်းရဲ့ ကိစ္စပဲမဟုတ်လား။ ကဗျာဆရာတိုင်းကတော့ ဟုတ်ချင်မှ

ဟုတ်မှာပေါ့။ ဒီပါတော့ ကျွန်တော်တို့ရဲ့ မောင်လေးအောင်က နိုင်လီယံကို အော့ကြောလန်သလောက်။ အသေရှိ အမေရိကန်ကဗျာဆရာ ပေဂူရာ နေကြာပွင့် လီရှိုင်ဂျူး၊ သူကတော့ နိုင်လီယံကို အော့ကြောလန်သလောက်။ အိုင်ယာလန် အစိမ်းကြီး ရှေးမှောင်မောနိုင်ကတော့။ ပြီးတော့ ပျဉ်းမနားအစိမ်းကြီး မောင်သင်းခိုင် ကိုယ်တိုင် လာကော။ သည်မိုင်မှာတော့ ကျွန်တော်တို့ မတွေ့ဖူး မတော်ဖူးကြောင်းပါခင်ဗျာ။

*

# 7

ယခုခေတ်နှင့်ဆိုင်ရာ သိစရာ၊ မှတ်စရာ၊ တတ်စရာတွေ သင်၍ မကုန်နိုင်အောင် များ၍နေသည့်အထဲတွင် ယခုအခါ အသုံးမဝင်တော့သည်ဖြစ်သော ရှေးအရေး၊ ရှေးအရာတို့ကို ရှာဖွေနှိုက်ချွတ်မှတ်သား၍ သတင်းစာများ၌ အရေးအတင် ရေးသားကြ ချေက အမျိုးသားများ နစ်မွန်းသွားဖို့သာ ရှိတော့သည်။

**ပီမိုးနင်း (၁၈၈၃–၁၉၄၀)**

ကျွန်တော်တို့ ကဗျာအလုပ်ရုံကလေးမှာ ကတော့ ကဗျာဟောင်းများအကြောင်းကို မပြောဆို မဆွေးနွေးဖြစ်ကြပါ။ ဒီဇင်ဘာ ၂၀ ကဗျာကလေးလေးတီးပြားကလေးကနေ ကျွန်တော်တို့ ပြောဆိုဖြစ်သမျှ၊ ဆွေးနွေးဖြစ်သမျှ၊ ကဗျာသစ်တွေရဲ့ အကြောင်းပဲ ဖြစ်နေပါတယ်။ ကဗျာသစ်၊ ခေတ်ပေါ်ကဗျာ၊ ယနေ့ကဗျာ။ ဒါကိုတော့ ဆရာပီမိုးနင်း အလိုအတိုင်းဆိုသော မှတ်ပုံကြေအလိုကြောင်း စကားပလ္လင်ခံရင်းနှင့်…။

**ဖိုင်**

**ပုရစ်**

လက်တွေက ပုရစ်ကိုလွှဲတဲ့အခါ
ဘယ်သီချင်းကို ဆိုရမလဲ
ခေတ်တွေက ပေပေတို့ကို လွှဲတဲ့အခါ
ဆိုတဲ့သီချင်းကိုပဲ ဆိုရမှာပေါ့
သားရေ …
သီချင်းတွေကို နှလုံးသားနဲ့ နားထောင်တတ်ဖို့
အငိုမြစ်တွေ အများကြီး ကျော်ဖြတ်ရပါဦးမယ်
ပုရစ်ဟောင်းကလေးကတော့
မြူခင်းရွာနဲ့ ဘဝရဲ့ ထောင့်ကလေးတစ်ထောင့်ထဲ
ကျန်ရစ်ခဲ့ရမှာပေါ့

ကမ္ဘာကြီးဟာ
ဒီလိုနဲ့ တစ်ဦးကိုတစ်ဦး လက်ဆင့်ကမ်းလွှဲခဲ့ကြတယ်
လက်များ
သီချင်းများ
ပုအကာ်များ
မေတ္တာတရားနဲ့ ထုံမွှမ်းထားခဲ့
ပိုက်ဆီမိလေးထဲ စုတော့
လိုချင်တာတစ်ခုရှိတိုင်း တွန်းထိုးကန်ကျောက်လို့
အားရအောင် ငိုလိုက်ပါဦး
သားရေ...။ ။

**[ရှုပ်ရှင်စာကြော]**

အဲဒါကတော့ ပြီးခဲ့တဲ့ ရှန်လ (၁၉၉၉) မဂ္ဂဇင်းတွေထဲက ကျွန်တော်တို့ ဒီဇင်ဘာ ၂၀ ကဗျာဖတ်သူများ အကြိုက်ဆုံးဖြစ်ခဲ့တဲ့ ကဗျာကို ပြန်လည်ဖော်ပြရတာပါ။

အခု ရှလိုင်လထုတ် မဂ္ဂဇင်းတွေထဲမှာ ကဗျာတွေကို ကျွန်တော်တို့ ဖတ်ခဲ့ကြရပြီ။ ဆိုင်းညင်းနေကျ တနင်္ဂနွေ လက်ဖက်ရည်ဆိုင်ကလေးမှာ ကျွန်တော်တို့ ပြောခဲ့ကြ၊ ဆိုခဲ့ကြပြီ။ ကျွန်တော်တို့ ဥာဏ်အမြင်ရှိသလောက် မိသလောက် လေ့လာဆန်းစစ်ကြ၊ ဆွေးနွေးခဲ့ကြပြီ။

"ကဗျာအလုပ်ရုံကလေး"ဟာ ကျွန်တော်တို့ ခံစားတွေးမြင်မိသမျှကို ရိုးသားစွာ ပြန်လည်တင်ပြခြင်းသာပါ။ ကျွန်တော်တို့ ဒီဇင်ဘာ ၂၀ ကဗျာဖတ်သူများရဲ့ တင်ပြချက်များဟာ ပညာရှင်များအတွက် မရည်ရွယ်ပါ။ ကဗျာရေးသူများအတွက်လည်း မဟုတ်ပါ။ (ကဗျာဆရာများအပေါ် ဆရာလုပ်လိုခြင်း အလျှင်းမဟုတ်ရပါ)

ကျွန်တော်တို့ ရည်ရွယ်ရင်းမှာ အခြားကဗျာဖတ်သူ အင်အားစုများနှင့်သာ ခံစားမှုချင်း၊ နားလည်မှုချင်း၊ ကဗျာအတွေးအမြင် ဖလှယ်လိုရင်းသာ အဓိကဖြစ်ပါတယ်။

ဒီရည်ရွယ်ချက်နဲ့ ရှလိုင်လ မဂ္ဂဇင်းကဗျာတွေအကြောင်းမှာ ကျွန်တော်တို့ ပြောဖြစ်သမျှကတော့—

## နှစ်ငါးဆယ်၊ မေတ္တာလက်ဆောင်

"နှစ်ငါးဆယ်"ကတော့ ဆရာကောက်နွယ်တဖေနောင်ရဲ့ကဗျာဖြစ်ပါတယ်။ (မဟေသီ) ကဗျာက အခုလိုပါ။

ရွှေမိုးဆောင်းငါးဆယ် ဖြတ်သန်းခဲ့နှစ်ငါးဆယ်
ရုပ်နာမ်မရွဲ့ရှာသေးတဲ့ နှစ်ငါးဆယ်
ဆရိုးပေါက်ခဲ့မိုင်တိုင်အမှတ် ငါးဆယ်

ကိုယ့်ကိုယ်ကို တည်ဆောက်ခဲ့ ဆက်တင်နှစ်ငါးဆယ်
ရိုးပြတ်လယ်ကွင်းကျေးလက်တွေ ဖြတ်သန်းခဲ့ နှစ်ငါးဆယ်
အနောက်ရိုးမ ရင်ခွင့်လှဲ့ ဧရာဝတီစုန်ဆင်းခဲ့ နှစ်ငါးဆယ်
ပညာတတ် မဖြစ်ခဲ့ နှစ်ငါးဆယ်
စီးပွားရေးကျား မဖြစ်ခဲ့ နှစ်ငါးဆယ်
လုပ်စားကိုင်စား ဒုစရိုက်တွေ ဆန့်ကျင်ခဲ့ နှစ်ငါးဆယ်
လည်စင်းဒူးထောက် သစ္စာမဖောက်ခဲ့ နှစ်ငါးဆယ်
သေရည်ဆိုင်ကြောင်နက်ပြာမလေးတွေနဲ့ ပျော်ပါးခဲ့နှစ်ငါးဆယ်
ကြားစိစ္ဆူတွေကို သောကမီးနဲ့တိုက်ခဲ့ နှစ်ငါးဆယ်
ကဗျာအနုပညာ ရူးသွပ်မိုက်မဲခဲ့ နှစ်ငါးဆယ်
လံကြွမ္မာမေတ္တာထဲမှာ အသက်ဓာတ်ပါးလှုပ်လှုပ် နှစ်ငါးဆယ်
ဒုညာတွေ အထပ်ထပ်စုဆောင်းရင်း ပြီးပြည့်စုံခဲ့ နှစ်ငါးဆယ်
နှစ်ငါးဆယ်စစ်တမ်း
ထပ်တောင်တစ်ချပ်မကမ်းခင်မှာ
ကဗျာသူ့ရဲ့ကောင်းတို့ သွားရာလမ်း
လူထုရင်ခုန်သံပန်းတွေ တင်းတင်းဆုပ်
တိမ်မြုပ်ပျောက်ကွယ် သေဆုံးခြင်းမရှိတဲ့
ကဗျာတစ်ပုဒ်ထဲက နှစ်ငါးဆယ်...။

ဒီကဗျာဟာ ဆရာကောက်နွယ်ကနောင်ရဲ့ စေတနာအတိုင်း "နှစ်ငါးဆယ် စစ်တမ်း"ဖြစ်ပါတယ်။ ကဗျာရေးသူက သူ့ဘဝကို သူမော်ကွန်းတင်လိုက်တဲ့ကဗျာလို့ ဆိုရမယ်။ တစ်နည်းကဗျာဆရာရဲ့ နှစ်ငါးဆယ်ကြေညာစာတမ်းလို့လည်း ဆိုနိုင်ပါတယ်။

"ကဗျာသူ့ရဲ့ကောင်းတို့ သွားရာလမ်း"တဲ့။

"လူထုရင်ခုန်သံ ပန်းတွေတင်းတင်းဆုပ်"တဲ့။

ဒီကဗျာဟာ ကဗျာဆရာရဲ့ ယုံကြည်ချက်ကို မော်ကွန်းထိုးလိုက်တာပဲ မဟုတ်လား။ "ကဗျာတစ်ပုဒ်ထဲက နှစ်ငါးဆယ်..."

ဒီလိုပဲ၊ ကဗျာတစ်ပုဒ်ထဲက နှစ်သုံးဆယ်ကိုတော့ ပေါ်ဦးသစ်က အခုလို ရေးဖွဲ့ထားပါတယ်။ ကဗျာခေါင်းစဉ်က "မေတ္တာလက်ဆောင်"ပါ။ (ရန့်သစ်)

ဘယ်သက္ကရာဇ်မှာပဲလုပ်လုပ်
လံစမ်းမဲ ပေါ်လည်း
ဒီအလုပ်က ဖောက်ရမှာပါ၊
ဆိုဆိုပေါင်းပေါင်း

ကောင်းကောင်းညှို့ညှို့
သန့်သန့်ညစ်ညစ်
ဒီပုလင်းကို မှင့်ဖြစ်မှာပါ။
ဒီပုလင်းကို ကျွန်တော်သောက်ခဲ့တာ
နှစ်ပေါင်း (၃၀)ကြာခဲ့ပြီ။
ကျွန်တော်တို့ အသွေးအသားနဲ့ ပြန်ချက်တဲ့
မေတ္တာလက်ဆောင်
ပြက္ခဒိန်တစ်ချပ်၊ ငွေကတ်တစ်ရွက်ရှု
မတန်းတာလို
မျှော်လင့်ချက်ဆားမှုန့်သမျှလည်း
မသီကျွေးလိုတော့ပါ။ ။

ပေါ်ဦးသစ်ရဲ့ ကဗျာကလည်း ကဗျာရေးသူရဲ့ နှစ်သုံးဆယ်ကို မော်ကွန်းတင်တာပါပဲ။ ဒါပေမဲ့ သူ့မော်ကွန်းက ရိုးတင်းသိမ့်ပါ။ အားရှော့ချွတ်ခြင်းနဲ့ ဗျာပါဒကိုသာ ဖွဲ့ပါတယ်။ ကဗျာဆရာက သူ့ကို နှစ်သုံးဆယ်ကြာ ဖြတ်သန်းပြီးတဲ့နောက်မှာ မေတ္တာလက်ဆောင် ဘာတစ်ခုတလေကိုမှ–

"မတန်းတာလို"တဲ့။

မျှော်လင့်ချက်ဟာ တေးသီချင်းတစ်ပုဒ်ဖြစ်တယ်ဆိုရင်လည်း ကဗျာဆရာက အဲဒီတေးကို–

"မသီကျွေးလို"တဲ့။

ကဗျာဆရာရဲ့ အဲဒီလို မတန်းတာလိုတော့ခြင်း၊ မသီကျွေးလိုတော့ခြင်းတွေရဲ့ နှစ်သုံးဆယ်မော်ကွန်းဟာ ကဗျာရေးသူရဲ့ တစ်သီးပုဂ္ဂလ အတွင်းစိတ်ဆေးနာကို လွတ်လပ်စွာ ဖော်ပြချက်ပဲလို့ဆိုရင် ဆရာကောက်နွယ်ရဲ့ ကဗျာ (နှစ်ငါးဆယ်)ကလည်း အဲဒီလိုပါပဲလို့ ဆိုရမှာ မဟုတ်လား။

ပေါ်ဦးသစ် ၃၀

ကောက်နွယ်ကနောင် ၅၀

ဒီဖြတ်သန်းမှု နှစ်ခုကို ခေတ်ပြိုင်သမိုင်းနောက်ခံကားချပ်တစ်ခုတည်းမှာ ကျွန်တော်တို့ ဘယ်လိုစီစစ်မှုနဲ့ နားလည်သွားရမလဲ။ နောက်ခံကားချပ်ချင်း တူပေမဲ့ ဖြတ်သန်းမှုချင်းကတော့ တစ်ခုနဲ့တစ်ခု မတူချင်မတူနိုင်ဘူးပေါ့။ မတူခွင့်လည်း ရှိတာပေါ့။ ဘယ်ဖြတ်သန်းမှုက **Active** ဖြစ်ပြီး ဘယ်ဖြတ်သန်းမှုကတော့ **Passive** ဖြစ်တယ်လို့ ဆိုမလဲ။

ခေတ်ပေါ်ကဗျာဟာ ခေတ်ပေါ်အာရုံခံစားမှု **(Modern sensibility)** နဲ့ ရေးတာပါလို့ဆိုရင် ဆရာကောက်နွယ်ကနောင်ရော ပေါ်ဦးသစ်ပါ၊ ကဗျာနှစ်ပုဒ်စလုံး

ဟာ ခေတ်ပေါ်အာရုံခံစားမှုနဲ့ ဓရေးတာချည်း။ ဒါပေမဲ့ ခေတ်ပေါ်အာရုံ ခံစားမှုရဲ့ကဗျာ၊ ခေတ်ပေါ်ကဗျာဟာ ခေတ်ပြိုင်ခံစားမှု ဘယ်လောက်ထင်ဟပ်နိုင်သလဲဆိုတဲ့ အချက်နဲ့ စဉ်းစားရင်တော့ "နှစ်ငါးဆယ်"က ထင်ဟပ်နိုင်ပြီး "မေတ္တာလက်ဆောင်"က မထင်ဟပ်နိုင်ဘူးလို့ ဆိုရမှာပဲ(ထင်တယ်)။ သို့သော် ခေတ်ပေါ်ကဗျာမှာ ခေတ်ပြိုင် ခံစားမှုကို ထင်ဟပ်ပြဖို့ မလိုဘူးလို့ဆိုရင်တော့လည်း တစ်မျိုးပေါ့လေ။

ဒါနဲ့တစ်ဆက်တည်း ခေတ်ပေါ်ကဗျာတွေထဲက မော်ကွန်းဆန်တဲ့ အဖွဲ့ အကြောင်းပြောလက်စနဲ့ ဆက်ပြောရရင် ခေတ်ပေါ်ကဗျာတွေထဲမှာပဲ မှတ်တမ်းတင်တဲ့ သဘောသက်ရောက်တဲ့ ကဗျာတချို့ကိုလည်း တွေ့ရတတ်တယ်ဆိုတာပါ။

## လေထန်ကုန်း၊ အသည်းကွဲရပ်ကွက်

ဒီရှုထိုင် မဂ္ဂဇင်းကဗျာတွေထဲမှာ အဲဒီလို မှတ်တမ်းတင်တဲ့ ကဗျာနှစ်ပုဒ်။ တစ်ပုဒ်က မင်းခေတ္တနှစ်(မုံရွာ)ရဲ့ "လေထန်ကုန်း"၊ နောက်တစ်ပုဒ်က ညော်ချူပြိမ်း ရဲ့"အသည်းကွဲရပ်ကွက်"၊ ကဗျာနှစ်ပုဒ်စလုံး မဲလေးသီထဲကပါ။

မင်းခေတ္တနှစ် (မုံရွာ)ရဲ့ ကဗျာက ဒီနေ့စာပေအနုပညာသမားတို့ စုဝေးရာ ၃၃ လမ်းက လေထန်ကုန်းတာဆေးကို မှတ်တမ်းတင်တာပါ။ သူ့ မှတ်တမ်းတင်ပုံက–

အဲဒီမှာ
မြို့ပြသစ်ရွက်တွေပေါ့။
အနုပညာဓမှာ်ဝင်စားရင်း
မာနကို စီးချင်းထိုးလို့
ရာဇဝင်ဓခေါ်သံတို့ရဲ့မျှားရာ
ရင်ခုန်သံ တသသအသစ်။
(တို့ ဒီထက်ပိုချစ်ရယ်)
ဒါ ခေတ်ပြိုင်ခံစားမှုနဲ့ ငါတို့ရဲ့ပျားအုံလေ။ ။

ဒီကဗျာမှာ ကဗျာဆရာဟာ လေထန်ကုန်းသဘောထားနဲ့ ရပ်တည်ချက်ကို မှတ်တမ်းတင်သလို၊ မျှော်လင့်ချက်နဲ့ အိပ်မက်ကိုလည်း မှတ်တမ်းတင်လိုက်တာပဲ မဟုတ်လား။

"တို့ဒီထက် ပိုချစ်ရမယ်"တဲ့။

လေထန်ကုန်းဟာ ဒီထက်လည်းပိုပြီးတော့ အဓိပ္ပာယ်ရှိရမယ်လို့ ကဗျာဆရာက မှတ်တမ်းတင်ရင်း သတိလည်းပေးလိုက်ပုံပါ။

ညော်ချူပြိမ်းကတော့ ဘာကိုဘယ်လို မှတ်တမ်းတင်ထားသလဲဆိုတော့–

ဒီနေရာမှာ
ဆင်းရဲခြင်းရုပ်တရားနဲ့ ချမ်းသာခြင်း နာမ်တရားတို့

ဖွားဖက်တော်ဖြစ်တယ်။
ဆဲရေးခြင်းနဲ့ ရိုင်းပင်းခြင်းတို့
ဝင်သက်ထွက်သက် မှတ်နေရာ
မြို့ရဲ့နံကြိုနံကြား အသားတစ်ဖတ်ဖြစ်တယ်။
မနက်လင်းတိုင်း
သူ့ကိုယ်သူ အိမ်သာနံ့နဲ့ဆွတ်ဖျန်း
ကလေးငိုသံနဲ့ မျက်နှာသစ်ရင်း
အသံအက်အက်ဆောင်းတောက်ကြီးနဲ့ ခြစ်ခြစ်ဆော်နေတော့တာပဲ။ ။

စည်သူငြိမ်းက "အသည်းကွဲရုပ်ကွက်" ပါတဲ့၊ ယေဘုယျရုပ်ကွက်တစ်ခုကို မှတ်တမ်းတင်လိုက်တာပါ။ (လေထန်ကုန်းဘည့်လည်းပဲ ဓာလေးရုပ်ကွက်ပါပဲ။ နည်းနည်းတော့ ဝိသေသကျသပေါ့။ ဝိသေသရုပ်ကွက်)

စည်သူငြိမ်းရဲ့ ရုပ်ကွက်က **wild** ဖြစ်ပါတယ်။ **wild**ဖြစ်တယ်ဆိုတာက အရိုင်းဆန်တယ်လို့ ပြောချင်တာပါ။ အရိုင်းဆန်တယ်၊ အရိုင်းဆိုတာ အရိုးခံသန့်စင်မှုရှိတဲ့၊ လွတ်လပ်ပွင့်လင်းတဲ့ သဘောပါပဲ။ အဲဒီအရိုင်းဆန်တဲ့ ရုပ်ကွက်မှာ ဝိရောဓိတွေလည်း အစုလိုက်အစုလိုက် (ဆင်းရဲခြင်းနဲ့ ချမ်းသာခြင်း၊ ဆဲရေးခြင်းနဲ့ ရိုင်းပင်းခြင်း) ရှိနေတာကို ကဗျာရေးသူက မှတ်တမ်းတင်ပါတယ်။ စည်သူငြိမ်းကတော့ သူ့ရုပ်ကွက်ကို အသည်းကွဲနေပါတယ်တဲ့။ ဘာကြောင့် အသည်းကွဲတာလဲ။ မှတ်တမ်းတင်တဲ့သူကတော့ ဘာမှ မှတ်ချက်ပေးမသွားပါဘူး။ ကျွန်တော်တို့ ကဗျာဖတ်တဲ့ လူတွေကောက်ပြီး စဉ်းစားရုံပါ။

ဝိသေသရုပ်ကွက်နဲ့ ယေဘုယျရုပ်ကွက် ဘာကွာသလဲ။ မင်းခွေနှစ် (မုံရွာ) ကဗျာထဲမှာတော့ ရုပ်ကွက်ထဲကလူတွေ (စာပေအနုပညာသမားတွေ)ရဲ့ ရုပ်ပုံကို ပကာတိ လေထန်ကုန်းနဲ့ အလှမ်းဝေးတဲ့သူတွေအဖို့ မြင်ချင်မှလည်းမြင်မယ်။ (မြို့ပြသစ်ရွက်တို့၊ ပျားအုံတို့ဆိုတဲ့ အလင်္ကာဆိုင်ဆန်လွန်းတဲ့ တင်စားချက်ကြောင့်လည်း ဖြစ်မယ်) စည်သူငြိမ်း ကဗျာထဲမှာ ရုပ်ကွက်ထဲကလူတွေ (သားမနဲ့လက်လုပ်လက်စား၊ သူတိုင်ငါလိုလူများ) ကိုတော့ အသံရော၊ အရုပ်ပါ မြင်ကြကြားကြရမယ်ထင်ပါတယ်။

မင်းခွေနှစ်(မုံရွာ)က ယဉ်ကျေးမှုဘဝ (အနုပညာလောက ကိစ္စ)ကို မှတ်တမ်း တင်ထားတာဖြစ်ပြီး၊ စည်သူငြိမ်းက ရုပ်ဝတ္ထုဘဝ (လူမှုလက်တွေ့ကိစ္စ)ကို မှတ်တမ်းတင်တယ်လို့ ခွဲခြားယူဆမိပါတယ်။ တစ်နည်း၊ ယဉ်ကျေးမှုဘဝက စိတ္တဇကိစ္စဖြစ်ပါတယ်။ မင်းခွေနှစ်(မုံရွာ)ကဗျာထဲက "အနုပညာ၊ ဇော၊ ဈာန၊ ရင်ခုန်သံ" တဲ့ စကားလုံးတွေက စိတ္တဇနာမ်တွေ ဖြစ်ပါတယ်။ စိတ္တဇနာမ်စကားလုံး (အသံ)တွေဟာ ကဗျာထဲမှာ ရုပ်ပုံကို ပီပီပြင်ပြင်မဖော်ဆောင်နိုင်ကြပါဘူး။ အသံနဲ့ အရုပ်တွဲလျက် ပါမလာပါဘူး။ အရုပ် (အတွေးရုပ်၊ အတွေးရုပ်ပုံ) မဖော်နိုင်တဲ့အတွက်

ကဗျာက မပြည့်စုံသလိုပါပဲ။ ဒီသဘောကိုတော့ အခြားကဗျာနှစ်ပုဒ်နဲ့ ပြောကြည့်ချင်ပါတယ်။

**နေရာ၊ ရိုးရိုးရေမှတ်**

ဆရာညွန့်အစ်ရဲ့ မဟာသီထဲက "နေရာ" ကဗျာကို အရင်လို ဖတ်ရပါတယ်။

မာနဂုဏ်ပုဝင်ကြွားမှုဟာ
ဦးခေါင်းထက်မှာ
နေရာယူချိန်။
ရိုးသားမှုကတော့
နှလုံးသားမှာ
နေရာရှာနေတယ်။ ။

ဒီကဗျာဟာ စိတ္တဇဂါရှ၊ နာမ်ပိုင်းအလုပ် (မာနနဲ့ ရိုးသားမှု)ကို ဖွဲ့တာပါ။ "မာန၊ ရိုးသားမှု" ဆိုတဲ့ စိတ္တဇနာမ်စကားလုံး (အသံ)တွေက အတွေးရုပ်ပုံကို မဖော်နိုင်ကြပါ။ (မှတ်ချက်။ "ဦးခေါင်း၊ နှလုံးသား" ဆိုတွေက ပကတိရုပ်ဆက်ဆက် ဖြစ်ပါတယ်။ အတွေးရုပ်မဟုတ်ပါ)

မြားနတ်မောင်ထဲက ဂျိုင်မွန် (မင်းဘူး)ရဲ့ "ရိုးရိုးရေမှတ်" ကဗျာမှာ ဖွဲ့ထားပုံကတော့—

မြစ်က
ကိုယ့်ကိုယ်ကို အဆုံးစီရင်ပြီး
ပင်လယ်ထဲ ခေါင်းထိုးဝင်ခဲ့သတဲ့။
အဲဒီစကားကို အဟုတ်ထင်ပြီး
ပင်လယ်က
မြစ်ရဲ့ အလောင်းကို ရှာလို့မဆုံးတော့ဘူး။ ။

အဲဒီကဗျာမှာ "မြစ်၊ ပင်လယ်" တို့ဟာ ရုပ်ဝတ္ထုနာမ် (ပကတိနာမ်) စကားလုံး (အသံ)တွေပါ။ ရုပ်ပုံရှိပါတယ်။ အဲဒီရုပ်ပုံနှစ်ခု (မြစ်၊ ပင်လယ်) ကနေ ကဗျာဖတ်သူက စိတ်ရောက်လိုက်တဲ့အခါ အတွေးရုပ်လုံး ပေါ်လာတာပဲ မဟုတ်လား။ လူ့လောကထဲမှာလည်း လူတွေတစ်ယောက်ပြောတာကို တစ်ယောက်က အဟုတ်ထင်ပြီး၊ အဲဒီထင်တဲ့အရာကို ရှာလို့မဆုံးတော့တဲ့ ဇာတ်လမ်းတွေ။ ကဗျာကပေးတဲ့ အတွေးရုပ်ဆိုတာ အဲဒါပဲ။

**ဘွန်ဆိုင်း၊ ညဖောင့်**

ဒီတစ်ခါ စကားလုံး(အသံ)နောက်မှာ ရုပ်ပုံပါတဲ့၊ တစ်နည်းရုပ်ဝတ္ထုနာမ်၊ ပကတိရုပ်ကို ဖွဲ့တာချင်းတူပေမယ့်လို့၊ ဖတ်ပြီးစိတ်ထဲ အခါကျတော့ ပေါ်လာတဲ့

အတွေးရှုပ် အကြီးအသေး၊ အနီးအဝေး၊ အကျဉ်းအကျယ် ကွာခြားသွားတာတော်ပုံကိုလည်း ကျွန်တော်တို့ သတိပြုမိတဲ့အကြောင်း ပြောပါရစေ။

ကဗျာနှစ်ပုဒ်။ တစ်ပုဒ်က သွန်းနှင်းအိမ် "သွန်ဆိုင်း" (ရနံ့သစ်)
ပန်းအိုးထဲက သစ်ပင်ငယ်ကလေးကို
ငါငေးစိုက်ကြည့်နေမိတယ်
သူ့အမြင့်က တစ်ပေသာသာခန့်ရယ်
သူဘာဖြစ်လို့ အရပ်ပုနေရတာပါလိမ့်
သူ့အသက်က နှစ်နှစ်ဆယ်ကျော်ပြီတဲ့
သူဘာဖြစ်လို့ ကြိုလိုးဆေးကျွေးနေတာပါလိမ့်
သက်တမ်းက နှစ်နှစ်ဆယ်ကျော်ပေမဲ့
သူဟာ သစ်ပင်တစ်ပင်ဖြစ်ပေမဲ့
သစ်ပင်ရဲ့ ရှင်သန်မှုဖြစ်စဉ်က ဘာကြောင့်သွေဖည်စေခဲ့တာလဲ
မြေပြင်ကျယ်ကျယ်မှာ ပေါက်ရောက်ရှင်သန်သင့်ပါလျက်
ထွားဆိုင်းသာသာ ပန်းအိုးငယ်ထဲမှာသာ
ကျောက်ချဆွေးမှိုင်နေတော့တယ်။ ။
[Bonsai– သက်ကြီးပုပင်]

နောက်ကဗျာတစ်ပုဒ်က ဝင်းမင်းစိုး (မိတ္ထီလာ) "ညစောင့်" (ရုပ်ရှင်တေး ကဗျာ)

သူရို
ဆိုကြီး ဆိုမ
"ဒီကောင်းတဲ့တေးက
လောကအထက်ကို မခိုနိုင်တော့ဘူးထင်ရဲ့"တဲ့
အမှောင်ထုကြီးအောက်မှာ
ဆေးလိပ်မီးကရဲလို့။
မှတ်မှတ်ရရ
တစ်နာရီခြား သံချောင်းသံတွေနဲ့
သံသယကို အပယ်ခံတော့ရင်း
သူ့ဘဝသူ လုံခြုံမှုမပေးနိုင်ခဲ့တာ
ပုဆွာတွေနဲ့
မိုးလင်းရတဲ့ ညတွေများခဲ့ပေါ့။ ။

သွန်းနှင်းအိမ်က သစ်ပင် (သက်ကြီးပုပင်) တစ်ပင်အကြောင်းဖွဲ့တာ၊ ဝင်းမင်းစိုး (မိတ္ထီလာ)က ညစောင့်လူသား တစ်ယောက်အကြောင်းဖွဲ့တာ။ သွန်းနှင်းအိမ်က

သစ်ပင်သရုပ်ဖော်။ ဝင်းမင်းနိုး (မိဉ္ဇီလော) က လူသားသရုပ်ဖော်။ ဒီကဗျာနှစ်ပုဒ် ပေါင်းဟာ ရုပ်ပုံတွေချည်း။ သစ်ပင်ရုပ်ပုံနဲ့ လူသားရုပ်ပုံ။ ရုပ်ဝတ္ထုနာမ်နှစ်ခု ပကတိ နှစ်ခု။ အဲဒီရုပ်ကို ပွဲ့ပုံက ရိုးရိုးကလေးတွေချည်း။

သွန်းနှင်းအိမ်က မေးခွန်းတွေ ထပ်ခါတလဲလဲမေးထားတယ်။ မရိုးတင်ကဲ။

"သူဘာဖြစ်လို့ အရုပ်ပုနေရတာပါလိမ့်"

"သူဘာဖြစ်လို့ ကြိုလိုးသေးကွေးနေတာပါလိမ့်"

"သစ်ပင်ရဲ့ ရှင်သန်မှုဖြစ်စဉ်က ဘာကြောင့်တွေဝေညည်ခဲ့တာလဲ"

ဝင်းမင်းနိုး (မိဉ္ဇီလော)ကတော့ မေးခွန်းတစ်ခုတည်း။ အဲဒီတစ်ခုကိုပဲအမေး ပါကျ ပုံစံနဲ့မဟုတ်ဘဲ အခုလိုမေး (ပြော)ထားတယ်။

"သူ့ဘဝသူလိုချင်မှ မပေးနိုင်ခဲ့တာ

ပုစ္ဆာတွေနဲ့"

အမေးပါကျလို ပုံစံနဲ့ဆိုရင်တော့—

"သူ့ဘဝသူ လိုချင်မှ မပေးနိုင်ခဲ့တာ (ဘာကြောင့်လဲ)"

ကဗျာရေးသူက "ပုစ္ဆာတွေနဲ့" လို့ "တွေ" နောက်ဆက်တွဲသုံးပြီး ဗဟုဝုစ် ဆိုထားလေတော့—

"ဘဝကံအကျိုးပေးကာပဲ နည်းလို့လား"

"ခေတ်ကြောင့် စနစ်ကြောင့်လား"

"အခွင့်အရေးရှိသူနဲ့ အခွင့်အရေးမဲ့သူ ကွာဟချက်ကြောင့်လား"

"ပညာမတတ်လို့လား"

ဘာလဲ။ ညာလား။ အဲဒီလိုမေးခွန်းတွေ အတွေးပွားလာစရာရှိပါတယ်။ လားတော့။

သွန်းနှင်းအိမ်ရော၊ ဝင်းမင်းနိုး (မိဉ္ဇီလော)ပါ နှစ်ယောက်စလုံး ဒုတိယကဗျာတွေ အဆုံးသတ်ပုံက အတွေးပွားပေးတဲ့ လေသံနဲ့ပါ။

တစ်ယောက်က "ကျောက်ရှ ဆေးခိုးနေတွေ့တယ်"တဲ့။ နောက်တစ်ယောက် က "မိုးလင်းရတဲ့ညတွေများစွာနဲ့ပေါ့"တဲ့။ အဲဒါကို ဒုက္ခ (ဒုက္ခတရား)လို့ ကောင်မှန်း ထပ်မယ်ဆိုရင်တော့ သွန်းနှင်းအိမ်ရဲ့ ပန်းအိုးထဲကဒုက္ခက ပန်းအိုးတစ်ပိုက်မှာပဲ အတွေးရပ်ထပ်ပါတယ်။ လူ့ဘဝကြီးနဲ့ယှဉ်ပြီး တွေးထင်နိုင်တဲ့ ဂယက်အနက်အထိတော့ ရောက်မလာပါဘူးလို့ ထင်ပါတယ်။ ဝင်းမင်းနိုး (မိဉ္ဇီလော)ရဲ့ ကင်းတဲပေါ်က ဒုက္ခကတော့ ကင်းတဲပေါ်မှာတင်မကဘဲ လူ့လောကကြီးထဲကိုပါ တွေးထင်မိစေ ဂယက်အနက် ထင်စေနိုင်ပါတယ်။

သွန်းနှင်းအိမ်ရဲ့ "လွှတ်ချိုင်သလောလော ပန်းအိုးငယ်ထဲမှာ"က လူ့အတော်များနဲ့ဆိုရင် အတွေးရုပ်ပုံလေးတယ်။ လေးတယ်။ ကျဉ်းတယ်ပေါ့။ ဝင်းမင်းနိုး (မိဉ္ဇီလော)ရဲ့

“အမှောင်ထုကြီးအောက်မှာ”ကတော့ ကြီးတယ်၊ နီးတယ်၊ ကျယ်တယ်ပေါ့၊ လူ့အတိမျှော့နဲ့ ဆိုရင်ပြောပါတယ်။ ဒီလိုဆိုရမှာပေါ့။

**ဆက်တင်၊ အလွမ်းသီချင်း**

အခုဟာက မိုးတွင်းကြီးမှာပါ၊ အလယ်မှတ်သုံးပါပဲ၊ ခက်ခေါင်းတိုးရွာတဲ့ မိုးတွေကလည်း တအုန်းအုန်းနဲ့၊ စစ်ဦးသီလူး။ ရန်ကုန်မြို့တော်ကြီးပေါ်မှာ ရေတွေ လျှံတုန်း။ တီဗီထဲမှာ နိုင်သင်းကြည်က ထီးကော်ပြောလို့ကောင်းတုန်း။ မိုးမိုးပြီး ဖျားကြ နာကြ ဆေးခန်းပြေးကြ။ အဲဒီအချိန်မှာ ဇူလိုင်လထုတ် မဂ္ဂဇင်းတွေထဲ နှင်းတွေနှင်းတွေ ကျလာလိုက်ပုံက–

**ဆက်တင်**

လမ်းမီးရောင်က
နှင်းမှုန်တွေဖွဲ့ကျလို့
ကျွန်တော့်မျက်တောင်မှာ
ထိစက်ဖြိတ်တွေ စွတ်စိုနေတယ်၊
လမ်းအမည်မရှိတဲ့၊
လေလွှင့်ဇာတ်ရဲ့ အခင်းကြောင်းတွေက
လမင်းကအေးမှာ ချော်ရည်တွေ ထိုင်သောက်လို့။
မဆိုဖြစ်တဲ့ သီချင်းတွေကို
စီးကရက်မီးခိုးက ဂီတသင်္ကေတ မှတ်ထုတ်တယ်၊
နဂါးငွေ့တန်းထဲ
သထိပ်ပုပ်တွေ မျောနေတာမဟုတ်ပါဘူး၊
ကျွန်တော့်မျက်လုံးတွေက အဆုတ်ရောဂါဖြစ်နေတာပါ။
လှလိုက်တဲ့ဆောင်းရယ်
အရိုးဖြူတောအုပ်ကို ဆံထိုးထိုးတာပုံများ၊ ၊

**ဆေးဒေါင်**
**[ဆောင်းပြောင်းဆွေ့တော]**

**အလွမ်းသီချင်း**

အဲဒီ “နှင်း”တွေဝေနေပုံက
မှန်းဆရခက်။
ငါတောင်ကမှလေးလေး

တိုးတိုးတိတ်တိတ် ပုန်းအနေတုန်း
တုန်းတုန်းဒိုင်းဒိုင်း ရွာချလိုက်ပုံလေ
စံပယ်တွေမွှေးမွှေးလှုပ်လို့။

အောင်မြန်းသစ်
[ရုပ်ရှင်တေးလေးများ]

ဆက်တင်က စတင်ဖို့နဲ့မလိုက်ဘူးပေါ့၊ စတင်ဖို့က မိုးရေထဲမှာနေ။ အလွမ်း သီချင်းက ဇာတ်ဝင်ခန်းနဲ့လည်း မကိုက်ပြန်ဘူး။ ဇာတ်လမ်းက လောနီညာ မုန်တိုင်း ထန်တဲ့အခန်း၊ ကလေလေ ဘာလေလေကျွ မပါဘဲနဲ့ စတင်ရင်တော့ ဒီကလေးများနှစ်ပုဒ် ကလည်း ကရားတောင်းတွေပဲလို့ ပြောကြရင်း...

အနုပညာစိတ်၊ အနုပညာရှင်အားလုံးကို ကျေးဇူးတင်ပါတယ်။

*

# 8

"လူတစ်ယောက်ရဲ့တန်ဖိုးကို သူဖြတ်သန်းကျော်လွှားနေတဲ့ခေတ်ကြီးက သူ့ပခုံးပေါ် တင်ပေးလိုက်တဲ့ သမိုင်းပေးတာဝန်ကို သူဘယ်လောက် သယ်ပိုးထမ်းဆောင်ခဲ့တယ်ဆိုတဲ့ အချက်နဲ့ တိုင်းတာရမှာပဲ"

**ဇန်းဇော်တင်အောင် (၁၉၂၀-၇၈)**
**[မကွယ်လွန်မီ သားအားပြောကြားချက်များမှ]**

အခု တင်ပြမှာကတော့ ချယ်ရီမဂ္ဂဇင်း (၁၉၉၃) အောက်တိုဘာလထုတ်ဖြစ်ပါတယ်။ ဒီအောက်တိုဘာလဟာ ဆရာဇန်းဇော်တင်အောင် ကွယ်လွန်တဲ့လဖြစ်ပါတယ်။ ဆရာဇန်းဇော်တင်အောင် ၂၃-၁၀-၇၈ နေ့မှာ ကွယ်လွန်ခဲ့တာပါ။ ဒါကြောင့် ကျွန်တော်တို့ ကဗျာဖတ်သူများ ဆရာဇန်းဇော်တင်အောင် ကွယ်လွန်ခြင်း (၁၅)နှစ်ပြည့်ကို အမှတ်တရပြုအပ်ပါကြောင်းနဲ့ ...။

ဆရာဇန်းဇော်တင်အောင်က လူတစ်ယောက်ရဲ့တန်ဖိုးနဲ့ ပတ်သက်လို့ အသိဖော် ထုတ် သတ်မှတ်ထားရစ်ခဲ့ပါတယ်။

ကဗျာဆရာတစ်ယောက်ဟာလည်း လူ့သမိုင်း လူသားတစ်ယောက်ဖြစ်ပါတယ်။ ဒါဆိုရင် လူ့သမိုင်း ကဗျာဆရာတစ်ယောက်ရဲ့ တန်ဖိုးဟာဘာပါလဲ။ ကျွန်တော်တို့ စဉ်းစားတွေးတောမိခဲ့ကြပါတယ်။

အဲဒီလို စဉ်းစားတွေးတောကြရင်းနဲ့ ပြီးခဲ့တဲ့ (၁၉၉၃) ဇူလိုင်လထုတ် မဂ္ဂဇင်းကဗျာတွေထဲမှာ ကျွန်တော်တို့ ဒီဇင်ဘာ ၂၀ ကဗျာဖတ်သူများ အကြိုက်ဆုံးဖြစ်ခဲ့တဲ့ ကဗျာကတော့–

**နှစ်ငါးဆယ်**

နွေမိုးဆောင်း ငါးဆယ် ဖြတ်သန်းခဲ့ နှစ်ငါးဆယ်
ရုပ်နာမ်မချွဲချာသေးတဲ့ နှစ်ငါးဆယ်

ခရီးပေါက်ခဲ့ မိုင်တိုင်အမှတ်ငါးဆယ်
ကိုယ့်ကိုယ်ကို တည်ဆောက်ခဲ့ဆက်တင်နှစ်ငါးဆယ်
ရိုးပြတ်လယ်ကွင်း ကျေးလက်တွေ ဖြတ်သန်းခဲ့နှစ်ငါးဆယ်
အနောက်ရိုးမ ရင်ခွင်လှ ဧရာဝတီ စုန်ဆင်ခဲ့နှစ်ငါးဆယ်
ပညာတတ် မဖြစ်ခဲ့ နှစ်ငါးဆယ်
စီးပွားရေးကျား မဖြစ်ခဲ့ နှစ်ငါးဆယ်
လုပ်စားကိုင်စား ဒုစရိုက်တွေ ဆန့်ကျင်ခဲ့ နှစ်ငါးဆယ်
လည်စင်းဒူးထောက် သစ္စာမဖောက် နှစ်ငါးဆယ်
သေရည်ဆိုင်ကြောင်နက်ပြာမလေးတွေနဲ့ ပျော်ပါးခဲ့နှစ်ငါးဆယ်
ကြားခံဝတ္ထုတွေကိုသောကနဲ့ မီးတိုက်ခဲ့နှစ်ငါးဆယ်
ကဗျာအနုပညာ ရူးသွပ်မိုက်မဲခဲ့နှစ်ငါးဆယ်
ကံကြမ္မာသေတ္တာထဲမှာ အထက်ဓာတ်ပါးလုပ်လုပ်နှစ်ငါးဆယ်
ဆုညာတွေ အထပ်ထပ်စုဆောင်းရင်း ပြီးပြည့်စုံခဲ့ နှစ်ငါးဆယ်
နှစ်ငါးဆယ်စစ်တမ်း
ယပ်တောင်တစ်ချပ် ကော်မီးခင်မှာ
ကဗျာလူရဲကောင်းတို့ သွားရာလမ်း
လူထုရင်ခုန်သံပန်းတွေ တင်းတင်းဆုပ်
တိမ်မြုပ်ပျောက်ကွယ်သေဆုံးခြင်းမရှိတဲ့
ကဗျာတစ်ပုဒ်ထဲက နှစ်ငါးဆယ်။ ။

**ကောက်နှုတ်ကာနေ့ဝင်**
**[မဟေသီ]**

အခု (၁၉၉၉) ဩဂုတ်လထုတ် မဂ္ဂဇင်းကဗျာတွေအကြောင်း ကျွန်တော်တို့ ပြောကြည့်ကြပါမယ်။

ဒီနေ့ ခေတ်ပေါ်ကဗျာတွေရဲ့ တူညီတဲ့ ပေတံပျ ရိုက်လက္ခဏာအဖြစ် ကဗျာနှစ်ပုဒ်ကို ကျွန်တော်တို့ဖတ်ရှုကြပါတယ်။ ထိပ်ပုဒ်က မောင်သိန်းဇော်ရဲ့ "လတ်ဆတ်လမ်းသွယ်စိမ်း" ကဗျာဖြစ်ပါတယ်။ (မဟေသီ) ကဗျာက အခုလိုပါ။

ကားဘီးတွေဘာဖြစ်လို့လဲ
ရေဒီယိုဓာတ်ပိတ်
ချက်ကျနေတဲ့ နောက်ကြည့်မှန်တံခါးစိတ်များ
အားလုံးအဆုံးသတ်ဖွင့်
လတ်ဆတ်လမ်းသွယ်စိမ်း
မြင်မြင်သမျှအစိမ်း၊ မမြင်ရတဲ့လေညင်းတောင်

အစိမ်းရောင်ပဲဖြစ်လိမ့်မယ် ငါထင်မိ
မင့်ဆီမှာ တောင်လည်းရှိ
မင့်ဆီမှာ မိုးလည်းရွာ
မင့်ဆီမှာ ပန်းလည်းတင်
မိုးရွေ့ချွတ်ပျံ့ ညနေတစ်ခွင်လုံးစိမ်းလို့
ကလေးတီတွေ ဘာမှမဖြစ်ဘူး
အားပြည့်လန်းဆန်းဆက်မြှင့်လိုက်တယ်
လူတစ်ယောက်တဝိုင် ၅၀၀၀ မောင်းနှင်ဖို့။ ။

နောက်တစ်ပုဒ်က မောင်ဆေးရိုးရဲ့ "အပြာ" (စတိုင်သစ်) ကဗျာက အခုလို ဖြစ်ပါတယ်။

ပြီးမှ လမ်းအတိုင်း နံရံတွေတွန့်ခေါက်
ဘဝပိန်ပိန်ထဲ မြစ်ကျိုးအောင်းဆိုင်လေးထဲ
ဧည့်ခန်းနဲ့ ဖာထေးထားတဲ့သင်ရိုးတစ်လျှောက်
ဘယ်သူမှရတ်ထွင်ချင်ဘူးလဲ အဲသလို
တောအုပ်နဲ့နေးကွေးပြီး ကျောက်တုံးနဲ့လေးလံချင်သူဟာ
အကောင်ပဲတွေရိုက်စက်ဖို့ ခရီးမပေါက်တော့ဘူးလား
ဘဝဟာ ကြေးခွန်းစရေ့မဟုတ်သလို
သိုးကျောင်းသားရဲ့ လေချွန်သံဟာ လမ်းမပြည်တော့ဘူးကွဲ့
ဝုံပေါ်က စိတ်အတက်အကြွနဲ့သာ ကခုန်ပေလိမ့်
အနားသတ်ချုပ်ရိုးတွေကြောင့် ရှုခင်းကလေး
စိမ်းစိုနေရတာ မဟုတ်သလို့
ပြင်သစ်ဘာသာနဲ့ ပြောလိုက်တာတစ်ခုက
ရှစ်သမ်ရယ် ပါခရဲ့ဘာရယ်ဆို တော်ရောပေါ့တဲ့
ပေါ့ပါးတဲ့ပျံသန်းမှု အကြိမ်ကြိမ်သာ
မဆုံးတဲ့အပြာထဲ။ ။

မောင်သိန်းဇော်နဲ့ မောင်ဆေးရိုးတို့ရဲ့ ကဗျာတွေကိုဖတ်ပြီး သွားတဲ့အခါ ကျွန်တော်တို့ အတွေးစခန်း ဝင်ကြရပါတော့တယ်။ အမှန်အတိုင်းဝန်ခံရရင် ဒီကဗျာနှစ်ပုဒ်လုံး "လတ်ဆတ်လန်းဆွတ်စိမ်း" နဲ့ "အပြာ" ကို ကျွန်တော်တို့ အပြည့်အဝ နားမလည်ကြပါဘူး။

ဒါပေမဲ့ ကဗျာဟာ နားလည်ဖို့ အဓိကမဟုတ်၊ ခံစားဖို့က အဓိကဆိုတဲ့အတိုင်း

ခံစားမှုနဲ့ နားလည်လာရေးကိုပဲ ကျွန်တော်တို့ ကြိုးပမ်းကြည့်ကြရပါတော့တယ်။ မောင်သိန်းဖေက သူ့ကဗျာမှာ "ကားသီးတွေ ဘာဖြစ်သလဲ" လို့ မေးထားတဲ့ဟာကို သူကိုယ်တိုင်ပဲ "ကားသီးတွေ ဘာမှမဖြစ်ဘူး" လို့ အဖြေပေးသွားသလို၊ မောင်ဆေးရိုးက လည်း သူ့ကဗျာထဲ "အတောင်ပံတွေ ရိုက်ခတ်ဖို့ ခရီးမပေါက်တော့ဘူးလား" ဆိုပြီး မေးထားတဲ့မေးခွန်းကို ကဗျာအဆုံးမှာ "ပေါ့ပါးတဲ့ ပျံသန်းမှု အကြိမ်ကြိမ်သာ ဆေးတဲ့အပြာထဲ" ရယ်လို့ ဖြေဆိုလိုက်ပါတယ်။

ကဗျာနှစ်ပုဒ်စလုံးရဲ့ အတွေးအမြင်ရောက်ကော်ဟာ မေးခွန်းနှစ်ခုဖြစ်ပြီး ကျွန်တော် တို့ခံစားမှုနဲ့ နားလည်သွားဖို့ ဖမ်းယူဆုပ်ကိုင်လိုက်ရတဲ့ ဟာကတော့ အဖြေနှစ်ခု ဖြစ်ပါတယ်။ ဒီကဗျာနှစ်ပုဒ်ကို ဒီနေ့ ခေတ်ပေါ်ကဗျာတွေရဲ့ တူညီတဲ့ ပေါ့ပျော့ချက် လက္ခဏာလို့ ပြောလိုက်တာကတော့ အဲဒီအချက်ကြောင့်ပါ။ သိပ်ပြီး ရိုးရိုးစင်းစင်း မရှိလှတဲ့ အချက်ဟာလည်းပဲ ဒီနေ့ခေတ်ပေါ်ကဗျာရဲ့ သဘာဝပေပဲလား။

ခေတ်ပေါ်ကဗျာဟာ တည့်တည့်မပြောဘူး။ ရိပ်ကာခဲကာ ပြောတယ်။ ခေတ်ပေါ်ကဗျာဟာ မျဉ်းသဘောမဆောင်ဘူး၊ အကွက်သဘောဆောင်တယ်ဆိုတဲ့ ဟိုတုန်းက ဇင်နီးကြူး အယူအဆကိုတော့ ဒီကနေ့မှာ ထားခဲ့တော့။

ဒီနေ့မှာတော့ ခေတ်ပေါ်ကဗျာဟာ အဓိပ္ပယ်ဝှက်၊ ဂဏ္ဍိရဆန် နက်နဲဆိုတာကို တွေ့နေရသလို ရိုးရှင်းလွယ်ကူ ပြေပြစ်တဲ့ကဗျာတွေလည်း ခေတ်ပေါ်ကဗျာရဲ့ နယ်ပယ်ထဲမှာ ရှိနေပါတယ်။

ဘာပဲဖြစ်ဖြစ်၊ ခေတ်ပေါ်ကဗျာဟာ ကဗျာပဲဖြစ်တာနဲ့ ကဗျာတစ်ပုဒ်ကို ဖတ်ပြီဆိုရင်တော့ ကဗျာဖတ်သူဘက်ကလည်း တစ်စုံတစ်ရာ အားစိုက်ဝင်စားမှုရှိဖို့ လိုတယ်ဆိုတာကိုလည်း ကျွန်တော်တို့ သဘောပေါက်မိကြပါတယ်။

ပြီးတော့ တစ်ခါ ခေတ်ပေါ်ကဗျာတွေရဲ့ တင်စားမှုဆိုတာကို ကျွန်တော်တို့ ပြောဖြစ်ကြပါတယ်။ တင်စားတယ်ဆိုရင် ဒါအလင်္ကာအလုပ်ပဲပေါ့။ ကဗျာတစ်ပုဒ်က ဖတ်သူကို ဖမ်းစားထားနိုင်တယ်ဆိုတဲ့နေရာမှာ အဲဒီကဗျာရဲ့ အလင်္ကာရေး လုပ်ဆောင်ချက်တစ်စုံတစ်ရာကြောင့်လည်း ပါပါတယ်။ ဒီနေရာမှာ ကဗျာထဲအလင်္ကာတွေ ပြွတ်သိပ်တိုးထည့် ပြိုးပြမ်းပျက်ထနေဖို့ကို ဆိုလိုတာမဟုတ်ပါဘူး။ အချို့ အလင်္ကာ မပါဘူး။ တချို့များဆို ဘာသင်္ကေတ၊ ဘာနိမိတ်ပုံမှတောင် မပါဘူး။ ဒါပေမဲ့ ကဗျာမြောက်တဲ့ ခေတ်ပေါ်ကဗျာတွေ ကျွန်တော်တို့အများကြီး ဖတ်ခဲ့ကြရတာပဲ မဟုတ်လား။ ဒီတော့ ခေတ်ပေါ်ကဗျာက တင်စားတယ်၊ တင်စားမှုပြုတယ်၊ အလင်္ကာအလုပ်လုပ်တယ် ဆိုတဲ့ နေရာမှာလည်း အတိုင်းအတာတော့ ရှိရမှာပါပဲ။

အခု (၁၉၉၉) ဩဂုတ်လထုတ် မဂ္ဂဇင်းတွေထဲက မြစ်နဲ့တင်စားပြီးရေးတဲ့ ကဗျာတစ်ပုဒ်၊ ပင်လယ်နဲ့တင်စားပြီးရေးတဲ့ ကဗျာတစ်ပုဒ်ကို ထုတ်နုတ်ပြီး ပြောပါရစေ။

ပထမတစ်ပုဒ်က မြားနတ်မောင် ထဲက ဝေါး (လွမ်းခြိုက်နန်း)ရဲ့–

## မြစ်နဒီအကြောင်းဆွေးနွေးခြင်း

ဇာခါမှင့်ရာ ရင်အုပ်အနား
ကူးတို့လှေထင် လှော်ကိုရပ်ပါလား။
နွံ့ဝါရေတွေက
ယနေ့တိုင် စတီစီး မပြောင်းမလဲနဲ့အခါ
ခေတ်တွေသာ
ကောကာမိအတိုင်း အေးရောင်စုံဝတ်ကာ
ဒီကမ်းပါးကိုလာ လာကြည့်ရှုကြ။
အို…လှလင်
ရာစုကုန်ချိန်ရောက်လေပေါ့
အလှမ်းတွေက ငါ့မျက်ဝန်းမှာလှမ်းလို့
ရေဦးကို ငါ လက်တွေနဲ့ ခပ်ကြည့်ခဲ့တော့။
တို့ဘဝတွေနဲ့
ရောစပ်ရစ်ဆွေး
မြစ်ကြီးသာ ပိုလို့နက်ရှိုင်းသွားခဲ့ပေါ့။ ။

နောက်တစ်ပုဒ်က ချယ်ရီမှာ ဖော်ပြထားတဲ့ ရဲဘုန်းခေါင်ရဲ့–

## ပင်လယ်

မျက်စိတစ်ဆုံး၊ လှမ်းအေးလို့ မြင်နိုင်သမျှ ပိုး… လေးလေး
ပင်လယ်နဲ့ကောင်းကင်၊ မှုန့်တမှုန့်ကလေး ထိနမ်းကြတဲ့နေရာပေါ့
မျက်စိနှာသာလိုမျိုး၊ အောင်ရမ်းနီရဲနေတဲ့နေလုံးက
သူ့မျက်လုံးတစ်ဝက်ကို အသာလေးမှိုင့်ထားပြီး
ကျန်တစ်ဝက်ကို ပင်လယ်ထဲ ဖွက်ထားလေရဲ့။
ပင်လယ်ပေါ်မှာတော့ မြူနီတွေ
ရှက်ကိုးရှက်ကန်းဆွဲလို့။
စီးကရက် ဘူးတစ်ဝက်လောက် ကုန်သွားပြီ
လေကြာမှ
လ ဖြာကျလာတယ်။
ပြန်ဆုံနိုင်ကြဖို့ဆိုတာ
အိပ်မက်တွေထဲမှာတောင် မသေချာလှတော့ပါဘူးလို့
လေလေချာချာ သိနေတာတောင်မှ

လသာသာညတွေဆို
ပင်လယ်ကို ထိုင်ထိုင်ငေးလို့ သူလွမ်းနေတုန်း။ ။

ကဗျာနှစ်ပုဒ်စလုံးမှာ အလင်္ကာသဘောအနေနဲ့ (တစ်ပုဒ်က မြစ်နဲ့၊ နောက် တစ်ပုဒ်က ပင်လယ်နဲ့) တင်စားမှုပါတယ်ဆိုပေမဲ့ ကဗျာဆရာနှစ်ယောက် တင်စား ပြောလိုရင်းက မတူကြပါဘူး။ ဒေါ်း (လွမ်းခြိုက်ုန်း)ရဲ့ ကဗျာဟာ လူ့အဖွဲ့အစည်း (မျိုးဆက်သမိုင်း) ကိစ္စကို တင်စားတာဖြစ်ပြီး၊ ရဲဘုန်းခေါင်ကတော့ သူ့ကဗျာမှာ တစ်သီးပုဂ္ဂလ (ချစ်ခြင်းမေတ္တာ)ကိစ္စကို တင်စားတာပဲ မဟုတ်လား။

တင်စားမှု မြစ်ကဗျာထဲမှာ ဒေါ်း (လွမ်းခြိုက်ုန်း)က ၂၀ ရာစု ကုန်ချိန်အလွမ်း ကို ဖွဲ့တယ်၊ တင်စားမှု ပင်လယ်ကဗျာမှာတော့ ရဲဘုန်းခေါင်က လသာချိန်အလွမ်းကို ဖွဲ့ပါတယ်။ လူ့အဖွဲ့အစည်း အလွမ်းနဲ့ ပုဂ္ဂလိကအလွမ်း။ ဘယ်အလွမ်းကိုပဲဖွဲ့ဖွဲ့ ခေတ်ပေါ်ကဗျာဟာ တစ်စုံတစ်ရာ အလင်္ကာနည်းကျ ရေးဖွဲ့မှုကိုတော့ အနည်းနဲ့အများ ပြုရတာပဲလို့ ကျွန်တော်တို့ သတိထားမိကြပါတယ်။

ရုပ်ရှင်ဆေးကဗျာထဲက အေးမင်းဓေရဲ့ ပေဟဠိ**ဝက်ရုံ** ဆိုတဲ့ ကဗျာကလည်း ဘဝ(အဲဒါကို ဘဝလို့ ဆိုနိုင်ရင်ပေါ့လေ) ဒါကိုပဲဝက်ရုံနဲ့ အလင်္ကာပြုထားတဲ့ကဗျာပဲ မဟုတ်လား။ အေးမင်းဓေက ဒီလိုရေးထားပါတယ်။

လူခြောက်တိတ်နေတဲ့ ညတစ်ညမှာ
ကိုယ့်ကိုယ်ကို တစ်ဓါးမြှောက်ကြည့်တော့
ပထမဆုံး ဆားလေသင်းမှုတွေ ထွက်ကျလာတယ်
ကျွန်တော်မနက်ဖြန် ဆိုတာကိုဆာတယ်
ပြာလဲ့လဲ့ ကမ္ဘာကြီးတစ်ခုကို ဆာတယ်၊
ဒုတိယအကောင်မလေးတစ်ယောက် ထွက်ကျလာတယ်
သူ့နှုတ်ခမ်းတွေက ချောကလက်လိုချိုတယ်
သူ့အလိုဆန္ဒတွေကတော့ ကျွန်တော်နဲ့
ပင်လယ်တစ်စင်းခြားနေခဲ့။
တတိယ အရေမျက်နှာထွက်ကျလာတယ်
အဓေကာချော်လင့်တာတွေ ဖြစ်မလာတဲ့အခါ
မျက်ရည်ကျတယ်
ကျွန်တော်က ငါးတစ်ကောင်မှ မမိသေး။
ထိတ်ဆိတ်နေတဲ့ညမှာ
ကိုယ့်ကိုယ်ကို ပြန်လည်တပ်ဆင်လိုက်တယ်
ကျွန်တော့်ဝက်ရုံရဲ့ ခေါင်းတိုင်ဝမှာ
မီးခိုးလာအူအူထွက်လို့ မဆုံးနိုင်။ ။

ခေတ်ပေါ် ကဗျာမှာ အသွယ်ဝိုက်ပြတင်စားတဲ့ အရေးအဖွဲ့တွေကို တွေ့ရသလို၊ တိုက်ရိုက်အဖွဲ့တွေလည်း ရှိနိုင်တာပါပဲ။

သောင်းပြောင်းတွေလာထဲက ဆရာဉာဏ်သစ်ရဲ့ "အို… ကျေးလက်" ကဗျာမှာ ဆိုရင် ကျေးလက်ကို တိုက်ရိုက်ဖွဲ့ဆိုထားတာပါပဲ။ ဒါပေမဲ့ ကဗျာဟာ စကားပြေ မဟုတ်တဲ့အတွက် စကားပြေမှာအသုံးပြုတဲ့ ဘာသာစကား အလုပ်လုပ်ပုံမျိုးကိုတော့ မတွေ့ရပါဘူး။ ကဗျာရဲ့ အလှတော်ကိုတော့ ခြိမ်းသိမ်းမိုက်မိအောင် အားထုတ်ထား တာ တွေ့ရပါတယ်။ ဆရာဉာဏ်သစ်က ကျေးလက်ကိုဖွဲ့တာပါ။ ဒါပေမဲ့ ဖွဲ့ပုံက ခေတ်ပေါ်ကဗျာတွေရဲ့ဟန်အတိုင်း။ ခေတ်ပေါ်အာရုံ ခံစားပုံပါတယ်။ တစ်ချက် တစ်ချက်မှာလည်း ခေတ်ပြိုင်ခံစားမှု ရှုန်းကျက်ထားတယ်။ ခေတ်ပေါ်ကဗျာတွေ ထဲမှာ အတွေ့ရနည်းတဲ့ ကျေးလက်ခံစားမှု ကဗျာတစ်ပုဒ်ပါ။ ဆရာဉာဏ်သစ်အရေးလို ရေးထားပါတယ်။

ရွှေဘဝကြီးက ချူ့ကိုယ်ချူ ခြောက်ပြစ်ကင်းအောင်
ပြုပြင်နိုင်တယ်
အတွေးအခေါ်စုပ်ယူအနှိုးချွန်မှုတွေက သိပ်ပြီး
အရေးမကြီးပါဘူး
အတွေးအသားပြောင်းလဲစားနိုင်ဖို့ ဖိုပြီး ကဗျာဆန်တတ်ဖို့
လိုတယ်တဲ့
ပြောလည်အောင့်ရုံမှ သွေးစုန်ပုံမျိုး တစ်ရုတ်တစ်ခဲကြီးနဲ့
အောင်ယံတွေပေါက်ပြ
တစ်ကိုယ်စားပိုင်ဆိုင်မယ့် အကျူးအဆုံးစိတ်ခေတ်တွေ
အသောက်နေသားတကျရပြီးတဲ့ ကျေးလက်
ကျွဲညွတ်နေတဲ့စံတွင်းပျက်
နောက်ဆုံးညနေစင်းရောက်တိုင်း
မြို့ကြီးက ကျွန်တော့်ကျေးလက်အိမ်ရာပေးတင်းကို
ကြောက်မက်ဖွယ်
ဆုလာဘ်ထိုးပြီးငွေသရော်နေပြီ၊
ဘဝထဲကို ပေါက်ရောက်အောင် လာခဲ့ရပုံပြောရင်း
လောကစံတရားအပေါ် ငါ့ချွန်တော့မယ်တဲ့။
မြို့ပြဖြစ်ရတော့မှာကို
နိုက်ကြီးတာင်အောင်ယားပြီး အရေလျှော်ပျက်ရချည်ရဲ့လို့
အရောက်တာကွဲအကျိုးမြည်းဖြစ်နေတဲ့
ကျွန်တော့်မျက်နှာနဲ့ရောက်လာ

အို… ကျေးလက်၊
အုံ့သိမ်အုပ်မှုတွေလို တွဲလောင်းကျ
ကောက်ရိုးကြီးတန်းပေါ်မှာ
မြစ်မြောက်အောင် လွန်ယက်ရိုက်ပျိုးမှုနဲ့ ကဗျာတစ်ပုဒ်ကို
မြို့ကြီးလို မစည်ကားတတ်သေး
သူ့ဆီမှာ အင်္ဂါမပြည့်စုံတဲ့
အိမ်တစ်လုံးရှိတယ်
ရှုးသွပ်လှည့်စားနေတဲ့ ကမ်းခြေပျက်တစ်ခုရှိတယ်။
ဆိုးဆိုးနုံးတဝမြင့် လေချွန်သံရှိတယ်။
ခွေးကိုယ်တွင်းမှ ပစ်ချခံရတဲ့ ဓာတ်စေ့ကျက်အရိပ်တွေ
ထွားတောက်ဖို့ကောင်းကောင်း အအရေပြားတစ်ထွန့်ကို
ထိတာအမြစ်ခင်းလို့၊
အဝေးက မြို့ကြီးကို အနံ့ခံမျှော်ကြည့်နေတာ
ရှားပါးပျင်းရိခြင်းတွေ ပြည့်သိပ်လွန်းတယ် အို ကျေးလက်၊
မရှိဆင်းရဲခြင်း အိမ်လွမ်းစိတ်ပေါ်လာတိုင်း
မဟုတ်သေးဘူး မဟုတ်ဘူး တောသူမလေးရေ
ငွေဆိုတာ လွတ်လပ်ပျော်ရွှင်မှုအတွက် ယာဉ်ရထားပါပဲတဲ့။
မဟုတ်သေးဘူး မဟုတ်ဘူး
ဘဝဆိုတာ ဈေးတာသဘော ပေါင်းသင်းလို့ရတာတဲ့
ယဉ်ကျေးမှုပါတဲ့
မဟုတ်ဘူး
မဟုတ်သေးပါဘူး
ဒီလိုနဲ့ ကြွေလွင့်သွားရရှာတဲ့ ကျေးလက်ရှုမျှော်ခင်းဟောင်း
တစ်ခုအပေါ်
လေချိုဖြန်းရင်း မေ့ကျန်ရစ်ခဲ့တဲ့ နှစ်ပရိစ္ဆေဒတွေအတွက်
ခေတ်နှောင်းနေ့တွေက ခိုးကြောင်ခိုးဝှက်ကြည့်လို့
အို… ကျေးလက်
ငါ့နှလုံးသားနဲ့ ကျေးလက်…၊ ၊

ဒီနေ့ခေတ်ပေါ်ကဗျာတွေမှာ ပန်းချီကားဆန်တဲ့ တင်ပြပုံမျိုးတွေကိုလည်း တွေ့ရတတ်တယ်လို့ ကျွန်တော်တို့ အရင်ကလည်း ပြောခဲ့ကြပြီးပါတယ်။ အခု ဖြတ်လ ကဗျာတစ်ပုဒ်ကို ကြည့်ပါ။

## သိုးများ

တောကျက်ပေါ်ပြန့်ကျဲ
အရိုင်းဆန်ဆန်နှင်းများ
ထူထဲဝတ်ရုံကြားမှာ ပျောက်ပျက်ကြ။
နံရိကို မော့မကြည့်တတ်ပေမဲ့
ကျင့်သားရနေတဲ့ အတိုင်းအတာနဲ့
ဝမ်းစာတွေ ဖူလုံခဲ့ကြ
နှင်းတံအရေအခဲကြားမှာ
တစ်ဘဝစာလုံး နှစ်မြုပ်ထားလိုက်ကြပုံ ။ ။

**မိုးနေးသစ်**
**[ရုပ်ရှင်တေးကဗျာ]**

ဒါဟာ ပန်းချီကားတစ်ချပ်ပါပဲ။ သိုးအုပ်တစ်အုပ်ရဲ့ အမူအရာကိုတွေ့ရမယ်။ နှင်းတွေကျနေတယ်။ အရာဝတ္ထုတွေက သူ့အရောင်နဲ့သူရှိမယ်။ သဘာဝတရားကို ဒီအတိုင်းရှုသည်မြင်ရတာလောက်လည်း မဟုတ်ဘူး။ သိုးအုပ်ကို ထိန်းကျောင်းနေတဲ့ "လူ"ကိုတော့ ကဗျာဆရာက ဖော်ပြမထားဘူး။ (မေ့ခဲ့မထားဘူး ဆိုပါတော့) ဒါပေမဲ့၊ "နှင်းတံအရေအခဲကြားမှာ" ဆိုတဲ့ စကားလုံးတွေက "သိုးထိန်း"ရဲ့ ရုပ်ပုံကို ဖော်ပြနေတာပဲ မဟုတ်လား။ (သိုးထိန်းခွေးတစ်ကောင်နှစ်ကောင်ကိုလည်း မြင်မိနိုင်တာပဲမဟုတ်လား)

မိုးနေးသစ်ရဲ့ ကဗျာမှာတော့ မြင်ကွင်းကို မြင်ကွင်းအနေနဲ့ပဲဖော်ရပါတယ်။ ဒီလိုပဲ မြင်ကွင်းကို ဖွဲ့ပြထားပါတယ်။ ပန်းချီရဲ့တင်ပြပုံဆန်တယ်ပေါ့။ အဲဒီလိုမြင်ကွင်းရောင်စုံ ပန်းချီကားချပ်နဲ့အတူ ဘဝရဲ့ ဒဿနတစ်မိတ်တစ်ခုသောကို ပေးလိုက်နိုင်တယ်လို့ ကျွန်တော်တို့ ပြောဆိုတဲ့ ကဗျာတစ်ပုဒ်ကတော့–

## လူအိုတစ်ယောက်ရဲ့ညနေ

လူအိုတစ်ယောက်ရဲ့ညနေ
ပန်းခြံခုံတန်းရှည်ပေါ် ဖျားတင်နေရဲ့။
ငွေနှာကျွပ်နဲ့ မောက်မာခဲ့သူ တိမ်မိတို့မှိန်ပေါ့ ။
သံချေးတက် မျက်လုံးထဲ အရောင်တွေပြုံးများလာ
ပြောင်းပြန်အရှိန်တွေ ပိုမြန်လာကြ
"တယ် သေဖို့ကို ဘာလို့လောနေကြသလဲ၊ သင်းတို့"
တစ်ကြိမ်တည်းသာ လက်စနဲ့မြင်လိုက်ရ
အံ့ဖွယ်ငှက်ပြန်

ပျံပေါ့လေ၊ လေထဲပျောက်ပေါ့
နောင်တကို့သာ မောင်းကျန်ရစ်ခဲ့။
အလိုကြီးလွန်းသူပါ
ရသမျှ နည်းနည်းကလေးကိုသာ
ယူသွားရတော့မှာပေါ့။ ။

**မောင်ပြည့်မင်း**
**[ဟန်သစ်]**

ဆရာမောင်ပြည့်မင်းရဲ့ ကဗျာကိုတော့ စာရှုသူ့ကဗျာသက်သက်လို့ မပြောချင်ပါ။ "ဘဝဆိုတာ ဒုက္ခတရားရဲ့ဘဝပါပဲ။ လူတွေဟာ အပြစ်တွေကိုယ်စီနဲ့ပေါ့၊ လူဖြစ်နေတာ ကိုက သေမင်းရဲ့ တရားစီရင်ခြင်းကိုခံဖို့ပဲ"စတဲ့ ဂီတာနဲ့ ဒွန်တွဲအတွေးအခေါ်မျိုးကို ဒီကဗျာမှာ မတွေ့ရပါဘူး။ ဘဝမှာအသက်ရှင်နေသမျှ အလှဆိုတာရှိတယ်။ မလှပါဘူး ဆိုတဲ့ သေခြင်းတရားမှာတောင် ဆင်တော်မြန်းတော်ရင် အလှရှိနိုင်သေးတာပဲ။ ဆရာမောင်ပြည့်မင်း ကဗျာထဲက လူဆိုးကြီးကတော့ မကောင်းမှုတွေကို ခေါ်ချုံးပြီ၊ အလိုကြီးလွန်းတဲ့ လောဘကိုလည်း သတ်ခဲ့ပြီ။ ဒီလိုနဲ့ သေခြင်းတရား အလာကို ပန်းခြံထဲက အေးအေးဆေးဆေးထိုင်ပြီး တည်တည်ငြိမ်ငြိမ်နဲ့ စောင့်နေ လိုက်တော့တယ်။ ဆရာမောင်ပြည့်မင်းရဲ့ ကဗျာကိုဖတ်ပြီး ကျွန်တော်တို့ ခံစားမိကြ တာပါ။

ဒီတစ်လ နောက်ဆုံးအနေနဲ့ ပြောကြည့်ချင်တာက ဓော်မပေါ်ကဗျာမှာ တွေ့ရတဲ့ လောကကြီးအပေါ် ထားတဲ့သဘောထားနှစ်မျိုးပါ ။ သဘောထားတစ်မျိုးက လောကကြီးဟာ ကျေနပ်မွေ့လျော်ပျော်ရွှင်ဖွယ်ဖြစ်တယ်။ ဒီအတွက် လောကကြီးကို အကောင်းမြင်စိတ်နဲ့ နေထိုင်တယ်။ နောက်သဘောထားတစ်မျိုးက လောကကြီးမှာ အဆင်မပြေမှုတွေပဲ ရှိနေတယ်။ လောကကြီးဟာ တစ်ခါတစ်ခါ နေထိုင်ရတာ မကောင်းဘူး။ ဒီတော့ လောကကြီးကို မကောင်းမြင်လာတယ်။

မွေ့လျော်ပျော်ရွှင် သူကတော့ အခုလိုဖွဲ့ပါတယ်။

**အိပ်မက်ရွှေတဲ့အချိန်**

ကျွန်တော့် အရိပ်အောက်
တစ်နေ့မှ အိပ်စက်သူရေ
နတ်မြို့က်ပါရဲ့လား
ချိုမြိန်သောအသီးကို စားပါ
အေးမြသော ရေကိုသောက်ပါ
လေတ်ဆတ်သောလေကို ရှူပါ

ကောင်းမြတ်သော စရိုးကိုဆက်ပါ
အလိုရှိသော စကားဆိုပါရစေ
"မင်္ဂလာပါ" မိတ်ဆွေ။
မိတ်ဆွေတို့ ကြွေကျခဲ့သော အိပ်မက်များဖြင့်
သီးမှည့်ရင်း
ကျွန်တော့်အရိပ်တွေ ပိုမိုမွေးမြလာတာပါ။ ။

**ကိုဇွေး**
**[ကလျာ]**

မျော်ရှင်နိုင်သူတစ်ယောက်ရဲ့ အတွေးတွေကတော့–

**ဗုံတူ**

ငါ့လက်ထဲက
မာစဲတဲ့ ဓုတ်တံတစ်ချောင်းနဲ့
ငါ့စိတ်ရဲ့ အခွံပါးပါးမှာ ရေးဆွဲနေခဲ့တာ
ကွဲအက်နေတဲ့ ကမ္ဘာမြေကြီးပေါ့
သူ့အပေါ်မှာ
ပြေးလွှားနေတဲ့ ခြေရာတွေ
အပ်ကြောင်းထပ် ရှုပ်ယှက်နေခဲ့တယ်
မိုးသိမ်းမှုကို ခြေရာစံရင်း
မထင်မှတ်တဲ့ နံ့ထဲမှာ
လမ်းပျောက်နေတဲ့ငါ
အခု ဟစ်အော်နေမိပေါ့။ ။

**မေတ္တာ**
**[ဟန်သစ်]**

အကောင်းမြင်သူရဲ့ ကဗျာတစ်ပုဒ်နဲ့ မကောင်းမြင်သူရဲ့ ကဗျာတစ်ပုဒ်။ ခေတ်ပေါ်ကဗျာတွေက ပြောပြတဲ့ **Individuality** တို့ **Humanity** တို့ ဆိုတာတွေကို ဒီကဗျာတွေမှာ ခြေရာခံကြည့်လို့ ရကောင်းမယ်ထင်ပါရဲ့။

အားလုံးကို ကျေးဇူးတင်ပါတယ်။ ။

# ၇

## လူအိုတစ်ယောက်ရဲ့ညနေ

လူအိုတစ်ယောက်ရဲ့ ညနေ
ပန်းခြံနံ့တန်းရှည်ပေါ် ရောင်နေရဲ့။
ငွေနားကျပ်နဲ့ မောက်မာခဲ့သူ တိမ်တို့မှိန်ပေါ့။
သံချေးတက်မျက်လုံးထဲ အရောင်တွေဖြူဖျော့လာ
ပြောင်းပြန်အရိုန်တွေ ပိုမြန်လာကြ
"ဘယ် ဆေးမှိုကို ဘာလို့လောနေကြသလဲ၊ သင်းတို့"
ထစ်ကြိမ်တည်းသာ လက်ခနဲဖြင့်လိုက်ရ
အိုရွယ်ငှက်မြန်
ပျံပေါ့လေ၊ လေထဲပျောက်ပေါ့
နောင်တတို့သာ မော့ဆေးကျန်ရစ်ခဲ့။
အလိုကြီးလွန်းသူပါ
ရောမှုနည်းနည်းကလေးကိုသာ
ယူသွားရတော့မှာပေါ့။ ။

**မောင်ပြည့်မင်း**
**[ဟန်သစ်]**

အဲဒါကတော့ ပြီးခဲ့တဲ့ (၁၉၉၉) ဩဂုတ်လထုတ် မဂ္ဂဇင်းများထဲကနေ ကျွန်တော်တို့ ဒီဇင်ဘာ ၂၀ ကဗျာဖတ်သူများရဲ့ အကြိုက်ဆုံးကဗျာအဖြစ် အရင်ဦးဆုံး ထင်ပြလိုက်တာပါ။

အခု စက်တင်ဘာ (၁၉၉၉) မဂ္ဂဇင်းတွေကို ကျွန်တော်တို့ ဖတ်ခဲ့ကြပါပြီ။ ဆုံးချည်းနေကျ တနင်္ဂနွေ လက်ဖက်ရည်ဝိုင်းကလေးတွေမှာ ထုံးစံအတိုင်းပဲပေါ့။

ကဗျာဟာ စာဖတ်သူ အချူးသဖြင့် လူငယ်မိတ်ဆွေတို့ရဲ့ နှလုံးထဲ အသံတွေထဲမှာ အရေးပါတဲ့ ဓိဓာတ်မှုတစ်ခု၊ တစ်နည်း ကဗျာဟာ လူငယ်တွေအတွက် ရုပ်ဝတ္ထုနဲ့

ယဉ်ကျေးမှု ဘဝနှစ်ရပ်လုံးကို တစ်ပြိုင်တည်း ဖြတ်သန်းသွားနေတဲ့စိတ်အာဟာရ တစ်ခု ဖြစ်ပါတယ်။

လူငယ်တွေဘာကြောင့် ကဗျာဖတ်ကြသလဲ။

လူငယ်တွေဟာ ကဗျာထဲမှာ သူတို့ဘဝရဲ့ ပုံရိပ်တွေကို ပြန်လည်ရှုစားနိုင်ကြတယ်။ ကဗျာထဲမှာပဲ သူတို့အိပ်မက်ရဲ့အကောင်းဆုံး မျှော်မှန်းချက်တွေကို တွေ့မြင်နိုင်ကြတယ်။ ကဗျာက လူငယ်တွေကို သူတို့ကိုယ်သူတို့ ပြန်ဆနိုင်ဖို့ အခွင့်အလမ်းတွေကိုလည်း ပေးတယ်လေ။ တခြားအပြင် ဘယ်လိုရည်ရွယ်ချက်၊ ဘယ်လိုအကြောင်းတွေပဲရှိရှိ အခြေခံအားဖြင့်တော့ အဲဒီအချက်တွေကြောင့်ပဲ လူငယ်တွေဟာ ကဗျာကို တရိုက်မက်မက် ဖတ်နေကြတာဖြစ်တယ်လို့ ထင်မြင်ယူဆပါတယ်။ အဲဒီကဗျာဖတ်တဲ့တချို့ လူငယ်တွေက ကဗျာကို တစိုက်မတ်မတ် ရေးလာကြတာလည်း ဖြစ်တယ်မဟုတ်လား။

ဒီနေ့ကဗျာကို ပြုစုပျိုးထောင်ပေးတာဟာ ဒီနေ့လူငယ်တွေကို ပြုစုပျိုးထောင်ပေးရာ ကျပါတယ်။ တစ်နည်း ဒီနေ့ခေတ်ပေါ်ကဗျာဟာ ဒီနေ့ မျိုးဆက်သစ်လူငယ်တွေကို ကိုယ်စားပြုရာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒီဇင်ဘာ ၂၀ ကဗျာဖတ်သူများက ဒီနေ့လူငယ်ကဗျာဆရာတွေရဲ့ ကဗျာများကို အမြဲတမ်းအလေး အနက်ပြုခဲ့ကြပါတယ်။ လူငယ်နဲ့ကဗျာ၊ ဒီနေ့ လူငယ်တွေရဲ့ ကဗျာအကြောင်းကို ကျွန်တော်တို့ ဆွေးနွေးကြည့်တဲ့အခါမှာတော့ မနေ့က လူကြီးတွေရဲ့ ကဗျာတွေကိုလည်း ကျွန်တော်တို့ ပြန်သတိပြုမိကြပါတယ်။

မျိုးဆက်သဘောတရားအရဆိုရင် ဒီနေ့လူငယ်တွေက မျိုးဆက်သစ်၊ မနေ့က လူကြီးတွေကိုတော့ မျိုးဆက်ဟောင်းရယ်လို့ပေါ့။ အဲဒီမျိုးဆက်သစ်နဲ့ မျိုးဆက်ဟောင်း ကဗျာဆရာတွေ၊ ဒီနေ့ ပစ္စုပ္ပန် သမိုင်းခေတ်ပြိုင်မှာ မဂ္ဂဇင်းမျက်နှာတွေပေါ် အတူဖြတ်သန်း နေကြတဲ့ ပုံရိပ်ထဲက ကျွန်တော်တို့ ခွဲထုတ်ကြည့်လိုက်တဲ့အခါကျတော့–

(၁) ပထမဆုံး ကျွန်တော်တို့ သတိပြုမိတဲ့အချက်က လူကြီးနဲ့လူငယ် ကဗျာပုံသဏ္ဌာန်များ မတူကွဲပြားခြားနားမှုပါ။

ဒီလ (ဆက်တင်ဘာ) မဂ္ဂဇင်းကဗျာတွေထဲက နမူနာအနေနဲ့ လူကြီးကဗျာ ဆရာသုံးယောက်ကို ထုတ်ပြချင်ပါတယ်။ မောင်သင်းခိုင်၊ သစ္စာနီနဲ့ မောင်စိမ်းခေါင်။

**မောင်သင်းခိုင်**

**သက်ရှိသက်မဲ့တို့ရဲ့ ဆာလောင်မွတ်သိပ်မှု**

အလင်းနေခြည်ရဲ့ လှလှပပအနမ်းကို
တောင့်တနေရှာတဲ့ ပန်းပွင့်ကလေးတွေ
ညကြီးသန်းခေါင်သဘာဝတေးသံကြောင့်

မိုးခင်ပျောက်သွားရှာတဲ့ ငှက်ကလေးတွေ
တစ်မိုးကြီးချုပ်လို့ ရွာကိုမရောက်
နွားတစ်အုပ်နဲ့ မျက်စိလည်နေကြတဲ့
လူမမည် နွားကျောင်းသားကလေးတွေ
"ဗီတာမင်ဒီ"နဲ့ အာလာပသလ္လာပ
စကားစမြည်ပြောဖို့
ကဗျာဆရာအိမ်ရဲ့ထဲက အလွမ်းအဖော
ဝန်ထုပ်ဝန်ပိုးတွေ ထမ်းလို့
အသက်မျှင်မျှင်ရှူကာ မျှော်လင့်တကြီး
ကြိုလင့်နေကြတဲ့ကဗျာတွေ
ညည့်သည်ရဲ့ ခြေသံကို ရင်တလှပ်လှပ်နဲ့နိုးပြီး
ညလုံးပေါက်ထိုင်စောင့်နေကြတဲ့
လေသာပြတင်းပေါက်တွေ
သက်ရှိသက်မဲ့ သူတို့အားလုံး
အရုဏ်တော်သူတွေလို့ပဲ
ကဗျာဆန်ဆန် ပြောရပေလိမ့်မယ်။
အရုဏ်ကို ကိုယ်ဝန်ဆောင်ပြီး
မွေးဖွားတဲ့ညဆိုတာ
ဘယ်တုန်းက ရှိခဲ့ဖူးလို့လဲ
ညတာစက်ဝိုင်းပေါ်
လမ်းလျှောက်နေတာမဟုတ်ဘူး
ကြောင်လိမ်လှေကားပေါ်
တစ်ထစ်ချင်းလှမ်းတက်နေတာ။ ။

[မစေဟသီ]

**သစ္စာနီ**

**ရွှေပင်လယ်ဆီးသည်သို့**

ငါတို့နှစ်ဦးကြား
ရွှေပင်လယ်ဆီးပြီလားလေ။
အချစ်သစ်ပင်
တစ်ပင်ပြီးတစ်ပင်လေ
သံယောဇဉ်သား

သံယောစဉ်သမီး
သည်သစ္စာကွယ်ပ
အမုန်းသစ်ပင်စိုက်သွားခဲ့
ရွှေပင်လယ်ဆီးပြီလားလေ၊
တောတွေကို တိုးရမယ်
တောင်တွေကိုတက်ရမယ်
မြစ်တွေကိုဖြတ်ရမယ်
မိုးတွေ
နှင်းမုန်တိုင်းတွေ
ရွှေပင်လယ်ဆီးပြီလားလေ၊
မြစ်ချင်းတာနဲ့
မြစ်သင့်တာအကြား
ပေါ်ပါပါးလေးသော ခြားခဲ့ရင်
အခုတော့
“နှမလက်ဆွဲလျှောက်နေလေတော့” တဲ့
ဒါရိုက်တာဦးစော်မောင်ရင်ရဲ့
“၁၉၆၂” ခုနှစ်က ရုပ်ရှင်ကား
“ကျွန်ုပ်ကျော်မမလေး” သား
အစ်ကို “သိန်းတန်” ရေ
မမ “သိန်းသိန်းဦး” ရေ
စံပယ်ပန်းပွင့်ဖြူဖျား
ပြည်လမ်းမ “လှ” အလှတော်ပညာသင်ကျောင်းရှေ့
ကတ္တရာလမ်းမညီးမည်းကြီးပေါ် ကျဲပြန့်
နောက်ဆုံးကွဲကွာခြင်း ကန့်လန့်ကာချလိုက်ရသလို
အို…ရွှေပင်လယ်ဆီးပြီလားလေ။ ။

[စော်ပိုင်သစ်]

**မောင်စိမ်းဒေါင်**

**ရည်းစားအကား**

လမ်းတွေ
အခြေအမြစ်ကိုစဉ်းစားပြီး
ဝင်လားတွေ

လူတွေနေထိုင်ကြတဲ့
အိုးအိမ်တိုက်တာတွေ
မီးရထား သံလမ်းနှင့် ဘတ်စကားတွေ
ကတ္တရာလမ်းပေါ်
ပေါ့မ်းသောသည့် လှည်းယာဉ်တွေ
ပြိုကွဲကျဆုံးနီးနီး မိုးရိပ်
အိပ်စက်ခြင်း
ရှက်စသွေးကြွယ်ခဲ့ဖူးပါ။
တပေအဝ
သားတောက်ရန်မြင့် လူ့တောက်
လတ်ဆတ်လန်းဆန်းတဲ့
ပန်းမာလာ
အို… အို… အိုး
အိုး… ပန်းမာလာ
ကဗျာ
အာယတရ
ဓာတ်ရှင်မင်းသမီး
မမကို သံသယရှင်းစွာ
တုန်လှုပ်ခြင်း။
နှုတ်ဆက်ထိုက်ပါရဲ့
ကမ္ဘာမြေကို နှမြောတသစွာ
ချစ်မိတာ
သည်းကောင်းဆိုတာ။ ။

**[ရုပ်ရှင်စာသားကဗျာ]**

ဒီနေ့အနေနဲ့ ကြည့်မယ်ဆိုရင် ဆဲဗီခေတ်ပြိုင် မျိုးဆက်ဟောင်း ကဗျာဆရာ သုံးဦးရဲ့ ကဗျာတွေနဲ့ ဒီနေ့ခေတ်ပြိုင် မျိုးဆက်သစ် ကဗျာဆရာများရဲ့ ကဗျာတွေဟာ ခြားနားသွားကြပြီဆိုတာ အခုလို တွေ့ရပါတယ်။ နမူနာအနေနဲ့ လူငယ်ကဗျာဆရာသုံးယောက်ကို ထုတ်ပြပါရစေ။ ထက်တည်မြင့်၊ အောင်နိုင်မြတ်နဲ့ ကြွင်းကျန်အောင်။

**ထက်တည်မြင့်**

**တနင်္ဂနွေအခန်း**

ပြတင်းပေါက်ဖွင့်လိုက်ရင်

သုသာန်နဲ့ အခြင်းမများဖို့ပါပဲ။
ဧရိယာက
ကျွန်းကိုင်းမရှိတဲ့
တယ်ပီရတွေနဲ့ မျက်နှာချင်းဆိုင်ဝေးလို့။
အခု
မျက်လှည့်ပွဲဆီ ခြေဦးမလှည့်ပါ
ဇာတ်ရုပ်နဲ့ သေနတ်မပစ်ပါ
မြေပုံနဲ့ အရေးရွှံ့မထဲပါ
စိတ်က
ဆိုးဆေးကို ဖျက်လာတယ်။
ဒါနဲ့ တစ်မိုးအောက်
ဘယ်လိုအပန်းဖြေကြပါလိမ့်။
ငါ့အနေနဲ့တော့
"ရောင်းရန်မဟုတ်ပါ"ဆိုတဲ့
နေ့တစ်နေ့ကို ချိတ်ဆွဲထားခဲ့တယ်။ ။

[မြသန့်မောင်]

## အောင်နိုင်မြတ်

## ကမ္ဘာ

မီးလင်းဖိုက
မီးလျှံကို ထော်ပါ့မလား။
ကျွန်ခဲ့စဉ်က
တရားတွေ
ကျွန်ခဲ့ပြီ။
ကျွန်ခဲ့စဉ်က
မြို့ရွာတွေ
ကျွန်ခဲ့ပြီ။
ကျွန်ခဲ့စဉ်က
မိုးကြိမ်းသံတွေ
ကျွန်ခဲ့ပြီ။
ကျွန်ခဲ့စဉ်က
ပါးစပ်တွေ

ကျန်ခဲ့ပြီ။
လိမ့်နေတဲ့ ကျောက်တုံးပေါ်
ခြေရာတွေထင်ပါ့မလား။ ။

[ရန့်သစ်]

**ကြွင်းကျန်အောင်**

**ကျွန်တော်နှင့် လွဲချော်ခြင်းများ**

ငိုပစ်လိုက်စမ်း
ယောဒီ အမှောင်တွေ လင်းသွားအောင်
ရဲရဲကြီး ငိုပစ်လိုက်စမ်း
တစ်ကိုယ်စာ အခန်းကျဉ်းထဲ
ပင့်ကူအိမ်တွေတွယ်ပြီ
ဝင်သက်နဲ့ထွက်သက်
အမှတ်စဉ်ရေတွက်ရင်း
မျက်ရည်များသော အိုင်ထွန်းခဲ့။
ချစ်သူ…
မင်းကို
အမြဲတမ်းစွဲလမ်းနေတဲ့ စိတ်တွေနဲ့
ငါ့မှာ ခုထိအိပ်မရသေးဘူး
ငါ့ရဲ့
ပန်းတိုင်ဝင်တိုင်း နောက်ကျခဲ့တဲ့ အဖြစ်အပျက်များ။ ။

[ရှော်ရှင်ဘောကျော]

အခုနမူနာထုတ်ပြခဲ့တဲ့ လူကြီးကဗျာတွေ (မောင်သင်းခိုင်၊ သစ္စာနီ၊ မောင်စိမ်း ခေါင်)ရဲ့ လူငယ်ကဗျာတွေ (ထက်တာညီမြင့်၊ အောင်နိုင်မြတ်၊ ကြွင်းကျန်အောင်) မတူကွဲပြားခြားနားမှုဟာ ပုံသဏ္ဌာန်သက်သက်ပဲလားဆိုရင်တော့ မဟုတ်ဘူးလို့ပဲ ဖြေရပါလိမ့်မယ်။ ပုံသဏ္ဌာန်အနေနဲ့ ကဗျာတွေပြောင်းလဲလာတာဟာ အာရုံ ခံစားမှု ပြောင်းလဲလာလို့ပါပဲ။ အာရုံခံစားမှုက ပုံသဏ္ဌာန်ကို ပြဋ္ဌာန်းတာဖြစ်ပါတယ်။ အာရုံခံစားမှုသစ်ကသာ ပုံသဏ္ဌာန်သစ်ကို ဖြစ်ပေါ်စေတာပါ။ ပုံသဏ္ဌာန်က အာရုံခံစားမှုကို ပြဋ္ဌာန်းတာမဟုတ်ပါဘူး။ အာရုံခံစားမှုဟာ ကဗျာဆရာရဲ့ ဒဿနအကိုင်းအတွယ်နဲ့ ပုံသဏ္ဌာန်ကို ပြုပြင်စီရင်တယ်လို့ ယူဆပါတယ်။

ဒီနေရာမှာ ဒဿနအကြောင်းပြောဖို့လိုလာပါပြီ။ ကဗျာရဲ့ ဒဿနဆိုတာ

တခြားမဟုတ်ပါ။ ကဗျာဆရာရဲ့ အာရုံခံစားမှုကို ပထမအနေနဲ့ တစ်သီးပုဂ္ဂလ တစ်ကိုယ်ရေ **Personal** သဘောကနေ အများနဲ့ဆိုင်တဲ့ **Universal** သဘောဖြစ်အောင် ဘယ်လိုမြှင့်တင်နိုင်မလဲ။ ဒုတိယအနေနဲ့ ကဗျာဖြစ်မြောက်ရေး ကြိုးပမ်းမှုမှာ ဘယ်လို အလှအပ တင်ဆက်မလဲ၊ ဒီနှစ်ခုဟာ ကဗျာရဲ့ အခြေခံကျတဲ့ ဒဿနသဘောလို့ ယူဆပါတယ်။

ကဗျာဟာ အမှန်တရားနဲ့ဆိုင်သလား။ မဆိုင်ဘူးလား။ ကျွန်တော်တို့ မငြင်းနဲ့လိုပါ။ သို့သော် တစ်ဦးတစ်ယောက်ကိစ္စ (ကဗျာဆရာရဲ့ ကိုယ်ရေးကိုယ်တာ) သက်သက်မဟုတ်၊ ကဗျာဟာ အများသဘောကိစ္စ (ကဗျာဖတ်တဲ့လူတွေအတွက်)လည်း ဖြစ်ပါတယ်။ ဒါကြောင့် **Personal** ကနေ **Universal** ဖြစ်ရေးလိုအပ်တယ်။

ပြီးတော့ တစ်ခါကဗျာဟာ အနုပညာရဲ့ အနုပညာဖြစ်တဲ့အတွက် အနုပညာမြစ် မြောက်ဖို့လိုတယ်၊ တစ်နည်း ဖတ်သူအတွက် ရသဖြစ်ပေါ်စေနိုင်ရမယ်။ အဲဒီရသကနေမှ ဘဝအသိအမြင်ကို သွားတဲ့လမ်းကြောင်းအတိုင်း ကဗျာက ဖြတ်သန်းသွားစေကောင်း သွားမယ်။ ဒါက ဆရာဇော်ဂျီရဲ့ အလိုအတိုင်းပါ။ ရောဘတ်ဖရော့စ်တ်ကလည်း ကဗျာဟာ ကြည်နူးမှုကနေ စတင်ပြီး အသိဉာဏ်ပညာဆီကို ဆိုက်ရောက်ရပါမယ်တဲ့။ **(A poem should begin in delight and end in wisdom.)**

ဆရာဇော်ဂျီနဲ့ ရောဘတ်ဖရော့စ်တ်ရဲ့ ဒဿနကို လွယ်လွယ်ပြောကြည့်ရင် **First feeling-second thought** ရယ်လို့ပဲ ပြောရမယ် မဟုတ်လား။ အဲဒီလို ရသမြောက်ဖို့ အနုပညာမြောက်ဖို့က ကဗျာဆရာက ကဗျာကို အလှအပနည်းကျအောင် လုပ်ဆောင်ဖို့ လိုအပ်တာပါ။

ကဗျာမှာ ဒဿနရှိတယ်ဆိုတာ အဲဒီသဘောပါ။ ဒါပေမဲ့ ကဗျာမှာ ဒဿန ကိုတော့ ပုံသဏ္ဌာန်နဲ့မှပဲ ဖော်ပြလို့ရတာ ဖြစ်ပါတယ်။ ဒါကြောင့် လူကြီးတွေနဲ့ လူငယ်တွေကဗျာမှာ ပုံသဏ္ဌာန်ချင်း တစ်ရိုတစ်ရာ ခြားနားသွားခဲ့ပြီဆိုတာဟာ ပုံသဏ္ဌာန်နဲ့မှ ဖော်ပြလို့ရတဲ့ ကဗျာရဲ့ဒဿနပိုင်း ခြားနားသွားတာလို့လည်း မှတ်ယူနိုင်ပါ လိမ့်မယ်။

ဒါဟာ ကျွန်တော်တို့ ဒီဇင်ဘာ ၂၀ ကဗျာဖတ်သူများရဲ့ ယေဘုယျ တွေးဆ ကြည့်မြင်မှုပဲ ဖြစ်ပါတယ်။ ပညာရှင်များကသာ အတိအကျ ပြောနိုင်ပါလိမ့်မယ်။ နောက်တစ်ခါ ခေတ်ပြိုင်မျိုးဆက်ဟောင်းနဲ့ ခေတ်ပြိုင်မျိုးဆက်သစ် ကဗျာတွေ ကွဲပြားသွားပုံမှာလည်း–

(၂) ကျွန်တော်တို့ ဒုတိယ သတိပြုမိတဲ့အချက်က လိုက်ပါပြောင်းလဲခြင်း ထိရှပါ။

ဒီနေ့ကဗျာဟာ အစစအရာရာ ပြောင်းလဲနေပါတယ်။ ကဗျာပြောင်းလဲခြင်း လား၊ သမိုင်းပြောင်းလဲခြင်းလား ဆိုတာကတော့ ပညာရှင်တွေကပဲ ဆုံးဖြတ်နိုင်ပါ

လိမ့်မယ်။ ဒီနေ့ ကဗျာပြောင်းလဲမှုမှာ မျိုးဆက်ဟောင်း ခေတ်ပြိုင်ကဗျာဆရာတချို့ ကိုတော့ လိုက်ပါပြောင်းလဲမလာတာ တွေ့နေရပါတယ်။ ဒီအချက်တွေဟာလည်း ခေတ်ပြိုင် အတူတွဲမှာတင် လူကြီးနဲ့လူငယ် ကဗျာအခြားအနားကို ဖော်ပြနေတယ်လို့ ယူဆပါတယ်။

**ဟယ်မောင်ရို**

**အညာတာရ**

မြစ်ဖို့တစ်ချောင်းရဲ့ဘဝက
တစ်ကြိမ်တစ်ခါပဲ အချိုးစံရတယ်။
ငါက တစ်ကြိမ်မက
အချိုးခံရ
နင်းသုံ့အခြေစံရတဲ့
ပန်းတစ်ပွင့်ပါ
အနာကတ်ဝန်ထုပ်ဝန်ပိုးကြီးကိုလည်း
ထမ်းထားရသေး။
ခုချိန်မှာတော့
အိပ်တန်းပြန်တဲ့
ငှက်ကလေးကို ကြည့်ရင်းသာ
ဝမ်းနည်းမှုတွေ
ခြေချောက်နေရတယ်။
ငါလည်း
မင်းတို့လို
တစ်ကိုင်းတည်း နားချင်လိုက်တာလေ။ ။

**[မြဝနေတဲ့မောင်]**

လူငယ်တွေဘက်က အဲဒီလို ရေးဖွဲ့နေတဲ့အချိန်မှာ လူကြီးတွေထဲက ကဗျာက တော့ အခုလို ရှိနေပါသေးတယ်။ ဥပမာ–

**မောင်နိုင်မာ**

**တသီးသတ်ခါးမှာ**

တစ်ရံရောအခါက
ဆန္ဒဓလေ့မှာ၊ လောကြီးမှာဖြင့်
မာန်ကြွသောငါ၊ ဇာတ်ကြီးမှာဖြင့်

ခရီးဝေးနိုင်ငံများစွာ သွားလာခဲ့ပြီ။
အနှစ်သက်ဆုံး
တုန့်ချည့်တုန့်ချည့်၊ ယုန်မပါပြီ
ကျွန်ုပ်ရှိ၊ မကာတ္တိပြီ
စိတ်ရှိနေတိုင်း၊ ညီညီမှိုင်းလို့
ကိုယ့်ကိုယ်ကို
ပြန်မနိုင်းနိုင်ထောင့်တဲ့ဘဝမှာ
စိတ်သွားတိုင်းလည်း ကိုယ်မပါ
ကိုယ်ပါတိုင်းလည်း စိတ်မရှိ
ဓရာ ဗျာဒိ မောက်မာတီ
ပြည်းပြည်းဝေါက်ပါ အာစရိယယ်...။ ။

**[ဗျူပင်ဒိ]**

ဒီလောက်ပါပဲ။ လူကြီးနဲ့လူငယ်၊ မျိုးဆက်ဟောင်းနဲ့ မျိုးဆက်သစ် ခေတ်ပြိုင် တစ်ခုတည်း ကဗျာအရေးအရာမှာ မတူညီကွဲပြားသွားပုံကို ကျွန်တော်တို့ဥာဏ်မီသမျှ တင်ပြကြည့်တာပါ။ မတူညီခြင်းဟာ ပြဿနာတော့မဟုတ်ပါ။ အဲဒီလို ကွဲပြားနေခြင်း ဟာသာ လူငယ်တွေက ကဗျာဘယ်လိုရေးတယ်၊ ဘယ်လိုကဗျာတွေကို ဖတ်တယ် ဆိုတာကို ဖော်ပြနေခြင်းသာဖြစ်ပါတယ်။

ဒီလ (ဒုဇူး ဆက်ဆင်ဘာ) မဂ္ဂဇင်းကဗျာထဲမှာ ကျွန်တော်တို့ဆက်ပြီး ပြောဖြစ်ကြတာတွေကတော့—

တစ်ခုက ရန့်သစ်ထဲက မြမြင့်မိုရ်ရဲ့ ကဗျာနဲ့ပတ်သက်လို့ပါ။ မြမြင့်မိုရ်ရဲ့ ကဗျာက အခုလိုပါ။

**၃၃ လမ်း**

ဘယ်မဂ္ဂဇင်းတွေ ထွက်ပြီလဲလို့
မေးဖို့ ငါသွားမယ်
လေထန်ကုန်းမှာ ထိုင်ရုံတင်ပါ
လက်ဖက်ရည်ဆောင်းကောင်းလည်း သောက်ရမယ်
မကြာပါဘူးကွယ်၊ မင်းလည်းလိုက်ခဲ့လေ။
သူငယ်ချင်း ကဗျာဆရာတွေနဲ့
တွေ့ဖို့ငါသွားမယ်
လေထန်ကုန်းမှာ ထိုင်ရုံတင်ပါ

ထရီ့သူငယ်ချင်းတွေ မီသာနေများတယ်
ဝင်ဆွဲမကောင်းကြဘူး
ကုန်ဈေးနှုန်းက ကျိုးပေယ်တဲ့အခါ
သူတို့ဟန်ချက် ပျက်ပျက်သွားကြတယ်
သူတို့ကျန်းမာရေးလည်း မေးကြည့်ချင်တယ်
မကြာပါဘူးကွယ်၊ မင်းလည်းလိုက်ခဲ့လေ။ ။

မြမြင့်မိုရ်က အဲဒီလို ရေးလိုက်တာကို ဖတ်ပြီးတော့ ကဗျာဖတ်သူ တော်တော်များများထဲက ရောဘတ်ဖရော့စ်တ်ရဲ့ ကဗျာတစ်ပုဒ်အကြောင်းကို ပြောလာကြပါတယ်။ ဖရော့စ်တ်ရဲ့ ကဗျာက **The Pasture** ပါ။ ဒါကို ဆရာမောင်သာနိုး မြန်မာပြန်ခဲ့ပါတယ်။ ၁၉၇၆ လောက်တုန်းက ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ် နှစ်လည်မဂ္ဂဇင်းတစ်ခုထဲမှာပါ။ အခု "တောအုပ်ရဲ့လမ်း" စာအုပ် (ပထမအကြိမ်၊ ၁၉၉၉ မတ်၊ အရှေ့မိုးကောင်းကင် စာပေ၊ မောင်အောင်ပွင့် စီစဉ်သည်) ထဲမှာလည်း ပြန်လည်ဖော်ပြထားပါတယ်။ အခုလိုပါ။

### စားကျက်

ငါ စားကျက်စမ်းချောင်းကို ရှင်းဖို့သွားမလို့
သစ်ရွက်တွေ ဖယ်ပစ်ရုံပဲ ငါနေမယ်
(ကြည်လာတဲ့အထိ စောင့်ချင်လည်းစောင့်မယ်)
ငါမကြာပါဘူး၊ မင်းလည်းလိုက်ခဲ့။
ငါနွားပေါက်စလေး ခေါ်ဖို့သွားမလို့
သူ့အမေနား ရပ်နေတယ်လေ၊ ငယ်လွန်းတော့
အမေက လျှာနဲ့လျက်ပေးရင်း ဒယီးဒယိုင်နဲ့ပေါ့
ငါမကြာပါဘူး၊ မင်းလည်းလိုက်ခဲ့။ ။

ကဗျာနှစ်ပုဒ် (ဥတု လမ်းနဲ့ စားကျက်)ကို ယှဉ်ဖတ်လိုက်တော့ မြမြင့်မိုရ်က ရောဘတ်ဖရော့စ်တ်ကို တုပထားတယ်ဆိုတာ တွေ့ရပါလိမ့်မယ်။ မြမြင့်မိုရ် တုပပုံက ပုံသဏ္ဌာန် တိုက်ရိုက်ယူလွန်းတာကလွဲရင် စံထားမှုပေးလို့ရှိချင်းကတော့ ဖရော့စ်တ်နှင့် မတူပါလေ။ မြမြင့်မိုရ်က ဥတု လမ်းက ဘဝကြမ်းများကို တနေ့မှုပြထားပါတယ်။

အဲဒါဟာ ဒီနေ့ခေတ်ပေါ်ကဗျာမှာ လာထင်ဟပ်တဲ့ နိုင်ငံခြားကဗျာရဲ့ ဩဇာတချို့တဝေ့ရယ်လို့ ကျွန်တော်တို့ ပြောဖြစ်ကြပါတယ်။

နောက်တစ်ခုက ဒီနေ့ခေတ်ပေါ်ကဗျာမှာ လာထင်ဟပ်နေပြန်တဲ့ ကျွန်တော်တို့ မြန်မာ့ရှေးဝင်ရှေးဟောင်း ကဗျာရဲ့ ဩဇာအကြောင်းပါ။ ဒီလဝတိုင်းသစ်မဂ္ဂဇင်းမှာ ဖတ်လိုက်ရတဲ့ ပိုင်သရဲ့ "ညနေခင်းမိတ်ကပ်များ" ကဗျာထဲမှာပါ။ ပိုင်သကဗျာက

ကြောင်းရေ (၂၈) ရှိပါတယ်။ ကောက်နုတ်ပေါ်ပြ ပါမယ်။ (ပါဒရှေ့က ဂဏန်းက ကြောင်းရေနံပါတ်ကို ညွှန်းတာဖြစ်တယ်)

၃ သိုးမွှေးကြယ်စင် စံပယ်တစ်ပင်ရဲ့ အကိုင်းများ

၄ စီးကရက်တစ်လိပ်တင်ထားတယ်။ (တင်ထားတယ်)[၆]

၇ မော်တော်ကားတစ်စီးရဲ့ ကားဘီးအောက်မှာ

၈ ရမ်းတစ်ပုလင်းရှိတာ သေချာတယ်။ (သေချာတယ်) [၇]

၁၄ ဒေါင်းလောင်းသံတွေ ချိုလွင်လို့

၁၅ (ချိုလွင်လို့)[၂]

ပိုင်သကဗျာထဲက အဲဒီလို ပါဒတွေကိုဖတ်ရတဲ့အခါ ကျွန်တော်တို့ မြန်မာ ဂန္ထဝင် ရှေးဟောင်းကဗျာတွေထဲက "ကာချင်း" ကဗျာရဲ့အသံကို ကြားယောင်လာမိ ပါတယ်။

"မြင်းနိုင်းချွေမြေ ပန်းသင်းရွှေ
ပင်ခြေချိုထက်နွယ် ချိုထက်နွယ်။
တောင်လေရှန်းရှန်း မိုးခေတ်အုန်း
လင်ပုံးမှုင့်ချိုချယ် မှုင့်ချိုချယ်။
နွယ်ပန်းချွာလို မှင့်ပေလို
ပြာသိုဆောင်းလေလယ် ဆောင်းလေလယ်၊
ယာယီမြေတောင်း ကျူသညှိပြောင်း
မနှောင်းမှုညိုဆောလွှယ် မှုညိုဆောလွှယ်
ခါနှင့် ဘုတ်မျိုး ကြက်တောမျိုး
လိုရိုး ကျက်မြေကျယ် ကျယ်မြေကျယ်"

အဲဒါ ငါးစီးရှင်အကျော်စွာရဲ့ "တာတေ်ဘာ နတ်ရွာဆော နတ်ရွာဆော" အစချီ ကာချင်းထဲက ကောက်နုတ်ချက်ပါ။

ပိုင်သ ကဗျာမှာတော့ ကာချင်းက ထပ်ကျော့ဆိုဟန် (ချိုထက်နွယ်၊ ချိုထက်နွယ်၊ မှုင့်ချိုချယ်၊ မှုင့်ချိုချယ်စသည်)ကိုနှစ်ကြိမ်နဲ့ နှစ်ကြိမ်အထက် သုံးကြိမ် လေးကြိမ်အထိ (တင်ထားတယ်)[၆]၊ (သေချာတယ်)[၇]၊(ချိုလွင်လို့)[၂] ဆိုပြီး အက္ခရာသင်္ချာက ထပ်ညွှန်းကိန်း ပုံစံကောင်းနဲ့ (ဒါမှမဟုတ် သီချင်းတအုပ်တွေထဲကလို) ဖော်ပြသွားတာ ကတော့ ထူးဆန်းတယ် သို့မဟုတ် ဆန်းသစ်တယ်လို့ ဆိုရလေမလား။

အခု နောက်ဆုံးအနေနဲ့ ဒီလ (၁၉၉၉ ဇက်တင်ဘာ) မဂ္ဂဇင်း နှစ်အုပ်ထဲက ဆန့်ကျင်ဘက် ကဗျာနှစ်ပုဒ်အကြောင်း ပြောကြည့်ချင်ပါတယ်။ "ဆန့်ကျင်ဘက်" လို့ဆိုတာက ပုံသဏ္ဍာန်ရော ခံစားမှုပါ ဆန့်ကျင်နေကြလို့ပါ။ တစ်ပုဒ်က အစဉ် အလာ ရှေးရိုး ကဗျာသွား၊ နောက်တစ်ပုဒ်က ခေတ်ပေါ်ကဗျာသွား၊ နှစ်ပုဒ်စလုံး

ကဗျာဆိုတာသာကဲ့ နိဂုံးပိုဆန်နေပါတယ်။ ဒီနှစ်ပုဒ်မှာ ဘယ်ကဗျာရဲ့ နိဂုံးက အမှန်တရားလို့ပြောမလဲ။ တစ်ခုမှန်ရင် ကျန်တဲ့တစ်ခုက မှားမယ်။ နှစ်ခုစလုံး တစ်ပြိုင်နက် မမှန်နိုင်ဘူး။ ဒါပေမဲ့ နှစ်ခုစလုံး တစ်ပြိုင်နက်တည်းတော့ မှားနိုင်တယ်ဆိုတာကို သတိပြု။ ကဗျာနှစ်ပုဒ်။ ဆန့်ကျင်ဘက် ကဗျာနှစ်ပုဒ်။

တစ်ပုဒ်က–

**ခရီးသည်**

လကွယ်ညသန်းခေါင်
မိုးမှောင်ကာဆွေပြား။
လျှပ်ရောင်မီးအလက်မှာ
ခရီးဆက်သွား။ ။

**တိုးဆောင်ပိန်း (ဆင်ဖြူကျွန်း)**
**[မြဲနေတော်ဆောင်]**

နောက်တစ်ပုဒ်က–

**ပန်းတိုင်**

မရောက်သေးရင်
ရောက်အောင်သွား
ရောက်ရင် တစ်ထောက်နား
ပြီးရင် ရှေ့ဆက်သွား
အဲဒီမှာ ဘာမှ မရှိဘူး။ ။

**မောင်သိန်းဆော်**
**[ရုန့်သစ်]**

*

# 10

(၁၉၉၉) ခေါက်တို့ဘာလထုတ် မဂ္ဂဇင်းအသီးသီးထဲက ကဗျာတွေအကြောင်း မပြောခင်...။

**ကျွန်**

မီးလင်းဖိုက
မီးလျှံကိုတော့ပါ့မလား။
ကျွန်ခဲ့စဉ်က
တောရွာတွေ
ကျွန်ခဲ့ပြီ။
ကျွန်ခဲ့စဉ်က
မြို့ရွာတွေ
ကျွန်ခဲ့ပြီ။
ကျွန်ခဲ့စဉ်က
မိုးခြိမ်းသံတွေ
ကျွန်ခဲ့ပြီ။
ကျွန်ခဲ့စဉ်က
ပါးစပ်တွေ
ကျွန်ခဲ့ပြီ။
လိမ့်နေတဲ့ ကျောက်တုံးပေါ်
ခြေရာတွေ ထင်ပါ့မလား။ ။

**အောင်နိုင်မြတ်**
**[ရန်ကုန်]**

ကျွန်တော်တို့ ဒီဇင်ဘာ ၂၀ ကဗျာဖတ်သူများရဲ့ ပြီးခဲ့တဲ့ ၁၉၉၉ စက်တင်ဘာလ မဂ္ဂဇင်းကဗျာတွေထဲမှာ အကြိုက်ဆုံးဖြစ်ခဲ့ကြတဲ့ ကဗျာကို ဦးစွာဖော်ပြရခြင်းပါ။

ယခုစာအုပ်သည် ချယ်ရီမဂ္ဂဇင်း ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလထုတ်ဖြစ်ပါသည်။ ၂၀၀၀ သို့မဝင်မီ ၁၉၉၉ ခုနှစ်ကို နောက်ဆုံး နှုတ်ဆက်ခြင်းလည်း ဖြစ်ပါသည်။

ရှေ့တစ်လဆိုလျှင် နှစ်သစ်ပြောင်းပြီး ၂၀၀၀ သို့ ရောက်မည်ဖြစ်သည်။ ၂၀၀၀ သည် ၂၀ ရာစု၏နောက်ဆုံးနှစ်လည်းဖြစ်သည်။ ဒုတိယ ထောင်စုနှစ်၏ နောက်ဆုံးနှစ်လည်းပဲဖြစ်ပါသည်။ တစ်နည်း ၂၁ ရာစုကို ကြိုဆိုရန် ကျွန်တော်တို့သည် ၂၀၀၀ ပြည့်နှစ်ကို တစ်လချင်းတစ်လချင်း ဖြတ်သန်းသွား ကြရဦးမည့် အချိန်ကာလ ရှည်ကြီးလည်း ဖြစ်ပါသည်။ တတိယထောင်စုနှစ်သို့ အဝင်လမ်းဟုလည်း ဆိုနိုင်သည်။ ၂၁ ရာစုသည် ၂၀၀၁ ခုနှစ် ဇန်နဝါရီလ(၁)ရက်နေ့မှ စတင်မည် ဖြစ်သည်။ တစ်နည်း ထိုနေ့တွင် တတိယထောင်စုနှစ် စပြီ ဖြစ်သည်။

ယခုအခါ ၂၁ ရာစု (၂၀၀၁–၂၁၀၀)သို့ မဝင်မီ၊ တတိယထောင်စု (၂၀၀၁–၃၀၀၀)သို့ မဝင်မီ ၂၀ရာစု၏ နောက်ဆုံးအချိန်တွင် နယ်ပယ်အသီးသီး၌ နောက် ကြောင်းပြန်ကြည့် သုံးသပ်ဆန်းစစ်မှုများ ပြုလုပ်လာကြသည်ကို တွေ့လာရပေသည်။ ထိုအထဲတွင် မြန်မာကဗျာလည်းပါသည်။ မြန်မာကဗျာကို ပြန်လည်သုံးသပ်လာကြ သော အထိမ်းများကို ယခုအခါ ကြားလာရပေသည်။

ဒါကတော့ ကျွန်တော်တို့ရဲ့ နိဒါန်းပါ။

အခု အောက်တိုဘာ (၁၉၉၉) မဂ္ဂဇင်း ကဗျာတွေကိုဖတ်ရင်း ကျွန်တော်တို့ အတွက် အရင်ဆုံးပြောစရာရှိလာတာက ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်း (၁၉၉၉၊ အောက်တိုဘာ)ပါ ဆရာဒဂုန်တာရာရဲ့ "၂၁ ရာစုကို ဘယ်လိုကြိုဆိုမလဲ" (၁) နဲ့ (၂) ဆောင်းပါးနှစ်ပုဒ်နဲ့ ပတ်သက်လို့ပါ။ ဆရာဒဂုန်တာရာက ဒုတိယဆောင်းပါးမှာ "ခေတ်ပေါ်ကဗျာ ဘယ်ဆီလဲ" ဆိုပြီး ထပ်ဆင့်မေးခွန်း ထုတ်ထားတာလည်း ဖြစ်ပါတယ်။ အဲဒီဆောင်းပါးအဆုံးမှာ–

"ဘာပဲဖြစ်ဖြစ် ၂၁ ရာစုကို ခေတ်ပေါ်မြန်မာကဗျာသည် စကားပြေကဗျာဖြင့် ကြိုမည်လော၊ ကာရန်ကဗျာဖြင့် ကြိုမည်လော" ဆိုပြီး မေးထားတာကို ဖတ်ရပါတယ်။ ဆရာဒဂုန်တာရာရဲ့ မေးခွန်းကို ကျွန်တော်တို့ ဒီဇင်ဘာ ၂၀ ကဗျာဖတ်သူများက အလေးအနက် ထားမိကြပါတယ်။ ဖြေလည်းဖြေကြည့် ကြပါတယ်။

ဆရာဒဂုန်တာရာ နားလည်ထားပုံအရဆိုရင် (မြန်မာ)ခေတ်ပေါ်ကဗျာဟာ စကားပြေကဗျာနဲ့ ကာရန်ကဗျာဆိုပြီး နှစ်မျိုးခွဲခြားကွဲပြားလျက် ရှိနေတယ်လို့ ယူရမလို ဖြစ်နေပါတယ်။

ကျွန်တော်တို့ကတော့(မြန်မာ) ခေတ်ပေါ်ကဗျာကို (မြန်မာ)ခေတ်ပေါ်ကဗျာ လို့ပဲ နားလည်ထားကြပါတယ်။ အဲဒီမှာ ကဗျာက စကားပြေဆန်ချင်လည်း

ဆန်ပါမယ်။ ကာရန်ပါချင်လည်းပါ၊ မပါဘဲနေချင်လည်းနေပါမယ်။ ဒါပေမဲ့ ကျွန်တော်တို့ နားလည်ထားတဲ့ ခေတ်ပေါ်ကဗျာဆိုတာဟာ စကားပြေကဗျာမဟုတ်သလို ကာရန်ကဗျာကတော့ ဘယ်လိုနည်းနဲ့မှ မဟုတ်ပါချေ။

အကျဉ်းချုပ်ပြီး သိမ်းလုပ်ပြီး ပြောရရင် ဒီနေ့ခေတ်ပေါ်ကဗျာဟာ အစဉ်အလာ ကာရန်စည်းကမ်းများကို မလိုက်နာ(ကာရန်စွန့်) စကားပြေရဲ့ အခါးသင်ကို အသုံးချ (စကားပြေသဘော ဆောင်ပြု)တဲ့ ကဗျာဖြစ်ပါတယ်။

အခု အဲဒီသဘောကို လွှန်ခဲ့တဲ့ အနှစ် (၃၀)အတွင်းအတောအတွင်းကနေ ဒီနေ့ (၁၉၉၉) အောက်တိုဘာလအထိ မှတ်မိလာကဗျာတွေအထိ ဆွဲဆောက်ပြီး ကျွန်တော်တို့ စူးစမ်းကြည့်ကြပါတယ်။ အဲဒီအနှစ် (၃၀)အတွင်းမှာ မြန်မာကဗျာဖြတ်သန်းရောက်ရှိလာပုံကို သိသာစေပါ။

ပထမဆုံး လွန်ခဲ့တဲ့အနှစ် (၃၀) ၁၉၆၉ ခုနှစ်က ကဗျာတစ်ပုဒ်ကို ဦးစွာ ဖော်ပြပါရစေ။ ဒီကဗျာကို မိုးဝေမဂ္ဂဇင်း ၁၉၆၉၊ ဒီဇင်ဘာလထုတ်မှာ ဖော်ပြခဲ့တာပါ။ အခု ဒီဇင်ဘာလ (၁၉၉၉)မှာဆိုရင် အနှစ် ၃၀ ပြည့်ပြီပေါ့။ ရေးသူကတော့ ဆရာ မောင်စေလဆောင်ပါ။ ကဗျာအမည်က "ဒီဇင်ဘာ ၂၀ ရက်၏ တမ်းတခြင်း သို့မဟုတ် ရဲဘော်ရဲ့ ကဗျာ" ဖြစ်ပါတယ်။ ကဗျာကို အခုလို ဖတ်ကြရပါတယ်။

တင်းတင်းဆိုက်ထားတဲ့
ငါ့ရဲ့နှုတ်ခမ်းဟာ
ဖြန်းခနဲကွဲထွက်ပြီး
သွေးစက်စက် စီးလိမ့်လာတာယ်။
ငါ့အံကိုကြိတ်ပြီး
လက်သီးကျစ်ကျစ်ဆုပ်မိတယ်
ဒီနေ့ရာမှာ
ရဲဘော်ဟာ ကျဆုံးခဲ့တယ်။
ကျွေးရာသမီးကိုစွာ
ရာဇဝင်ရေးအရ
သုတေသန လုပ်ရင်
ရဲဘော်ရဲ့ ဂုဏ်ပုဒ်ကို တွေ့ရမယ်။
ဘယ်သူငြင်းနိုင်သလဲ
စီးဆင်းခဲ့တဲ့ ရဲဘော်ရဲ့ သွေးတွေအကြောင်း။
ပေါ်တာကတော်ရဲ့ ဂုဏ်ရောင်
ကုန်းဆောင်ဘုပ်နှ် ဂျွန်ဆရာစိ
ငုယင်ဇန်ထျှိုင်း အတိုင်းမသိသော

ရေမြေဟားရေး စသော
အာဇာနည် ရာဇဝင်သေဘင်းတို့နှင့်အတူ
ထေးရားတဲ့ပြည်သူတွေရဲ့ တိုက်ပွဲမှာ
ရဲဘော်ရဲ့သွေးဟာ နီရဲခဲ့တယ်
သူတို့က ရဲဘော်ရဲ့ ဂုဏ်အထူးထူးကို
ဖော်ကျူးဖို့ ငြင်းဆန်ကြတယ်။
ဘယ်သူတွေရှိဦးမလဲ
ရဲဘော်မုန်းခဲ့တဲ့သူတွေ။
သူတို့မုန်းတာကို
ရဲဘော်က စိမ်းကားတဲ့အပြုံးနဲ့
ပြုံးမှာပဲ၊ ယုံတယ်။
ပြည်သူချစ်တဲ့
အာဇာနည်အနှစ်ဟာ
ဘယ်ခေတ်မှာမဆို နုပျိုစိမ်းလန်းနေမှာပဲ
မုချယုံတယ်။
စိုလ်အောင်ကျော်
ရဲဘော်
ဒီနေရာမှာ
တို့ဟာ ရဲဘော်ကို အကြိမ်ကြိမ် ဂုဏ်ပြုဖူးတယ်။
စိုလ်အောင်ကျော်
ရဲဘော်
ဒီနေရာမှာ
တို့ဟာစာရွက်တွေ ဝေဖူးတယ်။
ရဲဘော်ရဲ့ အခန်းဆက်တိုက်ပွဲ
ရဲဘော်ရဲ့ ဘရားတဲ့တိုက်ပွဲတွေအကြောင်း။
ဒီနေရာကိုလာပြီး
ရဲဘော်စီးဆင်းခဲ့တဲ့
နီရဲတဲ့သွေးစက်တွေပေါ်မှာ
ငါပြုံးဖပ်တော်တဲ့
မျက်ရည်နဲ့
သူရသတ္တိမှဲ့တဲ့ မှုက်သိနဲ့
ရဲဘော်ရဲ့ ဂုဏ်အခန်းခန်းကို

ညစ်နွမ်းအောင် ငါမလုပ်ဘူး။
ကဗျာတစ်ပုဒ်
ဟုတ်တယ်၊ ငါ့ကဗျာတစ်ပုဒ်
ရဲဘော်ရဲ့ ဂုဏ်ပုဒ်ကို
မော်ထုတ်ဖို့ ကြိုးပမ်းတဲ့ ကဗျာတစ်ပုဒ်။
လက်စံပါ ရဲဘော်
အောင်ဟစ်ပြီးငါပန်ကြားတယ်။
ဒီကဗျာဟာ
ငါ့ကဗျာမဟုတ်ဘူး။
ပြန်ငြင်းပါရစေ
ဖတ်ကြည့်စမ်းလေ
ဆေးထန်းတဲ့ သွေးစက်တွေရယ် ဘယ်သူ့သွေးလဲ
ရဲဘော်ရဲ့ ပူနွေးတဲ့သွေးတွေ
မခြောက်သေးတဲ့ သွေးအစက်စက်နဲ့
ရဲရဲလက်လက် သီယှက်ထားတဲ့
ရဲဘော်ရဲ့ ကဗျာပါလား။ ။

အဲဒါ ဆရာ မောင်လေးအောင်ရဲ့ အင်္ဂလိပ်နယ်ချဲ့ ဆန့်ကျင်ရေး ကဗျာတစ်ပုဒ် ပါ။ ဒီကဗျာကို ဖော်ပြရတာကတော့ ဟိုးလွန်ခဲ့ အနှစ် (၃၀)မှာကပဲ မြန်မာကဗျာက အစဉ်အလာ လေးလုံးစပ်ကာရန် စနစ်ကို စတင်လမ်းခွဲပြီး ကာလပြောင်းလေသံကို စတင်အားပြုလာခဲ့တာရဲ့ သက်သေသာဓကတစ်ခုအနေနဲ့ ပေါ်လွင်စေရုံမျှသာ ဖြစ်ပါ တယ်။

အခု ဆရာမောင်လေးအောင်တို့ခေတ်အလွန် အနှစ် (၃၀)အကြာမှာ မြန်မာ ကဗျာက ဘယ်လို ဖွံ့ဖြိုးနေလာပြီလဲ။ ဒီလ (အောက်တိုဘာ၊ ၁၉၉၉) မဂ္ဂဇင်း ကဗျာတွေထဲကြည့်လိုက်တော့—

## မြစ်ကျိုးအင်း

ဆွဲငင်ခွန်အားအသေသေ
လှိုင်းခေါင်းဖြူတလိပ်လိပ်
ယန္တရားဘီးညှပ်
ခေါင်းဆောင့်ရေတည်တည်
တောင်ခါးပန်းရုံကျ
မြစ်ကာ

မြစ်လို
သစ်လိုက်ပုံ။ ။

**နီသစ်**
**[ရှမ်းရှင်တေးကျော]**

### ဥဒါန်း

ခရုခွံတွေက ကိုယ့်အပေါ်
မိုးသီးကျသလိုကျတယ်။
ရေထု
လေထုနဲ့
မြေထုအပေါ်တော့
မြူတာစ်မှုန်လောက် မကျရအောင်
အရှာရှာကိုယ်ချိုချခဲ့ရ
တစ်ဘဝလုံးရုန်းပြီးမှ
တစ်လက်မပဲရွေ့လည်း ဘဝအရေးထဲ
မိုးထဲရေထဲမှာ ကိုယ့်သွေးသားတွေကရှေ့ပျက်ပြီ
အဝေးကချစ်သူရေ
မင်းရယ်သံက ကိုယ့်ရင်မှာ နေခြည်ဖြာတောက်ပမြဲ။ ။

**တေးခေါင်**
**[ရန်သစ်]**

### ကားစီးလာတဲ့ကလေး

ကျွန်တော်စီးလာတဲ့ ကားပေါ်မှာ
ကျွန်တော့်ရှေ့ရာသီလှန်းလောင်းခဲ့။
အလောင်းနှစ်သန်းချီထမ်းမပေါ်
မှတ်နေအောင် လည်ပတ်တဲ့ဘီးတွေ
တစ်ကြိမ်တစ်ခါသာ ပွင့်အာရှင့်ရတဲ့ပန်းတွေအပေါ်
(အော်ဟစ်ပြီး) မနင်းမိပါစေနဲ့။
မီးပွိုင့်မှာ ဆေးနားထုန်း
ကျွန်တော့်အပေါ် မိုးတွေရွာချတယ်။
ဆက်လက်ထွက်ခွာသွား
မိုး

မရှိသေး
တစ်စီးလုံး ရှုံ့စိစိနေတုန်းပေါ့။ ။

**မောင်စောကောက်**
**[မြူးနှုတ်မောင်]**

သည်ဖြင့်ပေါ့လေ၊ ဒီနေ့ကဗျာကို အခုလို တွေ့ရပါမယ်။ ဒီကဗျာတွေဟာ စကားပြေကဗျာတွေလား၊ ကာရန်ကဗျာတွေလား၊ တစ်ခုမှ မဟုတ်ရပါဘူး။ ဒီကဗျာတွေဟာ ခေတ်ပေါ်ကဗျာတွေပါပဲ။ စကားပြေဆန်ခြင်း မဆန်ခြင်း၊ ကာရန်ပါခြင်း မပါခြင်း တွေဟာ ဒီကဗျာတွေရဲ့ အရေးကြီးတဲ့ ပြဿနာမဟုတ်တော့ပါဘူး။

ဆရာမောင်သေးအောင်ရဲ့ ကဗျာ (၁၉၆၃)နဲ့ အခု နမူနာထုတ်ပြလိုက်တဲ့ ဒီသစ်၊ ဇေးဓေါင်၊ မောင်စောကောက်တို့ရဲ့ ကဗျာတွေ (၁၉၉၉) အထိ၊ အနှစ် (၃၀)ကြား ကာလရှည်ကြီး ဖြတ်သန်းပြီးတဲ့နောက်မှာ မြန်မာကဗျာဟာ အများကြီးပြောင်းလဲသွားတာလည်း ဖြစ်ပါတယ်။

ဒီနေ့ခေတ်ပေါ်ကဗျာမှာ ကာရန်ဟာ အဓိကလည်းမဟုတ်၊ အရန်လည်း မဟုတ်တော့ပါ။ ဘာသာစကား မီဒီယမ်ရဲ့သဘော သဘာဝအရ အသံတူတဲ့စကားလုံး တွေ ခေတ်ပေါ်ကဗျာမှာ ပါလာကောင်းပါလာနေပါလိမ့်မယ်။ ဒါပေမဲ့ ဒါဟာ ကာရန်ရဲ့ အလုပ်ရယ်လို့ဆိုပြီး လုပ်လိုက်တာမဟုတ်ပါဘူး။ ကဗျာဆရာက ဘာသာ စကားရဲ့ အလုပ်ကိုလုပ်ရင်း အသံတူတဲ့စကားလုံးတွေ ကြုံကြုံကြိုက်ကြိုက်ပါလာတာ ဖြစ်ပါတယ်။ ခေတ်ပေါ်ကဗျာဟာ အစဉ်အလာလေးလုံးစပ် ကဗျာတို့လိုဟာမျိုးမှာလို စနစ်တကျ ကာရန်ယှဉ်ပုံကို မသုံး၊ ဒါကြောင့် ခေတ်ပေါ်ကဗျာနဲ့ ကာရန်ကဗျာ ဘာမှမဆိုင်။

ပြီးတော့ တစ်ခါ စကားပြေကဗျာဆိုတဲ့ ဝေါဟာရကလည်း ဘဝင်မကျချင် စရာပါ။ ကဗျာကို စကားပြေလိုရေး (စကားပြေရေးသလိုရေး)တဲ့အတွက် စကားပြေ ကဗျာလို့ ဆိုတာပါဆိုရင်လည်း အဲဒါမဟုတ်ပါ။ ကဗျာကို စကားပြေလို ရေးလို့မရပါ။ ဒီနေ့ခေတ်ပေါ်ကဗျာကို စကားပြေလိုရေးတာမဟုတ်။ စကားပြေရဲ့ အာနိသင်ကို ကဗျာမှာ အသုံးချခြင်းသာဖြစ်။ အပြောဘာသာစကားရဲ့လေ (စကားပြောလေသံ၊ စကားပြောရစ်သမ်)ကို ခေတ်ပေါ်ကဗျာက အားပြုလာတာပဲဖြစ်တယ်။

ဥပမာကြည့်ပါ။

"ကျွန်တော် ရောက်ရှိသွားသောအချိန်က မြကန်ထဲတွင် ရေမရှိပါ။ သို့သော် မိုးအခါများတွင် ရေရှိခဲ့မည်ဟုသော သဘောကိုအဖြစ် မြက်ခင်းစိမ်းစိမ်းများကို ကန်နယ်နိမိတ် တစ်ခွင်တပြင်အတိုင်း တွေ့နေရသည်။ တောင်ကျရေများကိုတားဆီးရန် ကြိုးစားထားခဲ့ရသည့် ဆည်ကန်ပေါင်ရိုးတစ်ခုကို တွေ့နေရပြီး မြကန်ရေညှောင်တာမဟု

ကမ္ပည်းရေးထိုးထားပါသည်။ သို့သော် နေမရှိသော ကန်ထဲတွင် ကြာမရှိ၊ ငှက်မရှိ။ ကျွန်တော်က ထူရှင်းတောင်ထိပ်ပေါ်မှနေ၍ ပိုးတောင်ခြေရှိ မြကန်ကို မှိုင်ချကြည့်နေမိရင်း အထက်တန်းကျောင်းသားဘဝက ဖတ်ခဲ့ရသည့် စကားပြေလက်ရွေးစင်ထဲမှ တက္ကသိုလ်မောင်မောင်ကြီး၏ မြကန်အလွဲ့အချွဲ့များကို သွား၍ အမှတ်ရနေမိပြန်လေသည်"

ဒါက ရနံ့သစ် (၁၉၉၉ အောက်တိုဘာ)ထဲက ဆရာမောင်သာချိုရဲ့ "တူရှု ပုတ္တာ မြကန်သာ"ဆောင်းပါးထဲက ကောက်နုတ်ပြလိုက်တာပါ။ မြကန် အကြောင်း ရေးထားတဲ့ စကားပြေပါ။ ဥပမာကြည့်ပါဦး။

မနေ့ညက
မကောင်းဆိုးဝါးကပ်တဲ့ တက်သေအင်းယာ
ဒီနေ့တော့ နတ်သမီးလေးဖြစ်လို့။
မနေ့ည
လှိုင်းလောကထန်
အင်းယပ်တစ်ဝက်အရောက်
လှေမရောက်ပေမဲ့
လှေအလူး လှိုင်းအမူးမှာ
လှေပေါ်က နှစ်နှစ်သားလေး
ရေထဲကျပြီးနစ်
ရင်နင့်တဲ့အမေ
ရေမကူးတတ်ပေမဲ့ သားဆောတွယ်
ကယ်မယ်လို့ ခုန်ချတော့
တက်သေရဲ့
ရေဘဝဆန်တဲ့ လက်တွေကြား
(နှစ်ဦးသား) ကြိုးမိန့်ကျသွားပါလေရော။
တက်သေမ ရေ...
နင့်ကိုပဲအပြစ်ဆိုရမလား
မကူးတတ်ဘဲ ဆယ်တဲ့အမေကို
မေတ္တာတရားကြီးမားတယ်ဆိုရမလား
မနေ့ညက ပန်းနှစ်ပွင့်
ကြွေလွင့်ခဲ့တာ ရင်နာစရာ။ ။

ဒါကတော့ ကလျာ (၁၉၉၉ အောက်တိုဘာ) ထဲက မွေးဆေနှင်း (မွေ့လာရေ)ရဲ့ "အကျဉ်းတန်ည" ကဗျာတစ်ပုဒ်လုံးကို ဖော်ပြလိုက်တာပါ။ တက်သေအင်းအကြောင်း

ရေးတဲ့ကဗျာဆိုပါတော့။

တစ်ခုတော့ရှိတာပေါ့လေ၊ ကဗျာဆိုပြီးတော့ စကားပြေလောက်မှ အဖွဲ့အနွဲ့ မပါဘူးဆိုရင်တော့ ဒါက တစ်မျိုးပြောရတော့မှာပဲ၊ စကားပြေဖြစ်ဖြစ်၊ ကဗျာဖြစ်ဖြစ် သူ့နေရာနဲ့သူတော့ အဖွဲ့အနွဲ့က ရှိရမှာပေါ့။ **Versification** လို့ ဘာပေါ့ ။ ဒီလိုမှ မဟုတ်တဲ့ ကဗျာက စကားပြေလောက်မှ မဖွဲ့မနွဲ့နိုင်၊ ပြောလဲ့မှာ စာမရှဲ့ နိုင်ဘူးဆိုရင်– ဥပမာ

"တောင်းကဝါက သူ့ရဲ့အပြာရောင်နဲ့ ညနေခင်းကို ညှို့နေတယ်။ အညိုရောင် ကွင်းပြင်ရဲ့ အနောက်ဖွန်း မိုးကုပ်စက်ဝိုင်းမှာ အလင်းရောင်ဟာ သွေးမရှိ၊ ဖြူရော်ရက်ရှိ နေဆဲ။ ရေပြင်ညီမျဉ်းပေါ်မှာ ရှုံ့မြမ်းထွန်းယက်နေတဲ့ နေမင်းဟာ ညှိုးနွမ်းနွမ်း ပေါ်ကျိုတစ်လုံးနဲ့ ဝေါ်မှုတ်ပိန်ချုံးလို့ သွားခနဲပေါ်လာတဲ့ အိမ်အိုကြီးကို ကျော်ဖြတ် ရွက်လှွင့်သွားလေရဲ့။ လှုပ်ရှားနေတဲ့ စင်ရော်ငှက်များနဲ့ ကြိုးတန်းပေါ် ပျံသန်းနေတဲ့ ရှပ်အင်္ကျီတစ်ထည်တို့ကသာ ငြိမ်သက်ခြင်းကို ပွတ်တိုက်လို့ ရွေ့လျားနေကြပါတယ်"

ရှပ်ရှင်တေးကဗျာ (အောက်တိုဘာ ၁၉၉၉) ရဲ့ဟိန်းထက်ရဲ့ "ရွှေတီးနားရဲ့ ကမ္ဘာ" ဆောင်းပါးထဲကဖြစ်ပါတယ်။ ဒီစကားပြေရဲ့ အဖွဲ့အနွဲ့က လှပနေတယ်။ အခု (၁၉၉၉) အောက်တိုဘာ မဂ္ဂဇင်းကဗျာတွေထဲက တချို့၊ အဲဒီစကားပြေလောက် မဖွဲ့နွဲ့နိုင်ရှာဘူး။ တစ်ပုဒ်က–

"ရေစုန်မျောခဲ့တာမဟုတ်ဘူး<br>
ရေစုန်မျောခဲ့တာပါ<br>
တကယ်တော့ဒါ<br>
ရေစုန်လည်းမဟုတ်ခဲ့ပါဘူး"<br>
နောက်တစ်ပုဒ်ကျ–<br>
"ငါက အဖွင့်နဲ့လူသား အဖွင့်ပါဒီတော့ဖြစ်<br>
ဒါပေမဲ့ တည္တွန်းဒီဇိုင်တွေကိုတော့မရှစ်<br>
အဝိစ္စာမြစ်မှာ လက်ပစ်အခေါ်ခါကူး"<br>
အခြားတစ်ပုဒ်က–<br>
"ကျွန်တော့်လွတ်လပ်မှုဟာ<br>
ဂျင်းဘောင်းဘီတစ်ထည်ဖြစ်တယ်<br>
ဂျင်းဘောင်းဘီတစ်ထည်ဟာ<br>
ကျွန်တော့်လွတ်လပ်မှုပေါ့"

ဒါက ကျွန်တော်တို့ ဒီဇင်ဘာ ၂၀ ကဗျာပတ်သူများရဲ့ ခံစားညာဏ်မီသမျှ အမြင်ကို ပြောတာပါ။ အခု အဖွဲ့အနွဲ့ကောင်းတယ်လို့ ဆိုချင်တဲ့ ကဗျာတချို့။

"အို...တံတား

သင်တို့ရဲ့အပြန်
ရင်ထဲခေါက်သိမ်းယူသွား” တဲ့။
“လူသားနှစ်ဦးရဲ့ စီးဆင်းမှု
တစ်ယောက်လက်ချောင်းကလေးတွေမှာတစ်ယောက်
ညွတ်နူးရွှာ အကျဉ်းခံ” တဲ့။
“လမ်းက ထိချင်းကို ဖြတ်ကူးတဲ့အခါ
ထီးတစ်လက်မှာ သက်တံမရှိ” တဲ့။
“ခရီးထွက်ခွာမယ့် မနက်ခင်းဟာ
သံပတ်ပေးထားတဲ့ ဦးခေါင်းတစ်လုံးထဲက ထွက်လာ” တဲ့။
အဲသလို တွေ့ရပြီးတော့ အဖွဲ့အနွဲ့လွန်တယ်လို့ဆိုရမယ့် ကဗျာတချို့ကိုလည်း–
“သွားတိုက်ဆေးမရှိတဲ့ ဖြေကျိုးအိပ်မက်ကို မီးလင်းဖိုထဲထည့်လိုက်ပြီး
အဝေးပြေးလမ်းမပေါ်က ဖေါ့ပန်းတွေ ပွင့်ဖူးခြင်းကာလကို
ရိုးရိုက်စ်မော်တော်ကားတစ်စီးရဲ့ တန်ဖိုး
ဒန်အိုးအန်ချက်ချောင်းသွေးရဲ့ ထန်းတောကလေးထဲမှာ
ကျောက်ခေတ်အသားကင်များ ပေါ်းပင်များ
၃၅ မီလီမီတာဖလင်များ ရိုးရာကောက်ညှင်းပေါင်းပြဇာတ်များ
ဘဂ်ါလီဒါရိုက်တာ (ရေး)ရဲ့ ဟာစောင်းမှုတ်ပတွေသံ
တုံ့ပြန်မေးခွန်းရဲ့ လက်သည်းခွံတွေပေါ်မှာ” ဆိုတာမျိုး။
“မနေ့ကနေ့ရွံတစ်ခုကို ဆုတ်ဖြဲဖို့ဖမ့်နေတဲ့
အဝါရောင်လိမ္မော်သီးများနဲ့ ဆေးသုတေသနစာတမ်းကို
သမုဒ္ဒရာဝမ်းတစ်ထွာဆိုတဲ့ အမည်နဲ့လဲခဲ့တယ်” ဆိုတာမျိုး။
အဲဒီလို တွေ့ရပါတယ်။

ဒီနေ့ခေတ်ပေါ်ကဗျာမှာ အဖွဲ့အနွဲ့နည်းလို့ အဓိပ္ပာယ်ရိုးစင်းလွန်းနေတဲ့ ကဗျာတွေရှိသလို၊ အဖွဲ့အနွဲ့လွန်သွားလို့ အဓိပ္ပာယ်ရက်လွန်းတဲ့ ကဗျာတွေလည်း ရှိနေတဲ့သဘောပါ။ ဒီလသောင်းပြောင်းတွေကြားထဲက ခင်ဇော်မြင့်ရဲ့ “အမည်မသိ” ကဗျာကတော့ အဓိပ္ပာယ်မစင်းလှ၊ မရက်လှပါ။ ဖတ်သူဘက်က အဓိပ္ပာယ်ရှိနဲ့အားစိုက် ဖတ်ရင် စိတ်ဝမ်မှုနဲ့ နားလည်နိုင်မယ့် ကဗျာတစ်ပုဒ်ပါ။ အဖွဲ့အနွဲ့ပါတဲ့ ကဗျာလို့ ဆိုပါရစေ။ ကဗျာက အခုလိုဖြစ်ပါတယ်။

ဆုံးပါးခြင်းက
အရေးပေါ်ရှေ့ကို ကားတစ်စီးနဲ့လာတယ်
ယင်တစ်ရိုးရိုးနဲ့
တောင့်တင်းနေတဲ့လူနဲ့။

တနင်္ဂနွေ နေရောင်ခြည်က
တိုက်ဝင်ခဲ့သော မေးခေါက်ရာ အဝတ်အနက်ကို ရှာဖမ်းဆဲ
ပျော်ပျော်နေပြီး စင်းစင်းသေကြရတာ
ကျကျန်ခဲ့တဲ့ လက်ကိုင်ပဝါတစ်ထည်လိုလား။
ဖြစ်ပျက်စမြဲများရှို့
သံဃာဂေဟာဒိပင်ရဲ့ အလယ်လောက်ထိပဲရောက်တယ်
ပြောင့်ချက်တွေ လင်းလက်လို ပျံ့သန်းကြတယ်
အဲဒီစကား ခင်ဗျားလည်း သဘောပေါက်လိမ့်လို့ထင်တယ်။ ။

ဒီလ (အောက်တိုဘာ ၁၉၉၉) မဂ္ဂဇင်းကဗျာတွေအကြောင်းမှာ ကျွန်တော်တို့ ဆောက်ဆုံးပြောဖြစ်ကြတာကတော့ ကဗျာဆရာတွေရဲ့ စကားလုံးပန်းတီးမှုပါ။ လိုအပ်ရင် ကဗျာဆရာဟာ ဘာသာစကားအသစ်ကိုလည်း တီထွင်ရတယ်လို့ ပညာရှင်အများ ဆိုပါတယ်။ များများတော့မဟုတ်ပါ၊ ကျွန်တော်တို့ ဉာဏ်နဲ့မှီသမျှ မြင်သမျှထဲက အနည်းအကျဉ်းထုတ်ပြပါရစေ။

လုံမရေ
တောင်းဆိုစွင့် မပေးရင်ဖြင့်
ညညီလေးရဲ့ အနုပညာ မီးခြစ်ဆိုဆိုလေးနဲ့
ငါ့ဆေးပေါ့လိပ်တိုတိုလေးကို
ငါ့တဝဆေးပေါ့လိပ်တိုတိုလေးကို
မီးတွေ့စိုအောင်ညှိရှင်းမီးပါဘီတော့တယ်"

အဲဒါ ချယ်ရီ ခေါင်ခါးခါး(ကလေး)ရဲ့ "ဆေးပေါ့လိပ်" ကဗျာထဲကပါ။ "မီးတွေ့စိုအောင်ညှိ" ဆိုတာကလေးကို ကျွန်တော်တို့ အသိအမှတ်ပြုရပါတယ်။ (စို)ဆိုတဲ့ ကြိယာရဲ့ သဒ္ဒါအလုပ်ဟာ ဒီကဗျာမှာ အသစ်ဖြစ်နေပါတယ်။ မိုးစို၊ နှင်းစိုတာ မဟုတ်ပါဘူး၊ မီးတွေ့စိုနေတာပါ၊

အလားတူ သရုပ်ထဲက မင်းထက်မောင်ရဲ့ "ညနဲ့ ကဗျာဆရာ" ကဗျာ။ စာကြောင်းရေ (၂၄)ရှိပါတယ်၊ ကဗျာရေးသူက "ည" ဆိုတဲ့ စကားလုံးတွေကို သုံးထားပါတယ်။ ပါဒလိုက် ထုတ်ပြပါရစေ။ (ပါဒရှေ့က ဂဏန်းက ကြောင်းရေ နံပါတ်ကို ဆိုလိုတာဖြစ်ပါတယ်)

၄ ညဟာ ညကို ညကို့
၆ သူ့တစ်ကိုယ်လုံးမှာရှိနေတဲ့ ညတွေကို မောက်ထုတ်ပစ်ပြီး
၈ တကယ်တော့ ညဟာ
၁၂ ညအကြောင်းကို တခမ်းတနားဖွဲ့နွဲ့ချင်နေတဲ့ ကဗျာဆရာ
၁၅ ညမပါတဲ့ညထဲ

၁၉ ညကို တမ်းတမဆုံးနိုင်ဘူး

၂၃ ညနဲ့ ကဗျာဆရာဟာ အရင်ဘဝတုန်းကတော့

**အဲဒီ "ည" စကားလုံးတွေထဲမှာ အသစ်ဆုံး (ဘာသာစကား အသစ်)ကတော့** ကြောင်းရေနံပါတ် ၄ "ညဟာညကိုညလို့"ဆိုတဲ့ ပါဒထဲက "ညလို့" ဆိုတဲ့စကားလုံး ဖြစ်ပါတယ်။ ဒီစကားလုံး (ညလို့)မှာ "ည"ရဲ့ သဒ္ဒါတာဝန်က နာမ်အလုပ် မဟုတ်တော့ပါဘူး။ ကြိယာဖြစ်သွားပါတယ်။ ပိုပြီးရှင်းအောင်ပြောရရင်

| | | |
|---|---|---|
| **ညဟာ** | **ညကို** | **ညလို့** |
| ကတ္တားပုဒ်ကံပုဒ် | | ကြိယာပုဒ် |
| (နာမ်) | (နာမ်) | (ကြိ) |

အများအားဖြင့် နာမ်နဲ့နာမဝိသေသန သဒ္ဒါတာဝန်ထမ်းတဲ့ "ည" စကားလုံးကို အဲဒီလို "ညလို့"ဆိုပြီး ကြိယာသုံးဖြစ်အောင် တီထွင်ဖန်တီးလိုက်တဲ့ ကဗျာဆရာရဲ့ ဘာသာစကား ဆန်းသစ်မှုကိုတော့ ကျွန်တော်တို့ ဒီဇင်ဘာ ၂၀ ကဗျာဖတ်သူများ အသိအမှတ်မပြုဘဲ မနေနိုင်ကြောင်းပါခင်ဗျား။

*

# 11

ရထားတစ်စင်းနဲ့လို့ပဲ ဆိုပါစို့။

ဟောဒီမှာ မြစ်ကနယ်ခြားမျဉ်း။ ဒီဘက်ကမ်းပါးမှာက ၁၉၉၉ ခုနှစ်ဆိုတဲ့ ဘူတာတစ်ခု။ ဟောဟိုဘက်ကမ်းပါးမှာတော့ ၂၀၀၀ ပြည့်နှစ်ဆိုတဲ့ ဘူတာတစ်ခု။ ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်း ထိုးဆက်ထားတဲ့ ကာလပေါ်တံတားကြီးတစ်စင်း ဆိုပါတော့။ ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာ (၃၁)ရက် သန်းခေါင်ယံကို ကျော်လွန်တာနဲ့ ရထားဟာ ၂၀၀၀ ပြည့်နှစ်ရဲ့ ဇန်နဝါရီ(၁)ရက်နေ့ ဇလီဖားတုံးတွေပေါ် ရောက်သွားနှင့်ပြီ။

ဒီဇင်ဘာ၊ ဇန်နဝါရီဆိုတော့ အခါတိုင်းလိုဆိုရင် နှင်းတွေကျနေမှာပဲလေ။ ယခုတော့ ဒီလိုကံသောက်မပြောလို့ ရချင်မှရတော့မယ်ထင်ပါရဲ့။ ဘာဖြစ်လို့လဲဆိုတော့ အခု ကျွန်တော်တို့ ဒီဇင်ဘာ ၂၀ ကဗျာဖတ်သူများ၊ ကျွန်တော်တို့ ဆုံစည်းနေကျ ထနေဂါဇေ့ကဗျာကလေးဆေးဆေးပိုးယား အလုပ်စခန်းကလေးမှာ ၁၉၉၉ ခုနှစ်၊ နိုဝင်ဘာလထုတ် မဂ္ဂဇင်းအသီးသီးထဲက ကဗျာတွေအကြောင်း ပြောနေကြတဲ့ အချိန်မှာ နိုဝင်ဘာနှင်းဆိုတာကို မမြင်ရသေးပါဘူး။ ကျွန်တော်တို့ရဲ့ ခေတ်ပေါ်ကဗျာအကြောင်း ပြောဆိုဆွေးနွေးသံတွေဟာ မိုးသံလေသံနဲ့ ရောစွက်နေပါတော့တယ်။ နိုဝင်ဘာလကြီး ထဲမှာ မိုးကရွာနေဆဲ။ မိုးကုပ်စက်ဝိုင်းမှာတော့ မုန်တိုင်းမိုးတိမ်တွေက ဆင်နေဆဲပဲလေ။ ခါတိုင်းလိုဆိုရင် လယ်ကွင်းတွေမှာလည်း နှင်းတွေနဲ့ရွှဲရွှဲ အေးနေပါလိမ့်မယ်။ ခုတော့ မိုးရေထဲမှာ နံနက်ခင်းဟာ နှင်းမိုးတွေ ရွာတယ်ဆိုရင် ညနေခင်းမှာ မိုးနှင်းတွေ ရွာနေတော့တာပဲ။ ဆိုလိုတာက ကျွန်တော်တို့ရဲ့ ကဗျာအကြောင်း စကားသံတွေအပေါ်မှာ စိုစွတ်နေတာက နှင်းတွေလား၊ မိုးရေတွေလား၊ မကွဲပြားတော့ တာပါ။ အဲဒီမှာ ကျွန်တော်တို့ ဒီဇင်ဘာ ၂၀ ကဗျာဖတ်သူများ ခေတ်ပေါ်ကဗျာနဲ့ ပတ်သက်လို့ စဉ်းစားမိကြတဲ့ အချက်တစ်ချက်က ခံစားမှုကိုစွဲမြဲစေလာပါတယ်။ ကဗျာတစ်ပုဒ်ကို ခံစားတာကို ဆိုလိုပါတယ်။

အခု ကျွန်တော်တို့ ကဗျာက ဖေးဖော ရိုးယားကလေးမှာက နှင်းငွေ့တစ်ထောင့် မိုးတစ်ဖောင့်အချိန်။ ကျွန်တော်တို့အပေါ် ကျဆနေတာတွေက နှင်းမြူတွေလား၊ မိုးတွေလား။ တစ်ခါတစ်ရံမှာ သဘာဝတရားရဲ့ ရာသီလက်ဆံတွေက မှန်းဆရခက်စေ ဝေဝေတော့ နှင်းလား၊ မိုးလားဆိုတာ ခွဲခြားရခက်အောင်ကို ရှုပ်ထွေးနေတတ်လှ၊ ထွေပြားနေတတ်လှပါရဲ့။ ဒီလိုပါပဲကဗျာတစ်ပုဒ်ကို ဖတ်ရှုခံစားတဲ့ နေရာမှာလည်း ရှုပ်ထွေး၊ ထွေပြား၊ ခွဲခြားရခက်တာမျိုး ကျွန်တော်တို့လိုပဲ အခြားကဗျာဖတ်သူများလည်း ကြုံဖူးကြမှာပါ။ ဒီတော့ ကဗျာတစ်ပုဒ်ကို ဖတ်ရှုကြတဲ့နေရာမှာ ကဗျာရေးသူနဲ့ ကဗျာဖတ်သူ၊ ဒီလူနှစ်ဦးနှစ်ဖက်ရဲ့ စိတ်ကူးလားရာဟာ ဘယ်လိုရှိမလဲဆိုတာကို ကျွန်တော်တို့ စူးစမ်းမိကြတော့တယ်။

လမ်းကြောင်းက သုံးခုရှိနိုင်တယ်လို့ ကျွန်တော်တို့ ဆွေးနွေးမိကြပါတယ်။ ပထမလမ်းကြောင်းက ရေးသူနဲ့ ဖတ်သူခံစားမှုထပ်တူ။ ဒုတိယလမ်းကြောင်းက ရေးသူနဲ့ဖတ်သူ ခံစားမှုမနီးရိုးစွဲ။ နောက်ဆုံး တတိယလမ်းကြောင်းကျတော့ ရေးသူနဲ့ ဖတ်သူ ခံစားမှုပြဒါးတစ်လမ်း၊ သံတစ်လမ်း။ အဲဒီလိုမျိုး ခံစားမှုဆိုတာက လားရာ သုံးသွယ် ဖြာထွက်သွားနိုင်ပါလိမ့်မယ်။

ကဗျာရေးသူရဲ့ ခံစားမှုပေးလိုရင်းနဲ့ ကဗျာဖတ်သူက ခံစားလိုက်ရတာက ထပ်တူ–မနီးရိုးစွဲ–တလွဲ၊ အဲဒီအထဲက တစ်မျိုးမျိုးဖြစ်နေနိုင်တယ်၊ ဖြစ်သွားနိုင်တယ်။ ဒါဟာ ဖြစ်တတ်တယ်မဟုတ်လား။

ဒီနေရာမှာ ပြဿနာက ကဗျာရေးသူဘက်မှာ မရှိပါဘူး။ ပြဿနာရှိလာတာက ကဗျာဖတ်သူဘက်မှာပါ။ ကဗျာဖတ်သူဘက်က ကဗျာတစ်ပုဒ်ကိုခံစားနိုင်ဖို့ အနုပညာ ကိုယ်ခံအား အနည်းအများ၊ ထိုးထွင်းသိမြင်ဉာဏ် အတိမ်အနက်၊ ဝေဒနာအထွေအပါး စသည်ဖြင့်ကလည်း ဒီနေရာမှာ အများကြီးစကားပြောလာပါတယ်။ ဒါကြောင့်လည်း ကဗျာဖတ်သူ (ခံစားသူ)ဆိုတာ ကဗျာရေးသူ (ကဗျာဆရာ) တစ်ပိုင်းဖြစ်သင့်တယ်လို့ ပညာရှင်များက ဆိုကြတာဖြစ်မှာပဲ။

ကဗျာဆိုတာ အနုပညာထဲကရဲ့ အနုပညာဖြစ်ပါတယ်။ အနုပညာတစ်ရပ်ကို ခံစားနိုင်ဖို့ဆိုတာက အနုပညာရဲ့ သဘောသဘာဝတွေကို အနည်းဆုံးတော့ ခြေမိခံမိ၊ တီးမိခေါက်မိဖို့ လိုတာပဲမဟုတ်လား။ အဲဒီအခြေခံ သိမှုတွေနဲ့ကျွန်တော်တို့ ဒီဇင်ဘာ ၂၀ ကဗျာဖတ်သူများက ကဗျာအလုပ်ရုံကလေးမှာ ကိုယ်စွမ်းနိုင်သမျှ ဉာဏ်အမြင် ကလေးနဲ့ ကဗျာအကြောင်းတွေကို ပြောဆိုဆွေးနွေးငြင်းခုံနေကြတာဖြစ်ပါတယ်။ အကယ်၍ ကျွန်တော်တို့ ခံစားတင်ပြနိုင်မှုဟာ ကဗျာရေးသူရဲ့ ခံစားမှုပေးလိုရင်းနဲ့ လွဲချော်သွားတာမျိုးရှိခဲ့ရင်လည်း အနူးအညွတ်တောင်းပန်အပ်ပါတယ်။ ကဗျာဆရာများ ရော၊ ပညာရှင်များပါ ခွင့်လွှတ်ပေးကြပါ။

ဒီကဗျာဟာ ခေတ်ပေါ်ကဗျာတွေကို တပ်မက်တဲ့စိတ်နဲ့ ကဗျာဖတ်သူ

လူငယ်တစ်စုက သူတို့စွမ်းနိုင်သမျှ တစ်နိုင်တစ်ပိုင်ကလေးရိုးသားစွာ ကြိုးပမ်းကြည့်ကြတာလောက်ပါပဲ။

အခု (၁၉၉၉) နိုဝင်ဘာလထုတ် မဂ္ဂဇင်းများထဲက ကဗျာတွေအကြောင်း မပြောခင် ဦးစွာအရင် ယခင်လ (အောက်တိုဘာ)ကဗျာတွေထဲက ကျွန်တော်တို့ ခံစားနိုင်သမျှထဲက အကြိုက်ဆုံး ဖြစ်ခဲ့တဲ့ကဗျာကို ဖော်ပြပါရစေ။ အဲဒီကဗျာကတော့—

**ဥဒါန်း**

ဒုက္ခတွေက ကိုယ့်အပေါ်
မိုးသီးကျသလိုကျတယ်။
ရေထု
လေထု
မြေထုအပေါ်တော့
မြူတစ်မှုန်တောင် မကျအောင်
အရာရာကိုယ်ရိုချစ်ခဲ့ရဲ့။
တစ်ဘဝလုံးရုန်းပြီးမှ
တစ်လက်မပဲ ရွေ့လည်း ဘာအရေးလဲ
မိုးထဲရေထဲ ကိုယ့်သွေးသားတွေက ဆူပွက်မြဲ
အဆုံးက ချစ်သူရေ
မင်းရယ်သံက ကိုယ့်ရင်မှာ နေခြည်ဖြာတောက်ပမြဲ။ ။

**လေးခေါင်**
**[ရနံ့သစ်]**

အခု နိုဝင်ဘာ(၁၉၉၉) ကဗျာတွေအကြောင်းမှာတော့ ကျွန်တော်တို့ အရင်ဆုံး ပြောဖြစ်ကြတာက (ကျွန်တော်တို့ ဒီလ နိဒါန်းမှာ စကားပလ္လင်ခံခဲ့တဲ့အတိုင်း) ခံစားမှုနဲ့ ပတ်သက်လို့ပါ။

ဒီလ (နိုဝင်ဘာ)ကဗျာတွေထဲက ကဗျာနှစ်ပုဒ်နဲ့ သာဓကပြုလိုပါတယ်။ တစ်ပုဒ်က—

**အေးမင်းဇော**
**နှင်းခါး**

ကိုယ့်ကိုယ်ကို ထားစရာနေရာမရှိတာနဲ့
ကောင်းကင်ပေါ် ငါ့အသိတွေ ပစ်တင်ကြည့်လိုက်တာ
မိုးတိမ်တွေဟာ မင်းဖြစ်သွားတယ်
ရွှေရေးသံလိုလေ

တသွဲ့သွဲ့ မင်းရယ်သံများအဆုံး
သံစဉ်တွေကို ငါတမက်တမော နမ်းဆိုတော့
နှင်းဆီရနံ့တွေစီးမျောလို့
ငါတို့ ပိုဝေးကွာသွားကြသလိုပဲ
တိတ်ဆိတ်ခြင်းက တို့နှစ်ယောက်ကြားမှာ
အသွားထက်ရှတဲ့ ဓားတစ်လက်လို တဖျတ်ဖျတ်လက်လို့
မင်းဟာ အလီမှာအကာအမျှားမျှားနဲ့ ရွှေလမျက်နှာဖြစ်တယ်
ငါက တိတ်တဆိတ် ရှုနဲ့ပစ်ခံရတဲ့ ယာမြေတစ်ခုဖြစ်တယ်
တစ်မျှော်တခေါ် ကန့်လန့်ဖြတ်
ငါ့လည်မျိုပေါ်က ဆွေ့မြည်ညည်းသံများ
ဒါတွေကို မေ့ပစ်ရမယ်
ကိုယ့်ကိုယ်ကို နောက်တစ်ခါ ကူးဖော်မတွေ့မီအထိ
အဆိပ်နှင်းများနဲ့ ပိုရွတ်နေတဲ့ ဘဝတကျလေးအကြောင်းကို။ ။

**[မြသနတ်မောင်]**

နောက်ကဗျာတစ်ပုဒ်က–

**အေးသောကျော်**

**မိုးမိုးအေးတွေ ရွာနေတုန်းက**

တိတ်တိတ်ကလေး တဖြည်းဖြည်းကြွေကျ
ညနေခင်း ညိုညိုဆီမှာ
မိုးမိုးအေးတွေ ရွာနေတုန်းက
သေသေချာချာ တစ်ခါ ကျိုးရမယ့်မြစ်ကိုယ်စီနဲ့။
ကိုယ့်ရင်ကိုယ် ဖွင့်မရတဲ့ဆီမှာ
မိုးမိုးအေးတွေ ရွာနေတုန်း...
နေချို့ပွင့် လချို့ပွင့်
ချို့ပွင့်သော တောင်ကုန်းများဆီမှာ
မိုးမိုးအေးတွေ ရွာနေတုန်းက
"အဲဒီ မဲတုံးတုံးအကောင်ကိုသာ သတ်လိုက်ပါတော့"
စိတ်ကျရောဂါဝိုးဝိုးတွေဆီမှာ
မိုးမိုးအေးရဲ့ လှေကားရင်း မိုးမိုးအေးဝင်ခို
မိုးမိုးအေးကို ပျောက်ဆုံးတဲ့ဆီမှာ
မိုးမိုးအေးတွေ ရွာနေတုန်းက

တိတ်တိတ်ကလေး တမြည့်မြည့်ကြွေ
ညနေစဉ်း ညိုညိုတွေသာ လျှံကျခဲ့ပါတယ်။ ။

**[စော့ဖိုင်းသစ်]**

အေးမင်းဆောကဗျာထဲမှာ နှင်းတွေကျနေပြီး အေးသောင်းကျော်ကဗျာထဲမှာတော့ မိုးမိုးအေးတွေ ရွာနေပါတယ်။ အေးမင်းဆော ကဗျာထဲမှာ "ငါ"က "မင်း"ကို ရင်ဖွင့်နေတာလို့ ထင်ရပါတယ်။ အေးသောင်းကျော်ကဗျာမှာတော့ အဲဒီလို ဖော်ပြထားတာမယ့် ရင်ဖွင့်နေတဲ့ သဘောပဲလို့ ယူဆချင်မိပါတယ်။ အေးသောင်းကျော် ကဗျာထဲမှာ ရင်ဖွင့်မရ ဖြစ်နေတဲ့ ရင်ဖွင့်ချင်သူဟာ (သူ့ကဗျာထဲရေးထားသလို) "မဲတုံးတုံးအကောင်"ပဲ ဖြစ်လေမလား။ အဲဒီမဲတုံးတုံးအကောင် ရင်ဖွင့်ပြောပြ(ချင်)နေတာ (ညနေခင်းညိုညိုမှာ) ရွာနေတဲ့ မိုးကိုလား။ ဒါမှမဟုတ် "မိုးမိုးအေး"ကိုလား။ "မိုးမိုးအေး"ဆိုတာ ကဗျာဆရာရဲ့ ကောင်မလေးယဉ်ပဲလား။ ဒါမှမဟုတ် မဲတုံးတုံးအကောင်က ချစ်နေတဲ့ ချစ်သူကောင်မလေးရဲ့ နာမည်ပဲလား။ ကျွန်တော်တို့ စဉ်းစားမိကြတဲ့ ပြောပါတယ်။ အဲဒီလို စဉ်းစားရင်းနဲ့ ခံစားမှုကို သဲလွန်စ ရှာရပါတယ်။

အေးမင်းဆောထဲ "ကိုယ့်ကိုယ်ကို သားရောနေရာမရှိတာနဲ့" "ကိုယ့်ကိုယ်ကို နောက်တစ်ခါ တူးမော်မတွေ့မီအထိ"လို့ ရေးပြထားသလို၊ အေးသောင်းကျော်မှာလည်း "ကိုယ့်ရင်ကိုယ်ဖွင့်မရတဲ့ဆီမှာ" လို့တွေ့ရ။ အဲဒီတော့ ကဗျာနှစ်ပုဒ်စလုံး တိုင်တည် သံယောဇဉ်ထား ရင်ဖွင့်ပြောကြားနေပုံက "ကိုယ့်" အကြောင်းလား "ကိုယ့်"အကြောင်း မဟုတ် တခြားအကြောင်းလား၊ ခံစားမှုကို ကျွန်တော်တို့ ပထိပြတ် မပြောချင်ကြပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ "နှင်းခါး"လို့ ခေါင်းစဉ်တပ်ထားတဲ့ ကဗျာက နှင်းအကြောင်း သက်သက်မဟုတ်ဘဲ(သူ့ကဗျာသားအတိုင်း) "အဲဒီနှင်းများနဲ့ စိုစွတ် နေတဲ့ ဘူတာရုံလေးအကြောင်း"လား။ ဒီလိုပဲအေးသောင်းကျော်ရဲ့ ကဗျာကိုလည်း စိတ်ကူးရောင် ခံစားနေရတဲ့ မဲတုံးတုံးအကောင်အကြောင်းလား၊ မိုးမိုးအေးပျောက်ဆုံးခြင်း အကြောင်း လားဆိုတာ ကျွန်တော်တို့ မရေမရာခံစားမိကြပါရဲ့။ ကဗျာဆရာဘက် မှာတော့ သေချာတဲ့အတွေးဆိုတာရှိနေမှာပါ၊ အဲဒီအတွေးကို ကျွန်တော်တို့ ကဗျာဖတ် သူတွေ ဘက်မှာ ပြန်တွေးတဲ့အခါ အတွေးက မရေမရာနဲ့ပဲ ရှိနေပါတော့တယ်။ အကယ်လို့ ဒီနေရာမှာ ဖတ်သူတာက်က တစ်စုံတစ်ရာ ရေရာသေချာတော့မယ်ဆိုရင်လည်း ကျွန်တော်တို့ရဲ့ ရေရာမှုဟာ ကျွန်တော်တို့ ထိုးထွင်းသိမြင် ခံစားနိုင်စွမ်းသမျှရဲ့ အတိုင်းအတာအရပဲ ဖြစ်ပါလိမ့်မယ်။

ကဗျာဆရာနှစ်ယောက် (အေးမင်းဆော၊ အေးသောင်းကျော်)ရဲ့ ခံစားမှုပေးလိုရင်းကို ကျွန်တော်တို့ တပ်အပ်မပြောနိုင်ပေမဲ့လို့ ကျွန်တော်တို့အနေနဲ့ နှင်းခါးတောထဲက ဘူတာရုံကလေးကို ခံစားမိကြပါတယ်။ မိုးရေထဲမှာ စိတ်လက်ပြိုကွဲနေတဲ့ မဲတုံးတုံးအ ကောင်ကို ခံစားကြရပါတယ်။

နောက်တစ်ခါ ဒီနိုဝင်ဘာ မဂ္ဂဇင်းကဗျာတွေထဲမှာ ကျွန်တော်တို့ ပြောဖြစ်ကြတဲ့ ကဗျာသုံးပုဒ်။

အောင်ခိုင်မြတ် – မျက်ရည် (တေးသစ်)

မျိုးမင်းညိမ်း – ကြိုးတံတား (စတိုင်သစ်)

မောင်နှမ်းဆော (ဝန်းဆော်) – အမြဲစိမ်း (ချယ်ရီ)

ဒီကဗျာဆရာသုံးယောက်ရဲ့ ကဗျာတွေအပေါ်မှာ ကျွန်တော်တို့ သတိပြုမိတဲ့ အချက်တစ်ချက်က သူ့ယ်ဒိုက်ပွဲ့နဲ့မှုနဲ့ ဂယက်အနက်အကြောင်းပါ။ ခေတ်ပေါ်ကဗျာ ဟာ တိုက်ရိုက်အဖွဲ့မဟုတ်ဘူးလို့ ယေဘုယျ သဘောတရားတစ်ရပ် ရှိပါတယ်။ ကြည့်ပါ။

ဆိုကြပါစို့

ခေါ်ချူးပဲဖြစ်ဖြစ်

ကျွန်တော်ပဲဖြစ်ဖြစ်

အဲဒီခေတ်က မကုန်သေးဘူး

သံစောဂတော့ အဆုပ်လိုက်အခိုင်လိုက်။

ပေါင်မုန့်တစ်လုံးကို

အချစ်ရေလို့လည်း မခေါ်နိုင်ကြဘူး။

လိုအပ်ချက်ကို ဖြေပြင်ဖို့ရာ

မတည်မြဲသောစိတ်နဲ့ မတည်မြဲသော ညီညွတ်မှုများ

ကြက်ကလေး ငှက်ကလေးဖမ်းသလို

ဖမ်းမယ်ဆိုရင်တော့

မေတ္တာတရားကို

မိမယ် မထင်ဘူး… ။ ။

အဲဒါ အောင်ခိုင်မြတ်ရဲ့ "မျက်ရည်" ပါ။ ကဗျာရေးသူက အချစ်နဲ့ပေါင်မုန့် **Love and Bread** သဘောတရားကို ပြောကြားတာလား။ နှလုံးသားနဲ့ အစာအိမ်ရဲ့ ပဋိပက္ခလား။ ဆန့်ကျင်ဘက်တို့ ပေါင်းစည်းမှုလား (ဆန့်ကျင်ဘက်တို့ ပေါင်းစည်းနိုင်ကြသလား) ချစ်ခြင်းမေတ္တာကို ချစ်ခြင်းမေတ္တာနဲ့မှပဲရမယ်၊ ပေါင်မုန့် (ငွေကြေးစည်းစိမ် စသည်တို့)နဲ့ မရနိုင်ဘူးလို့ ဆိုလိုတာလား။

အောင်ခိုင်မြတ် အဲဒီလို တိုက်ရိုက်ဖွဲ့နဲ့မထားပါ။ ကြည့်ပါ။

ငြင်းပယ်လို့မရတဲ့ ဖြစ်တည်မှု

ဖြတ်သန်းသွားလာနေသူ တချို့ကြောင့်

လေထိထိ တဆတ်ဆတ်တုန်ခါနေရတာ

သူ့ခန္ဓာ။

သူ တစ်ခါက ပြောဖူးတယ်
(ရယ်သလိုလို မောသလိုလိုနဲ့ပေါ့)
ဘဝဆိုတာ နိမ့်လိုက်မြင့်လိုက်နဲ့
အချိန်တန်တော့လည်း ပြီးဆုံးသွားတာပါပဲတဲ့။
ဒါပေမဲ့
နုနယ်သူများ စီးဆင်းနေမှုမှာ
ထိတ်လန့်ရင်ဖိုစရာ။
လိမ္မာပါးနပ်ရင့်ကျက်သူတစ်ချို့ပဲ
ယိမ်းခါမှုမှာအလိုက်သင့်
ကိုယ်ဖော့
အရသာကို ရသလောက် ပိုင်ပိုင်နိုင်နိုင်စား
နာရီတစ်လုံးကတော့ မှားနေခဲ့ပြီ။ ။

ဒါကတော့ မျိုးမင်းညိုနီရဲ့ "ကြိုးတံတား"ပဲပေါ့။ လူက ကြိုးတံတားအကြောင်း ပြောတာမဟုတ်။ ကြိုးတံတားက လူ(တွေ)အကြောင်း ပြောနေတာဖြစ်၊ တစ်ပြိုင်နက်တည်း ကြိုးတံတားက သူ့အကြောင်း၊ သူမြင်နိုင်ပြောနေတာလည်း ဖြစ်နိုင်၊ ပြီးတော့ တစ်ခါ "ကြိုးတံတား"ဆိုတာ ကြိုးတံတားသက်သက်မဟုတ်။ လူ့အမျိုးမျိုး ဘဝ အဝေ့ဝေ့နဲ့ ဖြတ်သန်းမှုအစဉ်ကြီးလို့လည်း ယူဆနိုင်တာပဲ။ ဖြတ်သန်းမှုနှစ်မျိုး၊ တစ်မျိုးက နုနယ်၊ နောက်တစ်မျိုးက လိမ္မာပါးနပ်။ အတွေ့အကြုံနည်း၊ အတွေ့အကြုံ များ၊ ဘဝသို့မဟုတ် လောကခံသို့မဟုတ် ရာဇဝင်၊ ဒါမှမဟုတ် အတ္တဘောလည်းဖြစ်နိုင်၊ ယရာဇဝလည်းဖြစ်နိုင်။ ရာဇဝင်အတုလည်းဖြစ်နိုင်၊ ရာဇဝင်အစစ်လည်းဖြစ်နိုင်။ အဲဒီ ဖြစ်နိုင်ခြေတစ်ခုခုကို ဖြတ်သန်းနေကြသူနှစ်မျိုး။ တစ်မျိုးအတွက်တော့ ထိတ်လန့် ရင်ဖိုစရာ။ ကျန်တစ်မျိုးအတွက်က အရသာကို ရသလောက် ပိုင်ပိုင်နိုင်နိုင်စား။ သူ့အပေါ် ဖြတ်လျှောက်သွားကြတဲ့လူတွေ (ဘဝတွေ) အပေါ် ကြိုးတံတားက မှတ်ချက်ပေးလိုက်ပုံပါ။ ဒီကဗျာကလည်း တိုက်ရိုက်ဖွဲ့ထားတာမဟုတ်။ ကြည့်ပါ။

မုန်တိုင်းဆော့လို့ မရွေ့ခဲ့
နှင်းရိုင်းပုတ်လို့ မဆုတ်ခဲ့
အမြစ်ခြောက်လို့ မကြောက်ခဲ့
အခေါက်ကိုချိုး ကိုင်းကျိုးခဲ့လည်း
အမွှင့်ကိုခြွေ သီးကင်းကြွေလည်း
အသားကိုခွာ ဖူးခေါက်ကွာလည်း
တောမပြောင်းဘဲ
လက်ချောင်းလို အမြစ်တွေက

သူ တစ်ခါက ပြောဖူးတယ်
(ရယ်သလိုလို မောသလိုလိုနဲ့ပေါ့)
ဘဝဆိုတာ နှိမ့်လိုက်မြင့်လိုက်နဲ့
အချိန်တန်တော့လည်း ပြီးဆုံးသွားတာပါပဲတဲ့။
ဒါပေမဲ့
နုနယ်သူများ စီးဆင်းနေမှုမှာ
ထိတ်လန့်ရင်ဖိုစရာ။
လီမွာပါးနပ်ရင့်ကျက်သူတချို့ပဲ
ယမ်းဓါးမှုမှာအလိုက်သင့်
ကိုယ်ဖော့
အရေသာကို ရသလောက် ဗိုဗိုရိုရိုစားး
နာရီတစ်လုံးကတော့ မြားနေခဲ့ပြီ။ ။

ဒါကတော့ မျိုးမင်းညိန်းရဲ့ "ကြိုးတံတား"ပဲပေါ့။ သူက ကြိုးတံတားအကြောင်း ပြောတာမဟုတ်။ ကြိုးတံတားက လူ(တွေ)အကြောင်း ပြောနေတာဖြစ်။ တစ်ပြိုင်နက် တည်း ကြိုးတံတားက သူ့အကြောင်း၊ သူမြင်ပုံပြောနေတာလည်း ဖြစ်နိုင်။ ပြီးတော့ တစ်ခါ "ကြိုးတံတား"ဆိုတာ ကြိုးတံတားသက်သက်မဟုတ်။ လူ့အမျိုးမျိုး ဘဝ အတွေ့တွေ့နဲ့ ဖြတ်သန်းမှုအစဉ်ကြီးလို့လည်း ယူဆနိုင်တာပဲ။ ဖြတ်သန်းမှုနှစ်မျိုး၊ တစ်မျိုးက နုနယ်၊ နောက်တစ်မျိုးက လိမ္မာပါးနပ်။ အတွေ့အကြုံနည်း၊ အတွေ့အကြုံ များ၊ ဘဝသို့မဟုတ် လောကဓံသို့မဟုတ် ရာဇဝင်၊ ဒါမှမဟုတ် အတ္တဘောလည်းဖြစ်နိုင်၊ ပရဘလည်းဖြစ်နိုင်။ ရာဇဝင်အတုလည်းဖြစ်နိုင်၊ ရာဇဝင်အစစ်လည်းဖြစ်နိုင်။ အဲဒီ ဖြစ်နိုင်ခြေတစ်ခုခုကို ဖြတ်သန်းနေကြသူနှစ်မျိုး။ တစ်မျိုးအတွက်တော့ ထိတ်လန့် ရင်ဖိုစရာ။ ကျန်တစ်မျိုးအတွက်က အရသာကို ရသလောက် ဗိုဗိုရိုရိုစားး။ သူ့အပေါ် ဖြတ်လျှောက်သွားကြတဲ့လူတွေ (ဘဝတွေ) အပေါ် ကြိုးတံတားက မှတ်ချက်ပေးလိုက် ပုံပါ။ ဒီကဗျာကလည်း တိုက်ရိုက်ဖွဲ့ထားတာမဟုတ်။ ကြည့်ပါ။

မှန်တိုင်းတော့လို့ မရှေ့ခဲ့
နှင်းကျိုင်းပုတ်လို့ မဆုတ်ခဲ့
အမြစ်ခြောက်လို့ မကြောက်ခဲ့
အခက်ကိုချိုး ကိုင်းကျိုးခဲ့လည်း
အပွင့်တိုခြွေ သီးကင်းကြွေလည်း
အသားကိုခွာ ရှူးခေါက်ကွာလည်း
တောမပြောင်းတဲ့
လက်ရှောင်းလို အမြစ်တွေက

ငါထွက်လာခဲ့ပြီ
စု...
လူနဲ့ ဈေးများသောဘဝခြောက်ကြ
အပြေးအပြန် ငါ့ကိုကိုက်သမ်းလေးအတိုင်း ပြန်လာခဲ့ရာ
ပိုက်ထဲ
ငါ့စွာတရေးမှာ ငါ့အသက်ကို ယူသွားကြပေါ့။ ။

**မောင်ချောနွယ်**
**[မြို့နေတော်မောင်]**

## အစ်ကို

တစ်နေ့ကျတော့
စာသင်ခန်းထဲမှာ ဆရာမက
ကျောင်းသားတစ်ယောက်ကို ထနိုင်းပြီး
မေးခွန်းတစ်ခုမေးတယ်
မင်းကြီးလာရင် ဘာဖြစ်ချင်သလဲတဲ့။
ကျောင်းသားလေးက ထရပ်ပြီး
ဆရာမကို အကြာကြီးစိုက်ကြည့်နေတယ်။
ပြီးမှ လေသံတိုးတိုးလေးနဲ့ ဖြေပြလိုက်ရဲ့။
(နားထောင်စမ်းပါ)
ကျွန်တော်ဟာ ခြေတစ်ဖက်ဆာနေတဲ့
ကောင်ကလေးတစ်ယောက် ဖြစ်ချင်ပါတယ်တဲ့။
ဆရာမက တအံ့တသြနဲ့
ကျောင်းသားလေးကို ကြည့်ကာ
ဘာဖြစ်လို့လဲသားတဲ့၊ ထပ်ပြီး မေးလိုက်သေး။
ဒီတော့ ကျောင်းသားလေးက
အရောင်လွင့်နေတဲ့ မျက်လုံးအစုံကို ပုတ်ခတ်ပြီး
ဦးခေါင်းကိုငုံ့ကာ
ဆရာမ ကြားနိုင်ရုံ တိုးတိုးလေးပြောလိုက်တယ်။
ကျွန်တော့်ညီမလေးက ခြေတစ်ဖက်မသန်ဘူးဆရာမတဲ့။

**နေမျိုး**
**[သရက်]**

ဒီကဗျာနှစ်ပုဒ်လုံး (ကိုက်သမ်း၊ အစ်ကို)ကို တောသမားအနေနဲ့ ပုံပြောကဗျာ

**Story telling** ကဗျာလို့ဆိုကြပါစို့။ ဆရာမောင်ချောနွယ်ကလည်း ပုံတစ်ပုံပြောပြတယ်။ ဆရာဇေနမျိုးကလည်း ပုံတစ်ပုံ ပြောပြတယ်။ ဒီကဗျာနှစ်ပုဒ်ဟာ ဇာတ်ကြောင်းပြော ကဗျာ **Narration** တွေရယ်လို့လည်း ပြောရနိုင်မှာပဲ။

အဲဒီမှာ ဆရာမောင်ချောနွယ် ပုံပြောတာက ဇာတ်ကောင်နေရာကဝင်ပူးပြီး ဇာတ်ကောင်က သူ့ဇာတ်လမ်းကို ပြန်ပြောပြတဲ့သဘောပါ။ ဆရာဇေနမျိုးကကျတော့ စာတ်ဆရာ (ပုံပြောဆရာ) နေရာကနေ သူ့ဇာတ်ကောင်ရဲ့ ဇာတ်လမ်းကို ပြောပြခြင်းပါ။ ဒီကဗျာနှစ်ပုဒ်မှာ ဇာတ်လမ်းပြောပုံချင်းမတူသလို ကျွန်တော်တို့ ခံစားရပုံချင်းလည်း မတူပါ။

"လိုက်လမ်း" ကဗျာကို ကျွန်တော်တို့ဆင်ခြင်မှုမဲ့နဲ့ (ဆင်ခြင်မှုမပါဘဲနဲ့) ခံစားရတာဖြစ်ပြီး "အစ်ကို" ကဗျာမှာတော့ ဆင်ခြင်မှုနဲ့ (ဆင်ခြင်ပြီးမှ) ခံစားရတာလည်း ဖြစ်ပါတယ်။

ဆရာမောင်ချောနွယ်ကဗျာကို ဖတ်တဲ့အခါ ကျွန်တော်တို့ ကိုယ်တိုင် ယုန်ကလေးဖြစ်သွားပြီး ကျွန်တော်တို့ကိုယ်တိုင် ပိုက်ထဲအမိခံ၊ သေဆုံးခံ၊ ကျွန်တော်တို့ကိုယ်တိုင် သစ္စာတရားရဲ့ သေစားခံတွေ ဖြစ်သွားရသလိုပါ။ ဆရာဇေနမျိုးကဗျာမှာတော့ ကျွန်တော်တို့ ခံစားရတာက မောင်နှမနှစ်ယောက် (အစ်ကိုနဲ့နှမလေး)ရဲ့ ဖြစ်အင်ကို ဘေးကရပ်ကြည့်သူတစ်ဦးက ရင်နာရင်နင့်ဖြစ်မိတာမျိုးပါ။ အစ်ကိုက ညီမလေး (နှမလေး)အပေါ်ထားတဲ့ ညှာတာချစ်စိတ်ကို ကျွန်တော်တို့ ကိုယ်ချင်းစာမိ၊ ကရုဏာသက်မိကြတာပါ။

ဒီတစ်လ ရှောက်လုံးအနေနဲ့ ကျွန်တော်တို့ပြောဖြစ်ကြတာကတော့ ကဗျာမှာ အသံအကျွက်ဆင်တာနဲ့ ပတ်သက်လို့ပါ။ ကဗျာဟာ စကားပြေနဲ့မတူပါဘူး။ စကားပြေမှာ အသံအကျွက်ဆင်မှု ရှိကောင်းရှိမယ်။ မရှိဘဲနေချင်လည်းနေမယ်။ ဒါပေမဲ့ ကဗျာကတော့ ဒီလိုမဟုတ်ပါဘူး။ ကဗျာမှာ အသံအကျွက်ဆင်မှု ရှိကိုရှိရမယ်။ ကဗျာမှာအသံလို့ဆိုပါတယ်။ ကဗျာဟာ အသံရဲ့အလုပ်လည်း ဖြစ်ပါတယ်။ ကဗျာမှာ အသံကို စကားလုံးနဲ့ဖော်ပြရတာပါ။ ဒါကြောင့် ကဗျာရဲ့အသံ(စကားလုံး) အကျွက်ဆင်မှု သဘောကို သတိပြုမိစရာဖြစ်တဲ့ ကဗျာတစ်ပုဒ်။

**မင်းထေင်ကိုကိုကြီး**
**စိတ်… တစ်စ**
**(က)**

၁ ညတစ်ည
သန်းခေါင်အစ
လေအေးအေးမှုင်မှုင်ထင်နေတဲ့ ခပ်ကျွေးကျွေးလေ

မိုးကုပ်စက်ဝိုင်းအစ
ထန်းလန်းကြီးဖြစ်နေပုံ က
ခွဲကြီးချပြီး ကိုယ့်ကိုယ်ကို အဆုံးစီရင်ပစ်လိုက်သလိုပ
ကောင်းကင်တစ်ခုလုံးရဲ့အမျှ
ကြယ်တွေ မှိတ်တုတ်မှိတ်တုတ်ဖြစ်နေပုံက
ဥပဓမ္မကောက်နဲ့ အသက်ဝင်နေကြသလိုပ
နတ်လွှင်းကောင်တွေရဲ့ အသံကွဲရှရှ
တစ်ခဲနက် တိတ်ဆိတ်မှုအောက်မှာ မြုတ်တမ်းနေပုံက
အလိုမကျတစ်ကောခဲနေကြသလိုပ
လေညင်းလေးက အစ
သစ်ရွက်ဖျားတွေဆော်မှ
တုတ်တုတ်မျှ မလှုပ်ကြ
အမှေ့အိပ်မွေ့ချစ်ထားကြရသလိုပ။

(စ)

ငါက
ကံ ဥတု အာဟာရချည်းသက်သက်နဲ့
တောင့်တောင့်ကြီးရပ်နေရ။ ။

**[မစောလင်]**

မျဉ်းသားပြထားတာတွေနဲ့ ပါဒရှေ့ထကြောင်းရေပြ ဂဏန်းတွေက ကျွန်တော် တို့လေ့လာရေးမှာ ထင်သာမြင်သာအောင်လို့ပါ။ မူရင်းမှာ မပါပါဘူး။ မျဉ်းသားပြ ထားတဲ့ ပါဒအဆုံး စကားလုံး(အသံ)တွေဟာ "အ"သရသံတွေချည်း။ ဆိုပြီ "အ" သရသံဟာ သံပြတ်၊ သံကျဖြစ်ပါတယ်။ မပြောင်းလဲ့ပါ၊ မလှုပ်မပျောင်းပါ၊ မာမာ တောင့်တောင့်ဖြစ်နေပါတယ်။ ဒီအသံရဲ့ တန်ဖိုးကို အရအဓိပ္ပာယ်ပြီး ကဗျာဆရာက သူ့ကဗျာရဲ့ နောက်ဆုံးပါဒကို–

"တောင့်တောင့်ကြီး ရပ်နေရ"ဆိုပြီး ရေးလိုက်တဲ့အခါ ကဗျာရဲ့အသံအလှဟာ ပြီးပြည့်စုံသွားပါတော့တယ်။

ကြောင်းရေ ၅/၆–၈/၉–၁၀/၁၂ တွေမှာ "နေပုံက/သလိုပ" ဆိုတဲ့ရစ်သမ်ကို သုံးကြိမ်ဆက်ပြီးလာပြီးကာမှ ကဗျာဆရာကကြောင်းရေ ၁၅/၁၆ မှာ ဆက်ပြီး မပေးတော့ဘဲ–

"တုတ်တုတ်မျှ မလှုပ်ကြ
အမှေ့အိပ်မွေ့ချစ်ထားကြရသလိုပ"ဆိုပြီး ("နေပုံက"တစ်ခုမပါတော့ဘဲ) ဖျက်ပစ်လိုက်တာကိုတော့ ကျွန်တော်တို့ နားစောင့်နဲ့ မချင့်မရဲဖြစ်သွားမိကြပါတယ်။

အလယ်၌များ၊ ကဗျာဆရာက–

“တုတ်တုတ်မျှ မလှုပ်ဘဲ နေပုံက

အမွှေးအိပ်မွေ့ချခံထားကြရသလိုပ” ဆိုပြီး တောင့်တွေခမြောက်ရင်သပ်အထိရောက်အောင် ရေးခဲ့မယ်ဆိုရင်တော့ ဘယ်လိုနေမလဲဆိုတာကို အခြားကဗျာဆရာတို့များလည်း စဉ်းစားကြည့်ကြစေချင်ကြောင်းနဲ့....။

*

# 12

**ကိုက်လမ်း**

ငါဟာ
ကမ္ဘာကြီးကို နားစွင့်ထားသူ ယုန်ကလေးပါ
နေ့စဉ်နေ့စဉ်
ငါ့ဝပ်ကျင်းကလေးကနေ ငါအစာရှာထွက်တိုင်း
သစ်ပင်မြက်ပင်ငယ်လေးတွေကိုကိုက်ကိုက်ပြီး
ငါထွက်လာခဲ့ပြီ
မှ...
လူ့ရဲ့ခွေးများတောခြောက်ကြ
အပြေးအမြန် ငါကိုက်လမ်းလေးအတိုင်း ပြန်လာခဲ့ရာ
ပိုက်ထဲ
ငါ့သစ္စာတရားဟာ ငါ့အသက်ကို ယူသွားကြပေါ့။ ။

**မောင်ချောနွယ်**
**[မြားနတ်မောင်]**

အဲဒါကတော့ ပြီးခဲ့တဲ့ (၁၉၉၉) နိုဝင်ဘာလထုတ် မဂ္ဂဇင်းအသီးသီးက ကဗျာတွေထဲမှာ ကျွန်တော်တို့အကြိုက်ဆုံး ဖြစ်ခဲ့တဲ့ကဗျာကို ဦးစွာဖော်ပြရခြင်းပါ။

အခု ဒီဇင်ဘာလထုတ် မဂ္ဂဇင်းကဗျာတွေအကြောင်းမှာတော့ ကျွန်တော်တို့ အရင်ဆုံးပြောဖြစ်တဲ့အချက်က ဒီနေ့ခေတ်ပေါ် ကဗျာတွေမှာ တွေ့ရတဲ့ ဝတ္ထုတိုအလုပ် သဘောကိုပဲဖြစ်ပါတယ်။

လွန်ခဲ့တဲ့ ၁၉၈၀ ပြည့်လွန်နှစ်တွေတုန်းက ဆရာညွန့်ကြူးပြောခဲ့ဖူးတဲ့ စကားတစ်ခွန်းကို ကျွန်တော်တို့ ဒီဇင်ဘာ ၂၀ ကဗျာဖတ်သူများ ပြန်သတိရမိကြပါတယ်။ ဆရာညွန့်ကြူးက မိုးဝေမဂ္ဂဇင်းပါ ဖြိုးမြနဲ့ "ဆကျူးလက်နဂို" ဆိုတဲ့

ကဗျာရှည်ကို နမူနာပြပြီး ခေတ်ကဗျာရဲ့ လေးချိုးတစ်ပုဒ်မှာကိုက ဝတ္ထုတိုဆန်တဲ့ သဘောမျိုးရှိတယ်။ တစ်နည်း ကဗျာဆရာတွေက ဝတ္ထုတိုဆရာတွေ မလုပ်နိုင်တဲ့ တချို့အလုပ်ကို လုပ်နိုင်တယ်ဆိုတဲ့ သဘောမျိုး လေ့လာသုံးသပ်ချက် ဆောင်းပါးတစ်စောင် ရေးခဲ့မှုတောရှိပါတယ်။ ဒီသဘောကို ထင်သာမြင်သာစေတဲ့ အခု (၁၉၇၇) ဒီဇင်ဘာ မှခင်းကဗျာနှစ်ပုဒ်ကို ကျွန်တော်တို့ သတိပြုမိကြတယ်ပါ။ အဲဒီကဗျာနှစ်ပုဒ်ကတော့—

### တုန့်ယင်လှိုက်မော

ရွာထဲကို မိုးဦးကျ ဒုက္ခတွေ တဖွဲဖွဲဝင်ရောက်လာချိန်
နွားတင်းကုပ်လေးထဲမှာ မိုးစိုးတွေက တအုံ့အုံ့တက်
အမေ နွားခြင်မီးခိုးထည့်နေတာလေ
မနက်ဖြန်ဆို သားမြို့ကို သွားရတော့မယ်အမေ။
မြို့မှာဘာရှိသလဲ
သားမသိဘူး
မြို့ဟာပျော်စရာကောင်းသလား
မြို့မှာ ကျောင်းသွားနေရင် သားပညာတတ်မှာလေ
မေမေ့ကို မလွမ်းတတ်တော့ရင်ဘယ်လို လုပ်မလဲမေမေ။
ရွာကလည်း တစ်စစီကွဲလို့ အိုနေပါပြီတဲ့
အမေက သူ့တောတိုးအင်္ကျီနောက်ကျောကို လှန်ပြတယ်
သားမှုင်တွေ အမေရယ်
အမေဟာသင်လယ်လား
ရွာကလေးတစ်ရွာက ကိုင်းသမားတစ်ယောက်လား။
နွားတင်းကုပ်ဖက်က အသံတွေကြားတယ်အမေ
နွားတွေခြင်ကိုက်နေသလား
သားအိပ်လို့မရတော့ဘူး
ဘယ်နှနာရီထိုးပြီလဲ မနက်လေးနာရီလား
မြို့ကိုသွားမယ့် မော်တော်တွေလာပြီလား
အမေ
နောက်ဖေးခန်း မီးခွက်မှိန်မှိန်လေးထဲက ထွက်ထွက်လာနေတယ်
ဘာလဲ
မေမေ့ရှိုက်သံတွေလား။ ။

မိုးအေး
[ကလျာ]

## အတောင်ပါးပါးနှစ်ကောင်

ကျွန်တော်ဟာ
လမင်းနဲ့ကြယ်ပွင့်တွေကို
လွယ်အိတ်ထဲထည့်ပြီး အိမ်ပြန်လာတတ်တယ်
ညကို အပန်ဖြေကျကျဖျော်ဖို့လေ။
ဟောဒီ
တည်ပင်တွေ စိုက်ထားတဲ့ရပ်ကွက်ကလေးဟာ
ကျွန်တော့်ဖြတ်လမ်းပါပဲ။
အဲဒီမှာ
"တမာ"ဆိုတဲ့ ကောင်မလေးတစ်ယောက်ကြောင့်
လမ်းနည်းနည်းကျဉ်းသွားတယ်။
"တမာ"ဟာ
ရှက်ကြမ်းရေကျိုဖြစ်တယ်
"ပူပါဝီ"ဝင်စားသူဖြစ်တယ်
ဟိုးတေးလေးက ပန်းတစ်ပွင့်လည်းဖြစ်တယ်
ညကိုနေ့ပန်ဆင်းတတ်တယ်
စံပယ်နဲ့သင်းသင်းနဲ့
ပင်းကြမ်းတစ်မျိုးနှစ်မျိုးပယ်လေ့ရှိတယ်။
ကျွန်တော်နဲ့တမာ
တွေ့ဆုံမှုဟာ
ပထမဆုံးအကြိမ် မဖြစ်နိုင်တော့ပါဘူး။
နှင်းဆုံးနေတဲ့ ငါးပါးဆယ်တွေလို
ချောင်ကျကျမီးအောင်လေးလေးတစ်လုံးဟာ
ကျွန်တော်တို့နှစ်ယောက်ရဲ့ အမြဲပေါ့ပဲ။
ဒီည
မိုးရွာပြီးစ အိုက်စပ်စပ်ည
"တမာ"ဟာ
ပလူတစ်ကောင်ရဲ့ တောင်ပံတွေတပ်လာတယ်
လီမွှော်ရောင်မီးစိုးတွေ တောက်စားတယ်
မြို့ကြီးတစ်မြို့ကို ခါးစောင်းတင်မယ့်
တော်ကောင်တစ်ကောင်လည်း ပူးကပ်လာပုံရတယ်
နောက် ထူးခြားလှပတဲ့ စကားတွေဆိုတယ်။

ရှင်းလွယ်အိတ်ထဲက
လမင်းနဲ့ကြယ်ပွင့်တွေ ကျွန်မပေးပါ
ကျွန်မခေါင်းပေါ်က စံပယ်ပွင့်တွေကို ...။
ဘယ်ပဲဖြစ်ဖြစ်
ဒီညဟာ ကဗျာတစ်ပုဒ်ပါပဲ
"စန္ဒီးကိုက်" ညတွေနိုးထလာတယ်
တိမ်မည်းစန်းဆီးတွေက တလွင့်လွင့်ပေါ့
သဘောကောင်းလိုက်လေတွေ "ပြင်း"နေတယ်လေ။ ။

မောင်သင်းပန်

[ရှုမဝ]

မိုးဝေရဲ့ကဗျာ (ကျွန်ုပ်ဘယ်လိုကိုက်မလဲ)မှာ ဓာတ်လမ်းပါးပါးကို တွေ့ရမယ်။ ဒီလိုပဲမောင်သင်းပန်ရဲ့ "အဘောင်ပါးပါးနှစ်ကောင်"မှာလည်း တွေ့ရတာပဲမဟုတ်လား။ မိုးဝေးရဲ့မှာရော၊ မောင်သင်းပန်ရဲ့မှာပါ ဓာတ်ကောင်တွေပါတယ်။ ဓာတ်ကောင်တွေရဲ့ အဖြစ်အပျက်တွေပါတယ်။ တစ်နည်း ဒါဇာတ်လမ်းပဲပေါ့။ ဒါပေမဲ့ ကဗျာဆရာက ကဗျာရေးနေတာဖြစ်လေတော့ အဲဒီလို ကဗျာထဲက ဓာတ်ကောင်နဲ့ ဓာတ်လမ်းက ဝတ္ထုတိုပုံစံနဲ့နှမ်းစပ်တွေ အတိုင်းဖြစ်ချင်မှဖြစ်ပါလိမ့်မယ်။ မိုးဝေးထဲမှာရော မောင်သင်းပန်ထဲမှာပါ "ရသ"တစ်ခုစီကိုတော့ ကျွန်တော်တို့ ခံစားကြရတာပဲ မဟုတ်လား။

ဒီကဗျာနှစ်ပုဒ်မှာ ကဗျာဆရာတွေက ခံစားမှုကိုပေးတဲ့ နေရာမှာတစ်နည်း သူတို့ခံစားရတာကို ပြန်ပြောပြတဲ့နေရာမှာတော့ သူတို့ကဗျာနည်းက ဝတ္ထုတိုနည်း ဆန်နေတာကို တွေ့ရမယ်။ ဒါကို ကဗျာမှာတွေ့ရတဲ့ ဝတ္ထုတိုအငွေ့အသက်တော့ရမယ်လို့ ကျွန်တော်တို့ ယူဆချင်နေတာပါပဲ။

ဒီကနေ နည်းနည်းဆက်ပြောရမယ်ဆိုရင် ဝတ္ထုတိုဆိုတာ စကားပြေဖြစ်ပါတယ်။ သူတို့ (မိုးဝေ၊ မောင်သင်းပန်) ကဗျာနည်းက ဝတ္ထုတိုနည်းလို့ဆိုရင် ဒါဟာ စကားပြေနည်းပဲလို့ ဆိုနိုင်ပါတယ်။ ဒီမှာ သတိပြုစရာရှိတာက စကားပြေနည်းဆိုတာ စကားပြေဆန်တာကို ပြောတာမဟုတ်ပါဘူး။ ကဗျာက စကားပြေရဲ့ အာနိသင် (စကားပြေမှာ သာသာစကားကို အသုံးချပုံ၊ စကားပြေမှာ အနုပညာ အတွေ့အကြုံ)ကို ယူငင်သုံးစွဲတာကိုသာ ဆိုလိုခြင်းပဲ ဖြစ်ပါတယ်။

ဒါဟာ ကျွန်တော်တို့ ဆိုရည်းနေကျ ထနောင်းမွှေးမှူး ကဗျာကာလပေးတော့ဒီးယား ကာလမှာ ယာမငြိမ်းဆုံးပြောဖြစ်တဲ့ ဒီခေတ်ကာလထုတ် ကဗျာတွေထဲက အချက်တစ်ချက်ပါ။

နောက် ဒုတိယအချက်အနေနဲ့ ကျွန်တော်တို့ ပြောဖြစ်ကြတာက ကဗျာမှာ ခေါင်းစဉ်ရဲ့"တာ"သွားတဲ့ ကိစ္စကိုပါ။ ခေတ်ပေါ်ကဗျာမှာ ကဗျာဆရာက ကဗျာကို

ဘယ်သူလဲ
ဘယ်သူပါလဲခင်ဗျာ။
မီးခိုးရောင်ကုတ်အင်္ကျီနဲ့ တောင်တန်းကြီးတွေရယ်
အမေ့အိမ်က ရေဒီယိုလေးရယ်
သားရေမှုန်းပြီးစ ကွင်းပြင်ဝါဝါ
ကျိုင်းသံ၊ ပုစဉ်းရင်ကွဲသံ၊ မြေသွားလမ်း
ရိုးပြတ်နဲ့မြေသင်းနံ့
ကုက္ကိုတန်း…
……
ဘယ်ဘက်ရင်အုံပေါ်က ဆေးမင်ကြောင်များ
ငါ့အား လွမ်းဖို့လက်တို့ခေါ်။
လေဟာယာဉ်ရထား မစီးဖူးတဲ့မြို့ကလေးမှာ
အလိုမပြည့်မှုတွေ ပုဆိုးလိုမြဲတဲ့ကောင်တစ်ကောင်
ရှိခဲ့တယ်
မြို့သစ်တံတားကြီးပေါ် လရောင်သောက်တဲ့ ငှက်ကလေးတွေ
ရှိခဲ့တယ်
အမြို့စိမ်းညတွေရဲ့အသံ
ရှိခဲ့တယ်
ကြောင်အရူးတဲ့ကိစ္စနည်းနည်း
ရှိခဲ့တယ်
…
ရှိခဲ့တယ်
…
ရှိခဲ့တယ်
ကျေးလက်ဆေးကြိုက်တဲ့ အသားညိုညိုနဲ့မြို့ကလေး
မိုးတိမ်သေ တစ်ခင်းဆိုက်ကပ်ဖို့ဖြစ်လာခဲ့
ချစ်တယ်။
ယုံစမ်းပါ
"ချစ်လို့"
ငါ့ကိုယ်ငါ လက်ဆောင်အဖြစ်နဲ့
ဒီမြို့ကို ပြန်ခဲ့တယ်။ ။

လူငြိမ်းနိုင်
[မြားနတ်မောင်]

ခေါင်းစဉ်ပေးပုံကလည်း အရေးပါတဲ့ နည်းပညာတစ်ရပ် ဖြစ်နေပါတယ်။ ယေဘုယျ အနေနဲ့ ပြောရရင် ကဗျာတစ်ပုဒ်ဟာ ဖတ်ပြီးလို့ ဆုံးသွားရင် ခေါင်းစဉ်ဆီကို ပြန်ရောက်ရှိရတာပဲ မဟုတ်လား။ ကဗျာတစ်ပုဒ်ခံစားမှုကို ခြေရာခံဖို့ သဲလွန်စအနေနဲ့ ကဗျာရဲ့ခေါင်းစဉ်ကလည်း အရေးပါတယ်လို့ ထင်မြင်မိပါတယ်။

ဒီသဘောကို အစု (၁၉၉၉) ဒီဇင်ဘာကဗျာတွေထဲမှာ ကျွန်တော်တို့ နမူနာ ပြုပြောမိကြတဲ့ ကဗျာတွေကတော့—

**တံငါ**

လောကရဲ့ အကြွယ်ဝဆုံးခေါင်းစဉ်ဟာ
အချစ်လို့သိပါရဲ့
အကြောင်းတရားကြောင့် ငိုကြွေးရတဲ့အကျိုးတရားမှာတော့
ကိုယ်ပိုင်ခမ်းနားမှုတယ်
ထိမ်တွေရေ
ခင်ဗျားတို့ မချစ်တတ်ပါဘူး
တစ်ကမ္ဘာလုံး ခုန်အုပ်ခံရသလို လွမ်းရတဲ့သူခနဲ့
မျက်ရည်လှလှလေးပေါ် ထိုင်မှုပါစေ။
ရန်ပင်လယ်ဆိုတာ အနမ်းကိုခေါ်တာ မဟုတ်လား
နောက်တစ်နေ့တိုင်း နှုတ်ခမ်းမှာပြုံးဆဲ
နှစ်တစ်ရာစံမယ့်အေးလေ
ချိုမြရဲ့။
ကျွန်တော်တော့
ဘဝဆူပြီးဝအရွယ်က ဖမ်းခဲ့မှုတဲ့
ငါးကလေးကို
မမေ့ဘူး။ ။

နိုင်မြကျော်စွာ
[မြားနတ်မောင်]

**ချည်တိုင်**

ချစ်လို့
ငါ့ကိုယ်ငါ လက်ဆောင်အဖြစ်နဲ့
ဒီမြို့ကိုပြန်ခဲ့တယ်။
ထိမ်ရိုင်းသွင်းချိန်လေပြန်ထဲ
ငါ့ယော်မည်နာမကို တိုးမှမှခေါ်သံကြားခဲ့ရ
အလွမ်းနဲ့ဆင့်ဆိုခြင်းခံခဲ့ရ

သက်သက်ပဲလား။ ကဗျာဆရာက မြို့ကလေးကို "ချစ်လို့" ပြန်လာတာလား။ ဒီလို မဟုတ်ဘဲ ကဗျာဆရာရဲ့ မသိစိတ်ထဲမှာ စိုးမိုးနေတဲ့ (အဲဒီမြို့ကလေးမှာ နေထိုင်တဲ့) အသားညိုညိုနဲ့ ကောင်မလေးတစ်ယောက်ဟာ "ချည်တိုင်" ဖြစ်နေမလား။ သူမ ကလေးကို "ချစ်လို့" ကဗျာဆရာပြန်လာတာလို့ ဆိုရင်တော့ ဘာပဲဖြစ်ဖြစ် ခေါင်းစဉ်ကို ပြန်လည်ရောက်ရှိတဲ့၊ အတွေးလည်း ကြွယ်တဲ့ကဗျာဆိုရင် ဖတ်သူက ကျေနပ်ပီတိပွားမိကြမှာ အမှန်ပါပဲ။

ကဗျာတစ်ပုဒ်မှာ ခေါင်းစဉ်နဲ့ ကဗျာကိုယ်စာသားတွေဟာ တစ်စုံတစ်ရာ ဆက်စပ်နေဖို့လိုမလား။ ခေါင်းစဉ်က ကဗျာတစ်ပုဒ်ရဲ့ ဗဟိုချက် ဖြစ်နိုင်သလား။ ကျွန်တော်တို့ စဉ်းစားမိကြပါတယ်။ (အခု ကျွန်တော်တို့ ပြောဆိုနေတာဟာ ပို့စ်မော်ဒန် သီဝရီတွေက အဓိကထား သတ်မှတ်ယူဆကြတဲ့ ဆက်စပ်မှုမဲ့ခြင်း၊ ဗဟိုချက်မရှိခြင်းတို့နဲ့ စိုးစဉ်းမျှ မသက်ဆိုင်ပါ၊ ဤကား စကားချပ်)

အခု ကဗျာတစ်ပုဒ်ကို ဖတ်ကြည့်ပါဦး။ ခေါင်းစဉ်ကြောင့်သာလျှင် ဒီကဗျာဟာ ခံစားဖို့ အဆက်အစပ်ရှိနေပြီး အတွေးရဲ့ဗဟိုချက်ကိုလည်း သဲလွန်စပေးထားတယ်လို့ ယူဆမိပါရဲ့။ အခုလိုပါ။

**တည်နေရာ**

သတိရမိတယ်
တောင်ခြေရွာကလေးတစ်ရွာက
အတိုးနဲ့အတွားရဲ့အိမ်။
အိမ်ပတ်လက်ယာမှာ
သစ်ပင်ပေါင်း
ဟင်းသီးဟင်းရွက်ပင်တွေနဲ့
အိမ်ထောင့်ခပ်လှမ်းလှမ်းမှာ
စမ်းချောင်းကလေးတစ်ခိုင်။
အဲဒါတွေဟာ
အတိုးနဲ့အတွားရဲ့အိမ်
နယ်နိမိတ်မျဉ်းတွေပဲ။
မြေစည်းရိုးရယ်လို့
ငြမင်းခတ်ထားဖို့တုံးစံမရှိ။
ကျွန်တော်တို့ဘဝတွေကျတော့
အထူးပြုလုပ်ချက်တွေများလှတယ်။ ။

မြင့်မိုရ်
[ရှုမဝရှင်စာအုပ်]

အခုတစ်ခါ ကျွန်တော်တို့ဆက်ပြီး ပြောဖြစ်ကြတာကတော့ကဗျာရဲ့ ဖွဲ့ပုံဖွဲ့ပန်းနဲ့ ပတ်သက်လို့ အတွေး(ရုပ်ပုံ)နဲ့ အသံ (စကားသံ) ဖွဲ့ပုံအကြောင်းပါ။

ကဗျာကောင်းတစ်ပုဒ်ဆိုတာ "အတွေး+အသံ" ဒီနှစ်ခုလုံး ညီညွတ်မျှတ ဆက်စပ်ပြေပြစ်နေတဲ့ အလှတတ်ရှိရပါတယ်။ တကယ်ကတော့ ကဗျာတစ်ပုဒ် ရေးတဲ့နေရာမှာ အတွေးနဲ့အသံကို တစ်ကန့်စီ ခွဲခြားပြောရအောင်းသည် မဟုတ်ပါ။ အခု လေ့လာမှု လွယ်ကူရန်သာ၊ ထင်သာမြင်သာအောင် ကျွန်တော်တို့ ဖွဲ့နဲ့ပုံအတွေး ထူးခြား ကဗျာတစ်ပုဒ်နဲ့ ဖွဲ့နဲ့ပုံအသံထူးခြား ကဗျာတစ်ပုဒ်ဆိုပြီး တင်ပြကြည့်ပါ့မယ်။

အတွေး(ထူးခြား)နဲ့ပတ်သက်လို့ ပြောပြချင်တဲ့ ကဗျာကတော့—

**မီးသတ္တု**

နှီးတွေ အိပ်ရာကမထခင်
အမှေ့အမျှားဆွေးပဟာ
လမ်းပေါ်ဆင်းလာမယ်။
စင်ရော်တွေ အိပ်တန်းပြန်ချိန်
လင်းပိုင်တွေ လမ်းပျောက်တဲ့လှိုင်းများပေါ်
အမေက
ရွေးသားကိုလက်ထိုးလျော့လို့
သန့်နေမယ်။
တောကျိုးကန်းတွေ အုပ်ဖွဲ့ထိုးအာလို့
ဈေးလေဈေးလွှင့်များ တာစီစီ
သငိုတ်တေမျှားတာလက်လက်
ကျွန်တော်လည်း မြို့ကြီးပေါ်
ဒဏ်ရာနဲ့ အမှောတာင်စဉ်ကျ။
နံရိုကလမင်းကို
လုံလောက်စွာကာကွယ်ရင်း
သူ့တောက် သူနင်လို့။
ပုံမှန်အတိုင်း
ကျွန်တော်တို့
သီချင်းကိုယ်စီ မီးလောင်ခဲ့ကြတယ်။ ။

**ရေမိုးပြာသောက်လူ**
**[မြသနုတ်ဆောင်]**

ဒီကဗျာရဲ့အတွေးဖွဲ့ပုံကို ကျွန်တော်တို့ ဒီဇင်ဘာ ၂၀ ကဗျာကသေးတောအရိုးယားကလူတွေ နှစ်သက်မိကြပါတယ်။ ကဗျာထဲက အတွေးရုပ်ပုံတွေကို ကျွန်တော်

တို့မြင်မိကြပါတယ်။ ပြီးတော့ မီးလောင်သွားခဲ့တဲ့ သီချင်းစာရွက်နဲ့ကိုလည်း ကျွန်တော်တို့ ရမိသလိုပါပဲ။ အမှန်ကတော့ ကဗျာတစ်ပုဒ်ကို ဖတ်သူက "စိတ်နား"နဲ့ ဖတ်ပြီး အတွေးရုပ်ပုံနဲ့ ခံစားမှုအသံကို မြင်ကြရ ကြားကြရတာဆိုတော့ ကဗျာဆိုတာ "စိတ်နှင့် ကြား၍ နားဖြင့်မြင်သောအရာ" လို့တောင် တင်စားလို့ရမယ် ထင်ပါရဲ့။ ရကောင်းပါရဲ့။

အသံ (ထူးခြား)နဲ့ပတ်သက်ပြီး ပြောရမှာကတော့—

**ငါတစ်ယောက်တည်းဆိုခဲ့ရတဲ့ သံပြိုင်တေးများ**

လူသန်းကြီးလေးဦးရှိတယ်
သူတို့အိပ်ပျော်နေကြတယ်
အပြာရောင်တောင်များရဲ့ နောက်မှာကွယ်
ငါတို့သွားကြမယ်
အပြာရောင်တောင်များဟာ
သင့်လက်မောင်းထဲမှာရှိတယ်။
တွေ့အခါ မြေမှိုမြင်မှုတွေ ခေတ်မစားတော့တဲ့အခါ
လူတွေဟာ
ကိုယ့်အလုပ်ကို သည့်ထက်ပိုလုပ်တော့မယ်
ယန္တရားဘီးတွေလှည့်ပါကွယ်
သင့်လက်မောင်းထဲမှာရှိတယ်။
နေရောင်ခြည်က ပူနွေးတယ်
ဆောင်းကာလကို လွန်တော့မယ်
မီးလင်းဖိုတွေ ငြိမ်းပေါ့ကွယ်
တင့်သားတွေ လာတော့မယ်
ခေါင်းလောင်းများကို တီးပေါ့ကွယ်။ ။

**နေမျိုး**
**[မဟေသီ]**

ဒီကဗျာဟာ ကဗျာဆရာက "သံပြိုင်တေး"ရယ်လို့ ခေါင်းစဉ်ပြုထားတာနဲ့ လိုက်ဖက်အောင်ကို "တေး"ဆန်တဲ့အသံကို ရပါတယ်။ ပါဒအဆုံးသံများဟာ ကဗျာတစ်ပုဒ်လုံး ၁၆ ပါဒရှိရာမှာ "အယ်"သရသံ (တယ်၊ ကွယ်၊ မယ် စသည်)က ၁၃ နေရာ၊ (ဟာ၊ ခါ စသည်) က ၃ နေရာ၊ သူ့နေရာနဲ့သူ ညီညွတ်ပြေပြစ်နေတာကို စိတ်နားက ကြားရမှာပါပဲ။ အဲဒီ "အယ်"နဲ့ "အာ" သရသံများဟာ "သံပြေ-သံလွင်-သံရှည်"တွေ ဖြစ်ကြပါတယ်။ "မကြာ"ကို လိုသလို ဆန့်လို့ရတဲ့ အသံတွေလည်း ဖြစ်ပါတယ်။ အသံ "အစွန့်"ရှည်တယ်လို့ ပြောရမယ်။ ဒါဟာ တေးဆန်တာပဲပေါ့။ (၃ ကြော အသောက်ကို ဖျူတာပေါက်တယ်၊ တေးအရွဲ့ ဖြစ်သွားတယ်ဆိုပါတယ်)

"သံပြိုင်ဖေား"လို့ ခေါင်းစဉ်တပ်ထားတဲ့ ကဗျာကို စေားပာန်ပေါက်အောင်၊ စေးသိ ဘက်ရောက်အောင် မွဲ့နိုင်တဲ့အသံ။ အဓိပ္ပာယ်ကို ပုံပေါ်အောင် ဖော်နိုင်တဲ့အသံ။ ဒါပေမဲ့ ဒီအသံက "သံပြိုင်ဖေား"ဆိုပေတယ်လို့ ရည်ညွှန်းပြိုင်ဟည်းလို့တော့ မဆနပါဘူး။ အဲဒီလို မရေမည်ပဲ မပြိုင်မဟာည်းတာကိုကပဲ ဒီကဗျာရဲ့ အသံထူးခြားချက် ဖြစ်နေပြန်ပါ ရောလား။ ဘာကြောင့်ပါလဲ။ ခေါင်းစဉ်ကို ပြန်ကြည့်ပါ။ "ငါ တစ်ယောက်တည်း ဆိုခဲ့ရတဲ့"တဲ့။ တစ်ယောက်တည်းဆိုရလေတော့ တစ်ယောက်တည်း အတိုင်းအတာနဲ့ ပဲ"ပြိုင်"ရတဲ့ သံပြိုင်ဖေားပေါ့။

အဲဒီလို ကဗျာတစ်ပုဒ်မှာ အဓိပ္ပာယ် (ရုပ်ပုံ) + အသံ (စကားသံ)အစီ အရင် ကောင်းလိုအပ်တယ်ဆိုတာကို သတိပြုမိကြတဲ့ ကျွန်တော်တို့ဒီဇင်ဘာ ၂၀ ကေ နှစ်သက်မိကြသေးတဲ့ နောက်ထပ်ကဗျာတစ်ပုဒ်။ အခုလိုပါ။

**ထုံ့ပုန်း**

မိုးမခေါ်ရဲတဲ့ မားကလေး
တွေ့ခြောက်အက်ကွဲမြေလွှာပေါ်
သိုသိုသိပ်သိပ် မွန်ုနွေ
စုစည်းသိမ်းထုပ်ရင်း
ပွဲတင်နံ့ရဲ့ စေးနေရတုန်း၊
ကြေဝေ့လွှာရယ်
စိတ်နဲ့မဆုံတော့
ပီတောက်တွေ ဘယ်လိုမွှင့်တယ်ဆိုတာ
နားမစွင့်ရဲဘူး။ ။

**ရန်လင်းအောင်**
**[ရှုပ်ရှင်စေားကဗျာ]**

ဒီကဗျာမှာ အဓိပ္ပာယ်ရုပ်က ထင်လင်းတယ်။ မားကလေး၊ မြေလွှာ၊ နံ့ရဲ၊ ကြေဝေ့လွှာ၊ စိတ်(နှလုံး)၊ ပီတောက်၊ နား။ အသံရုပ်နဲ့ ပတ်သက်တာက မွန်ုနံ့၊ ပွဲတင် (သံ)။ ထုံ့ပုန်းသမား (အံ့ပုန်းချစ်လို့ပဲဆိုပါတော့) ရဲ့ အဖြစ်မှာ မွန်ုနံ့ မရှုတ်ရဲဘူး။ ပွဲတင်သံတွေ ပြန်မကြားရဘူး (အသံတွေကို) နားမစွင့်ရဲဘူး။ (ပီတောက်မွှင့်တာကို မကြည့်ရဲဘူး) "မိုးမခေါ်ရဲတဲ့"နဲ့ "တွေ့ခြောက်အက်ကွဲ"ဆိုတာရယ်။ "ပီတောက်တွေ ဘယ်လိုမွှင့်" ဆိုတာရယ်တွေကို ဖြေရှာတောက်ကြည့်တော့ ဆိုပါတော့ဗျာ၊ သင်္ကြန်မိုး ရေတွေ ရိုစိုပြီး ပီတောက်ပန်းတွေနဲ့ လှပနေတဲ့ ကောင်မလေးတစ်ယောက်ကို ချစ်နေတဲ့အကြောင်း ဖွင့်မပြောရဲဘဲ သက်ပြင်းတွေသာ အခါခါချနေရတဲ့ လူငယ်လေး တစ်ယောက်ရဲ့ ဖြစ်အင်မျိုးကို ကျွန်တော်တို့ မြင်ယောင်စံစားခွင့်ရှိပါသလား ကဗျာဆရာ ရန်လင်းအောင်ခင်ဗျား။

ကျွန်တော်တို့ ခံစားမှုများရင် ခွင့်လွှတ်ပါ။

## နောက်ဆက်တွဲ

ယခုဆောင်းပါးတွင် တစ်ပါတည်း တစ်ဆက်တည်း ပြောဆိုနိုင်ရမည့် အချက်နှစ်ချက်ရှိနေပါသည်။

ပထမအချက်မှာ ယခုလ (၁၉၉၉ ဒီဇင်ဘာ) ကဗျာများထဲက ကျွန်တော်တို့ ဒီဇင်ဘာ ၂၀ ကဗျာဖတ်သူများ၏ အကြိုက်ဆုံးကဗျာကို ဖော်ပြရန်ဖြစ်ပြီး၊ ဒုတိယ အချက်မှာ လစဉ် (၁၉၉၉) ဇန်နဝါရီမှ ဒီဇင်ဘာအထိ ကျွန်တော်တို့ ဒီဇင်ဘာ ၂၀ ကဗျာဖတ်သူများက အကြိုက်ဆုံးအဖြစ် ဖော်ပြခဲ့သော ကဗျာ(၁၂)ပုဒ်ထဲမှ တစ်နှစ်လုံး အတွက် အကြိုက်ဆုံးအဖြစ်ဆုံးကဗျာကို မှတ်တမ်းပြု ဖော်ပြခဲ့ရန် ဖြစ်ပါသည်။

(က) ယခုလ (၁၉၉၉ ဒီဇင်ဘာ)အတွက် ကျွန်တော်တို့ အကြိုက်ဆုံးကဗျာမှာ ရန်လင်းအောင်၏ **"အုံ့ပုန်း"** (ရုပ်ရှင်တေးကဗျာ) ဖြစ်ပါသည်။

(ခ) တစ်နှစ်တာလုံး (၁၉၉၉ ဇန်နဝါရီမှ ဒီဇင်ဘာအထိ) တစ်လချင်း ကျွန်တော်တို့အကြိုက်ဆုံး ကဗျာများစာရင်း။

| | | | | |
|---|---|---|---|---|
| ၁။ | ဇန်နဝါရီ | တင်ညွန့်မြင့် (သာစည်) | မိုးနိုတဲ့မိုး | ရုပ်ရှင်တေးကဗျာ |
| ၂။ | ဖေဖော်ဝါရီ | စည်သူငြိမ်း | ဆောင်းပတိတ်ချောင်း | နွယ်နီ |
| ၃။ | မတ် | ခင်ခင်မြင့် | ဟန်ကြည့်တောင် | မြားနတ်မောင် |
| ၄။ | ဧပြီ | မောင်သင်းပန် | နောက်ဆက်တွဲ ပီဘောက် | ကလျာ |
| ၅။ | မေ | ပိုင်ချို | တောအုပ် | ရုပ်ရှင်တေးကဗျာ |
| ၆။ | ဇွန် | ပိုင် | ပုခက် | ရုပ်ရှင်တေးကဗျာ |
| ၇။ | ဇူလိုင် | ကောက်နွယ်ကလေးမောင် | နှစ်ငါးဆယ် | မဟေသီ |
| ၈။ | ဩဂုတ် | မောင်ပြည့်မင်း | လူ့အိုးတစ်ယောက်ရဲ့ ညနေ | ဟန်သစ် |
| ၉။ | စက်တင်ဘာ | အောင်နိုင်မြတ် | ကမ္ဘာ | ရန့်သစ် |
| ၁၀။ | အောက်တိုဘာ | လေးဓါင် | ဥဒါန်း | ရန့်သစ် |
| ၁၁။ | နိုဝင်ဘာ | မောင်ချောနွယ် | ကိုက်လမ်း | မြားနတ်မောင် |
| ၁၂။ | ဒီဇင်ဘာ | ရန်လင်းအောင် | အုံ့ပုန်း | ရုပ်ရှင်တေးကဗျာ |

ဖော်ပြပါ ကဗျာများအားလုံးသည် ဂျွန်ကောင်တို့ ဒီဇင်ဘာ ၂၀ ကဗျာဖတ်သူများ၏ လအလိုက် အကြိုက်ဆုံးကဗျာများ **(Poetry of the month)** ဖြစ်ပါသည်။ ထိုအထဲမှ (၁၉၉၉) တစ်နှစ်တာလုံးအတွက် အကြိုက်ဆုံးကဗျာ **(Poetry of the year)**မှာ မောင်ချောနွယ် "ကိုက်သေမိန်" (မြားနတ်မောင်၊ နိုဝင်ဘာ) ဖြစ်ပါကြောင်း။

*